မြန်မာနိုင်ငံရှေ့နေများကောင်စီ

# အခြေခံဥပဒေရေးရာစာစောင်

# Journal of CONSTITUTIONAL AFFAIRS

No. 3, July 1995


- အခြေခံဥပဒေမိတ်ဆက်
- အခြေခံဥပဒေကို ဖော်ညွှန်းသော "တို့ပြည်ထောင်စု မြန်မာနိုင်ငံ" စာအုပ်နှင့် ရှစ်လေးလုံး လူထုအုံကြွမှု
- ဝန်ကြီးချုပ်ဦးဆောင်သော ပါလီမန်အစိုးရစနစ်နှင့် သမ္မတဦးဆောင်သော အစိုးရစနစ်ဖွဲ့စည်းမှုပုံစံတို့ကိုလေ့ လာခြင်း
- မာနယ်ပလောကျဆုံးခြင်းနှင့် လူထု၏နိုင်ငံရေးအသိ
- မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် အခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီ (အနာဂတ်) ဖက်ဒ ရယ်ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲခြင်းနှင့်ပါတ်သက်၍ နောက်ခံသမိုင်း ကြောင်းအား အစီရင်ခံတင်ပြခြင်း
- ပါလီမန်
- JUSTIC AND LAW IN BURMA


အမှတ်စဉ် (၃) - ၁၉၉၅ ခုနှစ် ဇူလိုင်လ

မြန်မာနိုင်ငံရှေ့နေများကောင်စီ
P.O. Box 29 Huamark Post Office, Bangkok 10243, Thailand
E-mail <blcsan@ksc.th.com>

အခြေခံဥပဒေရေးရာစာစောင်၊ အမှတ်စဉ် (၃) ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ

# မာတိကာ


- အခြေခံဥပဒေမိတ်ဆက် ၁
- အခြေခံဥပဒေကို ဖော်ညွှန်းသော "တို့ပြည်ထောင်စု မြန်မာနိုင်ငံ" စာအုပ်နှင့် ရှစ်လေးလုံး လူထုအုံကြွမှု ၁၅
- ဝန်ကြီးချုပ်ဦးဆောင်သော ပါလီမန်အစိုးရစနစ်နှင့် သမ္မတဦးဆောင်သော အစိုးရစနစ်ဖွဲ့စည်းမှုပုံစံတို့ကိုလေ့ လာခြင်း ၃၀
- မာနယ်ပလောကျဆုံးခြင်းနှင့် လူထု၏နိုင်ငံရေးအသိ ၄၂
- မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် အခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီ (အနာဂတ်) ဖက်ဒ ရယ်ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲခြင်းနှင့်ပါတ်သက်၍ နောက်ခံသမိုင်း ကြောင်းအား အစီရင်ခံတင်ပြခြင်း ၅၀
- ပါလီမန် ၅၉
- JUSTIC AND LAW IN BURMA ၇၀


ထုတ်ဝေဖြန့်ချိ – မြန်မာနိုင်ငံရှေ့နေများကောင်စီ
မူပိုင် – မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် စာမူရှင်များ
မျက်နှာဖုံးဒီဇိုင်း – ဘမောင်ဇင်
ကွန်ပြူတာစာစီ – ဝင်းမော်ဦး

ပညာပေးရေးအတွက် ထပ်ဆင့် ကူးယူဖြန့်ချိမှုများကို အားပေးသည်။

# အခြေခံဥပဒေမိတ်ဆက်

## (က) နိဒါန်း

ဥပဒေဟူသော စကားလုံးအသုံးအနှုန်းကိုကြားရရုံဖြင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူလူထုသည် ထိတ်လန့်ကြောက်ရွံ့သည့်သဘော၊ မကိုင်တွယ်ရဲ မထိတွေ့ရဲသည့်သဘော ခံစားနားလည်နေကြသည်။ မိမိတို့နှင့် မသက်ဆိုင်သလို မပါတ်သက်ချင်သလို ရှိကြသည်။ အမှန်စင်စစ်အားဖြင့် ယင်းသို့ဖြစ်ရခြင်းမှာ လူထု၏ အပြစ်ကြောင့်တော့မဟုတ်ပါ။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်း ဆယ်စုနှစ်ပေါင်းများစွာအတွင်း ဥပဒေရေးရာနှင့် စပ်လျဉ်း၍ လက်တွေ့ကိုင်တွယ် ကျင့်သုံးခွင့်ရသူများ၏ အားနည်းချက်ကြောင့်လည်းကောင်း၊ လူထုကို ဥပဒေရေးရာ အသိပညာ **(Legal Knowledge)** ပြန့်ဝေမှုအားနည်းသောကြောင့်လည်းကောင်း၊ လူထုကို လွှမ်းမိုးအုပ်ချုပ်ခွင့်ရသူတချို့ (အထူးသဖြင့် စစ်အာဏာရှင်စနစ်အောက်တွင် စစ်အာဏာရှင်များ) က မိမိတို့အာဏာတည်မြဲရေးနှင့် မိမိတို့အကျိုးစီးပွားအတွက် ဥပဒေများကို ကိရိယာသဖွယ် အသုံးချခဲ့ခြင်းကြောင့်လည်းကောင်း ယင်းကဲ့သို့ဖြစ်ရခြင်း ဖြစ်ပေသည်။

လူထု၏နေ့စဉ်ဘဝတွင် ဖြတ်သန်းထိတွေ့နေရသော ဥပဒေများစုမှာ အုပ်ချုပ်သူများဘက်မှ တနည်းအားဖြင့်အုပ်ချုပ်ရေးရှုထောင့်မှနေ၍ ပြည်သူတစ်ရပ်လုံး လေးစားလိုက်နာ စောင့်ထိန်းကြရန် ပြဋ္ဌာန်းထား သောဥပဒေများဖြစ်သည်။ ထို့ကြောင့် ဥပဒေကို ထုထုက ထိန့်လန့်ကြောက်ရွံ့စရာအဖြစ် သဘောထားကြသည်။ ယင်းနှင့် ဆန့်ကျင်စွာပင် ‘အခြေခံဥပဒေ’ ဟူသည်မှာမူ ပြည်သူလူထု၏ ရသင့်ရထိုက်သည့် အခွင့်အရေးများကို အဓိကအားဖြင့် ပြဋ္ဌာန်းပေးသော ဥပဒေဖြစ်သည်။ ထုထုကို လွှမ်းမိုးအုပ်ချုပ်သည့် အုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်ကို

အတိအလင်းကန့်သတ်ပြဋ္ဌာန်းပေးသော ဥပဒေဖြစ်သည်။ သို့ဖြစ်၍ လူထုအနေဖြင့် မိမိတို့ရသင့်ရထိုက်သော အခွင့်အရေးများ အခြေခံဥပဒေ၌ အပြည့်အဝထည့်သွင်းရေးဆွဲနိုင်ရေးအတွက် လှုပ်ရှားမှုတိုက်ပွဲဝင်ရန်လိုအပ်သည်။ ယင်းသို့ လုပ်ဆောင်ခြင်းမပြုလျှင် အာဏာပိုင်များ၏ ထိန်းချုပ်မှုကိုခံရကာ လူထုရသင့်ရထိုက်သည့် အခွင့်အရေးများ ဆုံးရှုံးရသည်မှာ ကေန်မုချဖြစ်သည်။

သို့ဖြစ်၍ အခြေခံဥပဒေဟူသည်ကို မည်သည့်အရာမှန်း ကောင်းမွန်စွာ သဘောပေါက်ခြင်းမရှိသေးသော သာမန်ပြည်သူများ ဖတ်ရှုလေ့လာနိုင်ရန် ဦးတည်၍ လည်းကောင်း၊ လွတ်မြောက်နယ်မြေများ၌ ကျင်းပပြုလုပ်သွားမည့် အခြေခံဥပဒေဆိုင်ရာ နှီးနှောဖလှယ်ပွဲများတွင် အခြေခံဥပဒေမိတ်ဆက်အနေဖြင့် လေ့လာဆွေးနွေးခွင့်ရစေရန်လည်းကောင်း၊ ရည်ရွယ်ကာ အနာဂတ်ဖယ်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီအနေဖြင့် အဓိကကျသော အချက်များကို အကျဉ်းချုပ် စုပေါင်းတင်ပြလိုက်ရပါသည်။

(ခ) လူထု၏ပျော်ရွှင်မှု၊ လူ့အဖွဲ့အစည်းနှင့် အခြေခံဥပဒေ

လူသည် တဦးတယောက်တည်းနေထိုင်ရန် လက်တွေ့အရ မဖြစ်နိုင်ဘဲ လူအများစုနှင့်ပေါင်း၍ လူ့အသိုင်းအဝန်းအဖွဲ့အစည်းတွင် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် အသက်ရှင်နေထိုင်ကြရပါသည်။ ယင်းသို့နေထိုင်ရာ၌ လူ၏ရောင့်ရဲတင်းတိမ်မှု၊ ပျော်ရွှင်ချမ်းမြေ့မှုများ ရရှိခံစားနိုင်ရန် အောက်ပါအချက်အလက်များနှင့် ပြည့်စုံရမည်ဟု ဆိုရိုးရှိကြပါသည်။

(၁) မိသားစုလုံခြုံရေး (security of family)
(၂) နေထိုင်၊ စားသောက်၊ သွားလာမှုဆိုင်ရာ စီးပွားရေးများ ကောင်းမွန်ပြေလည်စေရေး (Economic well-being)
(၃) မိမိပစ္စည်းများကို မိမိပိုင်ဆိုင်မှုဖြင့် ခံစားနိုင်ရေး (Sense of belonging)
(၄) မိမိ၏ ကာယ၊ ဉာဏ်စွမ်းအားများကို အသိအမှတ်ပြုခံရရေး၊ (Recognition of manual and mental labour)
(၅) မိမိဘဝ ရှင်သန်နေထိုင်ရေးအတွက် မိမိဖာသာ ဖန်တီးနိုင်ရေး၊ (Control over onces life)

အထူးသဖြင့် လူတဦးတယောက်သည် တရားဥပဒေဘောင်အတွင်း၌ လူ့ဂုဏ်သိက္ခာရှိစွာ မိမိချစ်ခင်မြတ်နိုးသော မိသားစုအသိုင်းအဝိုင်းတွင် ငြိမ်းချမ်းတည်ကြည်စွာ အသက်ရှင်နေထိုင်နေရပါသည်။ မိသားစုဟူသည် လူ့အဖွဲ့အစည်း၏ အခြေခံပင်ဖြစ်သည်။ မိသားစု ပျော်ရွှင်ရောင့်ရဲမှုရှိမှ ၎င်းတို့ပါဝင်လုပ်ရှား ဆက်ဆံကြသည့် လူ့ဘောင်ဘဝတခုလုံး

ပျော်ရွှင်ရောင့်ရဲမှုရှိပြီး တိုင်းပြည်တပြည်လုံးတွင် ပျော်ရွှင်ရောင့်ရဲမှု ရှိမည်ဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်း၌ မိသားစုတခုနှင့်တခု လူ့အလွှာတစ်ရပ်နှင့်တရပ်၊ တိုင်းရင်းသား လူမျိုးတမျိုးနှင့် တခြားတမျိုးတို့ ငြိမ်းချမ်း ညီညွတ်မျှတပျော်ရွှင်စွာ နေထိုင်နိုင်ကြရန် သက်ဆိုင်ရာနိုင်ငံအတွင်းရှိ မိသားစုအားလုံး၊ လူ့အလွှာအားလုံး၊ လူမျိုးအားလုံး၊ ရသင့်ရထိုက်သော အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ပေးရန်နှင့် အခြေခံဥပဒေ၏ စိုးမိုးမှုအောက်တွင် ငြိမ်းချမ်းတည်ငြိမ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်နိုင်စေရန် အခြေခံဥပဒေမှာ နိုင်ငံသားတိုင်းအတွက် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်လာပါသည်။

(ဂ) အခြေခံဥပဒေဆိုတာဘာလဲ

နိုင်ငံရေးပညာရှင် စထရောင် (Strong) က ဤသို့ ဖွင့်ဆိုသည်။

"ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည်မှာ အစိုးရအာဏာများနှင့် ပြည်သူလူထု၏ ခံစားပိုင်ခွင့်များကို စုစည်းဖော်ပြထားသောအစိုးရနှင့် ပြည်သူများအကြား ဆက်ဆံရေးပြေပြစ်ချောမောစေရန် ညှိနှိုင်းသတ်မှတ်ထားသော မူများဖြစ်သည်။"

တဖန်နိုင်ငံရေးပညာရှင်များဖြစ်ကြသည့် ဒရာဂ်နစ်ချ် (Drugnich) ဂရေဟင်မ် (Grahamg) ရာစ်မူဆင်ကို (Russmussen) နှင့် ဆုရုတာနီ (Esurutani) တို့ကလည်း အခြေခံဥပဒေကို ယခုလို အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

"အခြေခံဥပဒေကို သမိုင်းကြောင်းအရ ရှုမြင်သုံးသပ်မည်ဆိုပါက အခြေခံဥပဒေသည် အစိုးရကိုထိန်း ချုပ်ပြီး၊ နိုင်ငံသားများ၏အခွင့်အရေးကို အကာအကွယ်ပေးသည့် ကိရိယာပင်ဖြစ်သည်။ ထို့အပြင် အစိုးရအား အပ်နှင်းထားသည့် အာဏာများကို အလွဲသုံးစားမပြုရန် ကာကွယ်ထားသည့် ပြဋ္ဌာန်းချက်များရှိသည်" ဟုဆို ပါသည်။

(ဃ) ဘယ်လိုပေါ်ပေါက်လာတဲ့ အခြေခံဥပဒေဟာ ရေရှည်တည်တံ့ခိုင်မြဲသလဲ

ရေးဆွဲပြဋ္ဌာန်းထားသော အခြေခံဥပဒေ (Written constitution) များအနက် နိုင်ငံအာဏာကို ချုပ်ကိုင်လွှမ်းမိုးခွင့်ရသူများကသော်လည်းကောင်း၊ အာဏာရှင်များကသော်လည်းကောင်း၊ ၎င်းတို့လိုလားသော အချက်အလက်များကို လမ်းကြောင်းချပေးပြီး ပညာရှင်များကို စုစည်း၍ရေးသားစေဖြင်းဖြင့် ပေါ်ပေါက်လာသော အခြေခံဥပဒေမျိုးမှာ ရေရှည်တည်တံ့ခိုင်မြဲမှု မရှိပေ။

အကြောင်းမှာ အခြေခံဥပဒေ ပေါ်ပေါက်လာမှုဖြစ်စဉ်သည် လူထု၏ စစ်မှန်သောဆန္ဒ၊ တနည်းအားဖြင့် အောက်ခြေလူထုဖြစ်ချင်သည်တို့ကို အခြေခံ၍

အောက်မှအထက်သို့ ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ အထက်အုပ် စိုးသူတို့ဖြစ်ချင်သော ဆန္ဒကိုအခြေခံ၍ အထက်မှအောက်သို့ သက်ဆင်းလာခဲ့သောကြောင့်ဖြစ်သည်။

ကမ္ဘာပေါ်တွင် နှစ်ပေါင်းနှစ်ရာကျော် သက်တမ်းအရှည်ဆုံးအဖြစ် နာမည်ကျော်ကြားသော အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လူထု ဆန္ဒကိုအခြေခံ၍ လူထုဖြစ်ချင်သော ဆန္ဒကိုစုစည်းကာ ဥပဒေ စကားလုံးအဖြစ်သို့ စီစဉ်ပြောင်းလဲပြီး အောက်မှအထက်သို့တက်သောလမ်းကြောင်းဖြင့် ပေါ်ပေါက်လာသည့် အခြေခံဥပဒေဖြစ်သည်။ သာဓကအားဖြင့် အမေရိကန်ပြည်ထောင်စုကို စတင်တည်ထောင်ခဲ့သော နှစ်ကာလများက တိုးတက်သောစက်မှုနိုင်ငံ မဟုတ်သေးဘဲ လယ်ယာစိုက်ပျိုးရေး နိုင်ငံတနိုင်ငံသာဖြစ်သည်။ ပထဝီအနေအထားအရ အလွန်ကျယ်ဝန်းသော နယ်မြေကြီးများတွင် နယ်သစ်ရှာဖွေ၍ လယ်သမားများအဖြစ် အခြေစိုက်နေထိုင်ကာ အသက်မွေးမြူကြသည်။ သို့ဖြစ်၍ ၎င်းတို့နေထိုင်စားသောက်သော မြေယာများ၏ ပိုင်ဆိုင်မှုကို ဥပဒေအရ တရားဝင်မှုအဖြစ်ရယူလိုကြသည်။ တဖန် အလွန်ကျယ်ဝန်းသောနယ်မြေအတွင်း၌ လယ်သမားမိသားစုများအနေဖြင့် ဟိုနေရာတစု ဒီနေရာတစု စသည်ဖြင့် အခြေစိုက်နေထိုင်ကြရခြင်းကြောင့် မိမိတို့မိသားစုလုံခြုံရေးနှင့် သူခိုးဓားပြ ဘေးအန္တရာယ်တို့မှ ခုခံကာကွယ်နိုင်ရန်အတွက် လက်နက်များကို တရားဝင်ကိုင်ဆောင်လိုကြသည်။ တောင်ပိုင်းသား စိုက်ပျိုးရေးသမားများသည် မြောက်ပိုင်ပြည်နယ်နှင့်ဥရောပသို့ ဆေးရွက်ကြီးများ တင်ပို့ခြင်းအားဖြင့် ဝင်ငွေအမြောက်အမြား ရရှိနေကြသည်။ သို့ဖြစ်၍ ဥရောပသို့ ပို့ကုန်ပစ္စည်းများအပေါ် ဗဟိုအစိုးရက အခွန်ကောက်ခံလျှင် ပြည်ပမှဝယ်ယူသူများအနေဖြင့် တောင်ပိုင်းမှဆေး ရွက်ကြီးများအတွက် ဈေးနှုန်းကောက်ခံလျှင် ပြည်ပမှဝယ်ယူသူများအနေဖြင့် တောင်ပိုင်းမှ ဆေးရွက်ကြီးများအတွက် ဈေးနှုန်းမြင့်မြင့်ပေးကြရမည်ဖြစ်သည်။ ယင်းသို့ ဈေးနှုန်းမြင့်လာခြင်းကြောင့် ဖောက်သည်များဆုံးရှုံးသွားမည်ကို စိုက်ပျိုးရေးသမားများက စိုးရိမ်ကြသည်။ သို့အခြေခံဥပဒေဆိုင်ရာ ညီလာခံကြီးတရပ်ကျင်းပပြီးပြည် ထောင်စုကြီး တည်ဆောက်မည်ပြုသောအခါ သက်ဆိုင်ရာပြည်သူပြည်သားများသည် မြေယာ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မိမိတို့ဘာဖြစ်ချင်သည်၊ လက်နက်ကိုင်ဆောင်ရွက်ခွင့်နှင့် ပတ်သက်၍ မိမိတို့ဖြစ်ချင်သည်များအနက် တူညီသောဆန္ဒသဘောများကို စုစည်းကာ မိမိတို့အထဲမှ ကိုယ်စားပြုသူတဦးရွေးချယ်ပြီး အခြေခံဥပဒေဆိုင်ရာ ညီလာခံသို့ တက်ရောက်ဆွေးနွေးတင်ပြစေသည်။ ပြည်နယ်တိုင်းမှ ယင်းသို့သော တင်ပြချက်များကို စုစည်းကာ ဥပဒေစကားလုံးများအဖြစ်သို့ စီစဉ်ပြောင်းလဲ၍ ပြည်ထောင်စုကြီးတခုလုံး လိုက်နာသည့် အခြေခံဥပဒေ ပေါက်ဖွားလာခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးများ ကြေညာစာတမ်း အပိုဒ် (၂၁) တွင် the will of that people shall be the basis of the government ပြည်သူလူထု၏ ဆန္ဒသည် အစိုးရဖွဲ့စည်းမှု၏ အခြေခံဖြစ်စေရမည်ဟူ၍ ပြဋ္ဌာန်းထားသည်။ ပြည်သူလူထု၏ ဆန္ဒကိုရည်စူး၍ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်များက

ညှိနှိုင်းဆွေးနွေးကာ အခြေခံဥပဒေတရပ်ကို မွေးဖွားပေါ်ပေါက် လာစေခြင်းသည် စစ်မှန်သော လမ်းကြောင်းဖြစ်သည်။ ယင်းလမ်းကြောင်းဖြင့် ပေါ်ပေါက် လာသော အခြေခံဥပဒေမျိုးမှသာ တရားဝင်မည့်အပြင် ရေရှည်လည်းတည်တံ့ခိုင်မြဲမည် ဖြစ်သည်။

ယင်းနှင့်ဆန့်ကျင်စွာပင် သက်ဆိုင်ရာနိုင်ငံ၌ လွှမ်းမိုးအုပ်ချုပ်ခွင့်ရသူများ (သို့မဟုတ်) အာဏာရှင်တစု၏ဆန္ဒကို အခြေခံ၍ ၎င်းတို့စိတ်ကြိုက် ရွေးချယ်စေလွှတ် လိုက်သော ပုဂ္ဂိုလ်များက မွေးဖွားပေါ်ပေါက်လာစေသော အခြေခံဥပဒေမျိုးသည် တရားဝင်မဟုတ်သည်သာမက ရေရှည်လည်းတည်တံ့ခိုင်မြဲမှု မရှိနိုင်ပေ။ ယင်းကဲ့ သို့သော ဥပဒေမျိုးသည် ပြည်သူလူထု လူနေမှုဘဝအတွက် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ တိုးတက်ဖွံ့ဖြိုးမှုတို့ကို ဖော်ဆောင်ပေးနိုင်မည် မဟုတ်သည့်အပြင် စစ်မှန်သော ပြည်တွင်း ငြိမ်းချမ်းရေးကိုလည်း တည်ဆောက်နိုင်လိမ့်မည် မဟုတ်ချေ။

(င) အခြေခံဥပဒေ၌ သတိပြုသင့်သည့်အချက်

အခြေခံဥပဒေတရပ်လုံး၌ ပြဋ္ဌာန်းပါရှိသော အခန်းများ၊ ပုဒ်မများ၊ ပုဒ်မခွဲများနှင့် အကြောင်းအရာအားလုံးကို သတိချပ်၍ လေ့လာသုံးသပ်ရမည်ဖြစ်သော်လည်း ထိုအထဲတွင် ပို၍အလေးထားလေ့လာသုံးသပ်ရမည့် အကြောင်းအရာများ ပါဝင်နေသည်။ အချို့သောပုဒ်မများနှင့် ပြဋ္ဌာန်းချက်များသည် နိုင်ငံရေးစနစ်တခုလုံး နှင့်သော် လည်းကောင်း၊ နိုင်ငံသားများ၏ လွတ်လပ်မှု အခွင့်အရေးများနှင့်သော်လည်းကောင်း တိုက်ရိုက်ဆက်စပ်နေသဖြင့် အဆိုပါပြဋ္ဌာန်းချက်များနှင့်ပတ်သက်လာလျှင် အထူး ဂရုပြုလေ့လာမှု၊ သုံးသပ်မှုပြုရပေမည်။ အခြေခံဥပဒေကို အတည်ပြုရာတွင် အဆိုပါပြဋ္ဌာန်းချက်များကို အမှုမဲ့အမှတ်မဲ့ဖြင့် အလွယ်တကူ အတည်ပြုပေးခဲ့ခြင်း ကြောင့်နောင်ရေရှည်၌ နိုင်ငံအတွင်း ပြဿနာမျိုးစုံကို ဖြစ်ပေါ်နိုင်စေပါသည်။

၁။ နိုင်ငံတော်အင်အားစုဖွဲ့မှု။

(STATE FORMATION)

၂။ နိုင်ငံတော်အစိုးရအမျိုးအစား။

(TYPE OF NATIONAL GOVERNMENT)

၃။ နိုင်ငံရေးလိုအပ်ချက်နှင့်ကိုက်ညီမည့် ပါလီမန်ဖွဲ့စည်းမှု။

(PARLIAMENT COMPOSITION)

၄။ အခြေခံလွတ်လပ်မှုအခွင့်အရေးများ။

(CITIZEN FUNDAMENTAL RIGHT)

၁။ နိုင်ငံတော်အင်အားအားဖွဲ့မှု။

နိုင်ငတော်အစိုး အုပ်ချုပ်ရေးချမှတ်နိုင်ရန်အတွက် နိုင်ငံကို ပထဝီအနေအထား အရပိုင်ခြားသတ်မှတ်ကာ စုဖွဲ့မှုပြုလုပ်ထားခြင်းကို ဆိုပါသည်။ နှိုင်းယှဉ်လေ့လာစရာ နိုင်ငံဖွဲ့စည်း

မှုပုံစံနှစ်မျိုးမှ တပြည်ထောင်စုစနစ်နိုင်ငံ (UNITARY STATE) နှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်နိုင်ငံ (FEDERAL STATE) တို့ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၏ နိုင်ငံရေးကျောထောက်နောက်ခံ အခြေအနေအရ သင့်လျော်ရာပုံစံတမျိုးကို ရွေးချယ်ကျင့်သုံးသည်။ လူမျိုးရေးအရသော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း၊ ယေဘုယျအားဖြင့် တူညီကြသော လူမျိုးများသာ နေထိုင်မှုပြုလျှင် အများအားဖြင့် တပြည်ထောင်စနစ်နိုင်ငံဖွဲ့စည်းမှုကို ရွေးချယ်ကြသည်။ ဥပမာ ဂျပန်၊ ပြင်သစ်၊ ဆွီဒင်၊ ဒိန်းမန်၊ ထိုင်းအစရှိသော နိုင်ငံများဖြစ်သည်။ ပထဝီ အနေအထားအရ ပြန့်ကြဲခြင်းနှင့် ကြီးမားကျယ်ပြန့်ခြင်းတို့သည် အကြောင်းအရာတခု ဖြစ်နိုင်သော်လည်း အများအားဖြင့် အတူညီကွဲပြားသော လူမျိုးများစုပေါင်းနေထိုင်သော နိုင်ငံဖြစ်လျှင် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ စုဖွဲ့မှုကိုကျင့်သုံးကြသည်။ ထိုသို့စုပေါင်း ဖွဲ့စည်းခြင်းဖြင့် နိုင်ငံတော်၏ အာဏာ အရပ်ရပ်ကို မတူညီကွဲပြားသော လူမျိုးများ အချင်းချင်းအကြား ခွဲဝေကျင့်သုံးအုပ်ချုပ်ခြင်းဖြင့် သက်ဆိုင်ရာလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်နိုင်သည်။ ဥပမာ ဆွစ်ဇလန်၊ အိန္ဒိယ၊ ကနေဒါနိုင်ငံကဲ့သို့သော နိုင်ငံများဖြစ်သည်။ တပြည်ထောင်စုစနစ်နိုင်ငံ ဖွဲ့ရန်သင့်တော်သော နိုင်ငံတခုဖို့ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းခြင်းကြောင့် ပြဿနာမဖြစ်နိုင်သော်လည်း ဖယ်ဒရယ်ပြည်ထောင်စုဖွဲ့ရန် သင့်တော်သော နိုင်ငံတခုအဖို့ တပြည်ထောင်စနစ်နိုင်ငံအဖြစ် စုဖွဲ့ခြင်းသည် ကြီးမားသော နိုင်ငံရေးပြဿနာ အကျိုးအဆက်များကို ဖြစ်စေနိုင်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သော နိုင်ငံတခုဖြစ်ပြီး ထိုနိုင်ငံနှင့်သင့်လျော်သော စုဖွဲ့ပုံစံကိုရွေးချယ်၍ အခြေခံဥပဒေတွင် ပြဋ္ဌာန်းပေးရမည်။ (တပြည်ထောင်စနစ်နိုင်ငံနှင့် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံအကြောင်းကို ရှေ့တွင် ဆက်လက်တင်ပြထားသည်။)

၂။ နိုင်ငံတော်အစိုးရအမျိုးအစား။

ယေဘုယျအားဖြင့် ကမ္ဘာ့နိုင်ငံအများစုတွင်တွေ့ရသော နိုင်ငံတော်အမျိုးအစားနှစ်ခုမှ သမ္မတဦးဆောင်သောအစိုးရ ( PRESIDENTIAL GOVERNMENT)၊ ဝန်ကြီးချုပ်ဦးဆောင်သော ပါလီမန်အစိုးရ (PARLIAM ENTARY GOVERNMENT) တို့ဖြစ်သည်။ သမ္မတဦးဆောင်သော အစိုးရ စနစ်တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာကြီးသုံးရပ်ကို သီးခြားစီ ထားရှိပြီး အပြန်အလှန်ထိန်းညှိမှုစနစ် (Check and Balanvce) အရ ကျင့်သုံးသဖြင့် ပို၍ ဒီမိုကရေစီကျကြောင်း ရည်ညွှန်းကာ ထောက်ခံကြသည်။ သို့ရာတွင် ထိုအစိုးရစနစ်ကိုကျင့်သုံးရာ၌ လုပ်ဆောင်ရသော နိုင်ငံရေး လုပ်ငန်းစဉ်များကို ထည့်မစဉ်း စားဘဲနှင့်ကား နိုင်ငံတိုင်းနှင့်သင့်တော်သည်ဟူ၍ မဆိုနိုင်ပါ။

သမ္မတဦးဆောင်အစိုးရတွင် သမ္မတသည် နိုင်ငံရေးအာဏာအရှိဆုံးဖြစ်၍ ထိုသမ္မတကို ဒီမိုကရေစီကျသော ပြည်သူလူထု အထွေထွေရွေးကောက်ပွဲများဖြင့် ရွေးချယ်တင်မြှောက်ကြရပေသည်။ သမ္မတကို တိုက်ရိုက်ရွေးချယ်တင်မြှောက်ခြင်းမဟုတ်လျှင် သမ္မတဦးဆောင်အစိုးရမှာ ဒီမိုကရေစီမရှိသော သမ္မတအစိုးရသာဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် သမ္မတကို တင်မြှောက် သော်လည်း အနှစ်သာရအားဖြင့် လူထု၏တိုက်ရိုက်ဆန္ဒကို ကိုယ်စားပြုရခြင်းသာ ဖြစ်သည်။ ပြင်သစ်၊ ဖိလစ်ပိုင်၊ ယူကရိန်း၊ ရုရှား အစရှိသော နိုင်ငံများတွင် သမ္မတကို တိုက်ရိုက်ရွေးချယ်ကာ သမ္မတဦးဆောင်အစိုးရကို ကျင့်သုံးကြသည်။ ထိုကဲ့သို့သော သမ္မတကို လူထုမှတိုက်ရိုက်ရွေးချယ်တင်မြှောက်ခြင်းသည် နိုင်ငံတိုင်း၌ သင့်လျော်သည် မဟုတ်ပါ။

လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သော နိုင်ငံတခုတွင် လူမျိုးအလိုက် လူဦးရေ ကွဲပြားခြားနားနေပါက ထိုရွေးကောက်ပွဲများတွင် လူဦးရေများသောလူမျိုးများ၏ ဆန္ဒမဲက လူဦးရေနည်းသောလူမျိုးများကို လွှမ်းမိုးသွားပေ လိမ့်မည်။ မြန်မာနိုင်ငံတွင် ဗမာလူမျိုးများက တနိုင်ငံလုံးလူဦးရေ၏ ထက်ဝက်ခန့်ရှိနေပြီး အခြားတိုင်းရင်းသား လူမျိုးစုံ၏ဆန္ဒကို လွှမ်းမိုးမည့်အခြေအနေမျိုးရှိရာ သမ္မတကို တိုက်ရိုက်ရွေးချယ် တင်မြှောက်သော ရွေးကောက်ပွဲမျိုးနှင့် မသင့်တော်ချေ။ အချို့သော နိုင်ငံများတွင် ကျင့်သုံး သော ဝန်ကြီးချုပ်ဦးဆောင်သည့်အစိုးရသည် ပါလီမန်ကို အခြေခံဖွဲ့စည်းကာ ထိုအစိုးရသည် ပါလီမန်ကိုပြန်လည်တာဝန်ခံရသည်။ ပါလီမန်အတွင်း၌ တိုင်းရင်းသား လူမျိုးပေါင်းစုံနှင့် အလွှာပေါင်းစုံ၏ ကိုယ်စားလှယ်များပါဝင်နေသဖြင့် အစိုးရဖွဲ့စည်းရေးတွင် ပါဝင်နိုင်ရန် ပို၍အခွင့်အလမ်းရှိသည်။ အစိုးရတွင်ပါဝင်ခွင့်မရရှိသည့်တိုင် အစိုးရကို ပြန်လည်ထိန်းညှိနိုင်သည့် အာဏာရှိသော အနေအထားတွင်ရှိသည်။ သမ္မတဦးဆောင် သော အစိုးရအဖွဲ့တွင်မူ အစိုးရသည် ပါလီမန်ကိုတာဝန်ခံ ရခြင်းမရှိသဖြင့် ပါလီမန်ကလည်း ထိန်းချုပ်မှုမရှိပါ။ ထို့အပြင် ဝန်ကြီးချုပ်ဦးဆောင်သောအစိုးရတွင် ပါဝင်သော ဝန်ကြီးများမှာ ပြည်သူက ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များဖြစ်သော်လည်း သမ္မတဦးဆောင်သော အစိုးရတွင်မူ သမ္မတစိတ်ကြိုက်ခန့်အပ်သော ပြည်သူတို့က ရွေးချယ်ခြင်းမရှိသော သူများသာ ဝန်ကြီးများဖြစ်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့်ကိုက်ညီစွာ အခြေခံဥပဒေတွင် ပြဋ္ဌာန်းရန်သင့်တော်သည့် အစိုးရပုံစံကို သတိချပ်ရွေးချယ်သင့်ပေသည်။

### ၃။ နိုင်ငံရေးလိုအပ်ချက်နှင့် ကိုက်ညီမည့် ပါလီမန်ဖွဲ့စည်းမှု။

ကမ္ဘာ့နိုင်ငံသုံးပုံနှစ်ပုံခန့်တွင် ပါလီမန်ကို လွှတ်တော်နှစ်ရပ်နှင့် ဖွဲ့စည်းကြသည်။ လွှတ်တော်နှစ်ရပ်ဖြင့်ဖွဲ့စည်းရခြင်း အကြောင်းအရင်းများတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်မှုကြောင့် ထိုလူမျိုးများအား နိုင်ငံရေးအခွင့်အရေးညီမျှစွာ ကိုယ်စားပြုခွင့်ပေးရန်လိုအပ်ခြင်းမှာလည်း တခုအပါအဝင်ဖြစ်သည်။ သို့သော်လွှတ်တော်နှစ်ရပ် ဖွဲ့စည်းပေးလိုက်ရုံမျှဖြင့် လူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံတခုအတွက် လုံလောက်ပြီဟု မမှတ်ယူနိုင်ပါ။

နိုင်ငံရေးအရ ညီမျှသောအခွင့်အလမ်း လူမျိုးတိုင်းရရှိစေရန်စီမံမှုမှာ လွှတ်တော်တရပ်တွင် တိုင်းရင်းသား လူမျိုးအသီးသီးအတွက် ဦးရေးတူညီသော ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းခွင့် ပေးထားသောနည်းဖြင့် ကမ္ဘာနိုင်ငံများတွင် နိုင်ငံရေးညီမျှမှုရှိအောင် ဖန်တီးပေးသည်ကို တွေ့နေကြရသည်။

ထို့ကြောင့် အခြေခံဥပဒေတရပ်တွင် ပြဋ္ဌာန်းပါရှိသည့် ပါလီမန်ဖွဲ့စည်းခြင်းကို လေ့လာရာတွင် ထိုနိုင်ငံ ၏နောက်ခံနိုင်ငံရေးအခြေအနေကို သတိပြုကာ လွှတ်တော်တရပ် (သို့မဟုတ်) နှစ်ရပ်လောဆိုသည်ကို လေ့လာရမည်ဖြစ်သကဲ့သို့၊ လူမျိုးပေါင်းစုံအတွက် နိုင်ငံရေးအရ အခွင့်အလမ်း ညီမျှမှုရှိစေရန် ဖန်တီးမှုပါဝင်မပါဝင်ကိုလည်း သတိပြုလေ့လာသုံးသပ်ရပေမည်။

၄။ အခြေခံလွှတ်လပ်မှု အခွင့်အရေးများ။

အခြေခံဥပဒေသည် နိုင်ငံသားများကိုချုပ်ချယ်သည့် ဥပဒေမဟုတ်ဘဲ နိုင်ငံသားများပါဝင်သော လူ့အဖွဲ့အစည်းအတွင်း စုပေါင်းနေထိုင်ကြရာတွင် လိုအပ်သည့် အစိုးရ ယန္တရားများ ဖော်ဆောင်ရေးကို ပြဋ္ဌာန်းသကဲ့သို့ နိုင်ငံသားများကျင့်သုံးခွင့်ရှိသော အခြေခံလွှတ်လပ်မှု အခွင့်အရေးများကို အာမခံပြဋ္ဌာန်းပေးသည့် ဥပဒေလည်းဖြစ်သည်။

နိုင်ငံသားများ၏အခွင့်အရေးများဆိုင်ရာ (Bill of Right) ရှိသည်မှတပါး နိုင်ငံသားများ၏ အခြေခံလွှတ်လပ်ခွင့်များကို အခြေခံဥပဒေတွင် ရေးဆွဲပြဋ္ဌာန်းကြသည့် ဥပဒေလည်းဖြစ်သည်။ နိုင်ငံသားများအနေဖြင့် မိမိတို့၏ အခွင့်အရေးဖြစ်မည့် ပြဋ္ဌာန်းချက် များကို အထူးသတိချပ်လေ့လာပြီး ရသင့်ရထိုက်သော အခြေခံအခွင့်အရေးများအတွက် တောင်းဆိုတိုက်ပွဲဝင်မှုများ လိုအပ်ပေမည်။ အမှုမဲ့အမှတ်မဲ့ ကျော်သွားမှုတခုကြောင့် နောင်အခါမှ အစိုးရအာဏာရသူများက နိုင်ငံသားများအပေါ်ချုပ်ချယ်၊ လွှတ်လပ်ခွင့်များကို ကန့်သတ်မှုမျိုး မဖြစ်စေရန်အတွက် အခြေခံလွှတ်လပ်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များကိုလည်း သတိပြုလေ့လာသုံးသပ်ရမည်သာဖြစ်သည်။

(စ) တပြည်ထောင်စနစ်နှင့် ပြည်ထောင်စုစနစ်

တပြည်ထောင်နိုင်ငံသည် ရှေးယခင်ကပင်ရှိခဲ့သည်။ မျက်မှောက်ခေတ်ကာလ၌ ကိုးရီးယား သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ပိုလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အီဂျစ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ စသည်တို့မှာ တပြည်ထောင်နိုင်ငံများဖြစ်ကြသည်။

၁။ တပြည်ထောင်အစိုးရသည်သာ အချုပ်အချာအာဏာ ပိုင်ဆိုင်ခြင်းနှင့်

၂။ နိုင်ငံအတွင်း အခြားသောအချုပ်အခြာအာဏာပိုင်အဖွဲ့များ မရှိခြင်းတို့ဖြစ်သည်။

တပြည်ထောင်နိုင်ငံများတွင် အာဏာသုံးရပ်ဖြစ်သည့် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ တို့ကိုကျင့်သုံးသော ဗဟိုအစိုးရသည် အချုပ်အခြာအာဏာပိုင်ဖြစ်သည်။ ဗဟိုအစိုးရ၏အာဏာကို မည်သည့်အဖွဲ့ကမျှ ကန့်သတ်ချုပ်ချယ်နိုင်စွမ်းမရှိပေ။

တပြည်ထောင်နိုင်ငံများတွင် ဗဟိုအစိုးရလက်အောက်၌ ဒေသဆိုင်ရာ အစိုးရအဆင့်ဆင့်ဖွဲ့စည်းတည်ရှိနေသော်လည်း ၎င်းဒေသဆိုင်ရာအစိုးရများသည် အချုပ်အခြာအာဏာပိုင်များမဟုတ်ကြချေ။ ၎င်းတို့သည် ဗဟိုအစိုးရက ခွဲဝေသတ်မှတ် ပေးသော အာဏာများကိုသာ ကျင့်သုံးနိုင်ကြသည်။ ဗဟိုအစိုးရက အချိန်မရွေး နုတ်ပယ်နိုင်သည်၊ ရုတ်သိမ်းနိုင်သည်။

## ပြည်ထောင်စုနိုင်ငံ **(Fedral State)**

ပြည်ထောင်စုနိုင်ငံသည် (၁၈) ရာစုအလယ်ပိုင်းမှ စတင်ပေါ်ပေါက်လာသော နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ ပုံစံအသစ်ဖြစ်သည်။ မျက်မှောက်ကာလ၌ ကနေဒါနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံ၊ ဘရားဇီးနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အမေရိကန် ပြည် ထောင်စု၊ အိန္ဒိယနိုင်ငံ၊ သြစတြေးလျနိုင်ငံ စသည်တို့မှာ ပြည် ထောင်စုနိုင်ငံများ ဖြစ်ကြသည်။

ပြည်ထောင်စုနိုင်ငံများတွင် အဓိကလက္ခဏာ သုံးခုရှိသည်။ ၎င်းတို့မှာ ----

၁။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ အာဏာခွဲဝေပိုင်ဆိုင်ကြခြင်း၊

၂။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် နိုင်ငံတော်၏ အထွတ်အထိပ်ဖြစ်ခြင်းနှင့်၊

၃။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးအတွက် အာဏာပိုင်အဖွဲ့အစည်း ဖွဲ့စည်းထားရှိခြင်းတို့ဖြစ်သည်။

(၁၈) ရာစုပြည်ထောင်စုနိုင်ငံများ စတင်ပေါ်ပေါက်စဉ်က တသီးတခြား တည်ရှိသော ပြည်ထောင်များက မိမိတို့၏အကျိုးတူကိစ္စများကို စုပေါင်းဆောင်ရွက်နိုင်ရေး အတွက် ပြည်ထောင်စုနိုင်ငံများကို တည်ထောင်ခဲ့ကြသည်။ ပြည်ထောင်စုနိုင်ငံအဖြစ် ဖွဲ့စည်းတည်ထောင်၍ ပြည်နယ်အဖြစ်ရောက်ရှိလာကြသော ပြည်ထောင်စုသည် မိမိတို့၏ မူလအချုပ်အခြာတချို့တဝက်ကို ဆက်လက်ထိန်းသိမ်းလိုသော ဆန္ဒရှိ သောကြောင့် ပြည်ထောင်စုနိုင်ငံသည် တပြည်ထောင်နိုင်ငံနှင့်မတူပေ။ တပြည်ထောင်နိုင်ငံ တွင် ဗဟိုအစိုးရသည် တခုတည်းသော အချုပ်အခြာအာဏာပိုင် အဖွဲ့ဖြစ်၍ အာဏာခပ်သိမ်းကို ဗဟိုအစိုးရကသာပိုင်သည်။ ပြည်ထောင်စုနိုင်ငံတွင်မူ ပြည်ထောင်စု အစိုးရနှင့် ပြည်နယ်အစိုးရတို့က ခွဲဝေပိုင်ဆိုင်ကြသည်။ ပြည်ထောင်စုအစိုးရက ပိုင်ဆိုင်သောအာဏာရပ်များကို ပြည်နယ်အစိုးရများက ကျင့်သုံးပိုင်

ခွင့်မရှိသကဲ့သို့၊ ပြည်နယ်အစိုးရက ပိုင်ဆိုင်သည့်အာဏာများကိုလည်း ပြည်ထောင်စုအစိုးရက ကျင့်သုံးပိုင်ခွင့် မရှိပေ။

ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ အာဏာခွဲဝေရာတွင် တိကျစွာခွဲရန် လိုအပ်၍ အာဏာခွဲဝေပိုင်ဆိုင်မှုကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းကြသည်။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ ရပ်တည်နိုင်ရေးအတွက်လည်းကောင်း၊ ထိုအစိုးရတို့ပိုင်ဆိုင်သော အခွင့်အာဏာများ ခွဲဝေထိမ်းသိမ်းရာတွင်လည်းကောင်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ၏ အထက်၌ ရပ်တည်၍ နိုင်ငံတော်၏ အထွတ်အထိပ်ဖြစ်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြည်ထောင်စုအစိုးရ၏ အခန်းကဏ္ဍနှင့် ပြည်နယ်အစိုးရ၏ အခန်းကဏ္ဍတို့ကို မည်သူမျှပင် အသေးစိတ် သတ်မှတ်ပိုင်းခြား ထားစေကာမူ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏ လက်တွေ့ဆက်ဆံရေး၌ ပြဿနာ၊ အငြင်းပွားမှုများ ပေါ်ပေါက်နိုင်ပေသည်။ သို့ဖြစ်၍ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ နှစ်ဦးနှစ်ဘက်၏ အခွင့်အာဏာကို ထိန်းသိမ်းကာကွယ်ပေးသော ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုရေးအတွက် အာဏာပိုင်အဖွဲ့အစည်းတရပ် ရှိရန်လိုအပ်ပေသည်။ ထို့ကြောင့် ပြည်ထောင်စုနိုင်ငံများတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်ပတ်သက်သည့် အငြင်းပွားမှုများကို ဖြေရှင်းရန်အာဏာပိုင်အဖွဲ့အစည်း တရပ်ကို ထားရှိကြသည်။

ပြည်ထောင်စုနိုင်ငံသည် ယေဘုယျအားဖြင့် အောက်ပါအချက် (၃) ချက်၌ ကွဲပြားခြားနားတတ်ကြ သည်။

၁။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ အာဏာခွဲဝေပုံနည်းစနစ်။
၂။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုသည့် အာဏာပိုင်အဖွဲ့အစည်း။
၃။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ရန်နည်းစနစ်။

ပြည်ထောင်စုနိုင်ငံများ၌ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ အာဏာခွဲဝေပုံနည်းစနစ်မှာ အကြမ်းအားဖြင့် နှစ်မျိုးရှိသည် ၎င်းတို့မှာ ---

၁။ ပြည်ထောင်စုအစိုးရ၏ အာဏာရပ်များကို သတ်မှတ်၍ ကြွင်းကျန်နေသော အာဏာရပ်များကို ပြည်နယ်အစိုးရအား အပ်နှင်းသောစနစ်။
၂။ ပြည်နယ်အစိုးရ၏ အာဏာရပ်များကိုသတ်မှတ်၍ ကြွင်းကျန်သော အာဏာရပ်များကို ပြည်ထောင်စုအစိုးရအား အပ်နှင်းလိုက် သော စနစ်တို့ ဖြစ်သည်။

အာဏာသတ်မှတ်ခြင်းခံရသောဘက်တွင် အာဏာကန့်သတ်မှုရှိပြီး ကြွင်းကျန်သော အာဏာများရရှိ သည့်ဘက်တွင် အာဏာအသာရရှိသည်ဟု ပညာရှင်များက ယူဆကြသည်။ ပထမအာဏာခွဲဝေပုံနည်းစနစ်သည် တပြည်ထောင်စနစ်သို့ယိမ်းသော ပြည်ထောင်စုနိုင်ငံဖြစ်ပေါ်စေသည်ဟု ပညာရှင်များက ယူဆကြသည်။ ပထမအာဏာခွဲဝေနည်းစနစ်ကို (ယခင်ဆိုဗီယက်ပြည်ထောင်စု ဟောင်းနှင့် ယူဂိုဆလားဗီးယားဟောင်း) အမေရိကန်ပြည်ထောင်စု၊ ဩသတြေးလျနိုင်ငံ တို့၌ ကျင့်သုံးပြီး၊ ဒုတိယအာဏာခွဲဝေပုံနည်းစနစ်ကို ကနေဒါနိုင်ငံ၌ ကျင့်သုံးကြသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုသော အာဏာပိုင် အဖွဲ့အစည်းနှင့် ပတ်သက်၍ ပြည်ထောင်စုနိုင်ငံများသည် တနိုင်ငံနှင့်တနိုင်ငံ မတူညီနိုင်ချေ။ သာဓကအားဖြင့် အမေရိကန်ပြည်ထောင်စုတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အဓိပ္ပာယ်ဖွင့်ဆိုရေး အာဏာကို ပြည်ထောင်စုတရားရုံးအား အပ်နှင်းထားသည်။ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၌ ၎င်းအာဏာကို ပြည်ထောင်စုတရားရုံးအား အပ်နှင်းထားသည်။ ဆွစ်ဇာလန်နိုင်ငံ၌မူ ထိုအာဏာကို ပြည်ထောင်စုလွှတ်တော်က ကျင့်သုံးသည်။ ပြည်ထောင်စုနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် နိုင်ငံတော်၏ အထွတ်အထိပ်ဖြစ်ရာ ၎င်းအခြေခံဥပဒေကို လွယ်လင့်တကူ ပြင်ဆင်ခွင့်မပြုဘဲ အချုပ်အချယ် အကန့်အသတ်ဖြင့်သာ ပြင်ဆင်ခွင့်ပြုသည်။ ထို့ကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ပုံနည်းလမ်းနှင့်ပတ်သက်၍လည်း ပြည်ထောင်စုဟောင်း၏ အခြေခံဥပဒေပြင်ဆင်ချက်သည် ပြည်ထောင်စုလွှတ်တော် (၂) ရပ်ဖြစ်သည့် ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်တရပ်စီတွင် ထောက်ခံမဲ့အနည်းဆုံး သုံးပုံနှစ်ပုံ ရရှိမှသာ အတည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် အခြေခံဥပဒေပြင်ဆင်ချက် သည် ပြည်ထောင်စု အထက်လွှတ်တော်နှင် အောက်လွှတ်တော်တရပ်စီတွင် အနည်းဆုံး လွှတ်တော်အမတ် သုံးပုံနှစ်ပုံထောက်ခံမှု ရရှိသည့်အပြင်၊ ပြည်နယ်လွှတ်တော် လေးပုံသုံးပုံ ထောက်ခံမှသာ အတည်ဖြစ်သည်။

(ဆ) ပြည်ထောင်စုနိုင်ငံ လူ့အခွင့်အရေးနှင့် လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှုသဘောတရား

မြန်မာနိုင်ငံသမိုင်းတွင် တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးကို ၁၉၄၇ခုနှစ်၊ ဇွန်လ (၉) ရက်နေ့တွင်ခေါ်ယူရန် စီစဉ်ထားသဖြင့် ဖဆပလအဖွဲ့ချုပ်သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရန်အတွက် ပထမအဆင့်အနေနှင့် ပဏာမပြင်ဆင်မှု ညီလာခံကြီးကို မေလ (၁၉) ရက်နေ့မှ (၂၃) ရက်နေ့အထိ ဂျူဗလီဟောတွင် ကျင်းပခဲ့သည်။ ယင်းပဏာမညီလာခံသို့ ဖဆပလ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုဦးဆောင်အဖွဲ့ဝင်များ၊ ဖဆပလနှင့် ကရင်လူငယ် လွှတ်တော်အမတ်များ၊ ဖဆပလ ဒေသဆိုင်ရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ ယင်းပဏာမ ပြင်ဆင်မှုညီလာခံကြီးတွင် မြန်မာနိုင်ငံအား

မည်ကဲ့သို့သော ပုံသဏ္ဌာန်ဖြင့်တည်ဆောက်ကြမည်ဟူသော ပြဿနာနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်အောင်ဆန်းက အောက်ပါအတိုင်းမိန့်ကြားသွားခဲ့သည်။

"ကျွန်တော်တို့ ဗမာပြည်သစ်ကြီးကို တည်ထောင်တော့ ပြည်ထောင်စုသဘော တည်ထောင်မလား၊ လူမျိုးကြီးတမျိုးတည်းဆိုတဲ့ တိုင်းပြည်မျိုး (UNITERY STATE) တည်ထောင်မလားဆိုတဲ့ မေးခွန်းကိုဖြေလိုတယ်။ ကျွန်တော်အမြင်အရဆိုရင် တော့ အထက်ကလူမျိုးရေးအရ ရသင့်ရထိုက်တဲ့ အခွင့်အရေးမျိုးတွေကို စည်းကမ်းသတ်မှတ်ပြီးတော့ (UNITERY STATE) လူမျိုးကြီးတမျိုးထဲဆိုတဲ့ နိုင်ငံမျိုးတော့ တည်ဆောက်လို့မဖြစ်ဘူး"။

ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် ယင်းကဲ့သို့ မိန့်ကြားသွားခဲ့သော်လည်း သူတည်ဆောက်လိုသောနိုင်ငံမှာ အခြေခံဥပဒေအရ မည်ကဲ့သို့သော ပုံသဏ္ဌာန်မျိုး ပေါ်ပေါက်ခဲ့သည်ကို မြင်မသွားခဲ့ရတော့ပါ။ သို့ဖြစ်၍ ယခုကဲ့သို့ နှစ်ပေါင်း (၄၀) ကျော်ကြာလာပြီး တတိုင်းပြည်လုံး ဆင်းရဲမွဲတေ၊ တမျိုးသားလုံးဂုဏ်သိက္ခာကျဆင်း၊ လက်ရှိအနေအထားအရ အခြေခံဥပဒေသစ်တရပ် လိုအပ်နေသောကာလမျိုး၌ မည်သို့သော အခြေခံဥပဒေသည် တိုင်းပြည်ငြိမ်းချမ်းမှုကို တည်ဆောက်နိုင်၍ ဖွံ့ဖြိုးတိုးတက်မည်၊ မည်သို့သော အခြခံဥပဒေသည် အမျိုးသားစည်းလုံးညီညွတ်မှုကို ပြိုကွဲစေကာ ဆင်းရဲတွင်းနက်နေဦးမည် စသည်တို့ကို လူထုအနေဖြင့် လေ့လာပိုင်းခြားရန် လိုအပ်လာပြီဖြစ်သည်။

နောက်တချက်အနေဖြင့် တင်ပြလိုသည်မှာ အခြေခံဥပဒေနှင့် လူ့အခွင့်အရေး၊ ဆက်စပ်ရေးဖြစ်သည်။ လူ့အခွင့်အရေးသည် နိုင်ငံ၊ လူမျိုး၊ ဒေသစသည်ဖြင့် မခွဲခြားဘဲ လူသားတိုင်းရရှိခံစားသင့်သော အခွင့်အရေးဖြစ်သည်။ နှစ် (၄၀) ကျော် ပြည်တွင်းစစ်သမိုင်းကို ဖြတ်သန်းခဲ့ရသော လူထုအနေဖြင့် နှိပ်စက်ညှဉ်းပန်းခံရခြင်း၊ ပေါ်တာဆွဲခံရခြင်း၊ အရပ်ဘက်ဆိုင်ရာတရားရုံးနှင့် စနစ်တကျတရားစီရင်ခြင်းကြောင့်မဟုတ်ဘဲ လွယ်လင့် တကူပြင်ဆင်စီရင်ခံရခြင်း၊ မိမိတို့နေထိုင်ရာ၊ ရပ်ကွက်၊ ကျေးရွာဒေသများကို အမိန့်ဖြင့် အတင်းအကျပ်ပြောင်းရွှေ့ခံရသဖြင့် မိသားစုဘဝလုံခြုံမှုကင်းမဲ့ခြင်း စသည်တို့ကို ထပ်မံမကြုံတွေ့ကြစေရန် လူ့အခွင့်အရေးများအနက် မည်သို့သော အခွင့်အရေးများကို အခြေခံဥပဒေများပြဋ္ဌာန်း၍ ကာကွယ်စောင့်ရှောက်ရန်လိုအပ်ကြောင်းစဉ်းစား သင့်ပြီဖြစ်သည်။

နိုင်ငံတိုင်းတွင် ပြည်ပအန္တရာယ်မှ ကာကွယ်ရေးအတွက် တပ်မတော်ကို တည်ထောင်ထားရှိရစမြဲဖြစ်သည်။ ဒီမိုကရေစီနိုင်ငံများတွင် အရပ်ဘက်အုပ်ချုပ်ရေး (တနည်းအားဖြင့်) လူထုအုပ်ချုပ်ရေးတွင် တပ်မတော်ကဖြစ်စေ၊ တပ်မတော်သားများကဖြစ်စေ ဝင်ရောက်ဦးဆောင်ရန် မဆိုထားနှင့်၊ မဲဆန္ဒပေးခြင်းမှတပါး ပါဝင်ပတ်သက်ခြင်းလုံးဝမရှိပါ။ စစ်တပ်ဗိုလ်

ချုပ်များသည် ကာကွယ်ရေးဝန်ကြီးအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသော လူထုကိုယ်စားလှယ်ကိုသာ အာဏာအပ်နှင်းရပါသည်။ ယင်းမှာ ဒီမိုကရေစီနိုင်ငံများတွင် ကျင့်သုံးသော လူထုအုပ်ချုပ်ရေးက တပ်ဘက်ဆိုင်ရာကို လွှမ်းမိုးမှု သဘောတရား **(Civilian Supremacy Over Military)** အရ သာဓက တရပ် ဖြစ်ပါသည်။ စစ်ရေးကိစ္စမဟုတ်သော လူထုရေးရာကိစ္စရပ်များအားလုံးကို လူထုက ရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ်များကသာ လုပ်ဆောင်သည့် စနစ်ကို အခြေခံ ဥပဒေနှင့်အညီ မည်သို့အကောင်အထည်ဖော်မည်တို့ကို စဉ်းစားဖော်ဆောင်ဖို့ လိုပြီ ဖြစ်ပါသည်။

(ဤမျှတင်ပြခွင့်ရလျှင် "အခြေခံဥပဒေမိတ်ဆက်" အဖြစ် လုံလောက်ပြီဟု ယူဆပါသည်။)

(ဤစာတမ်းငယ်ကို (အနာဂါတ်) ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (မူကြမ်း) တွင်ပါရှိသော "နိဒါန်း" ဖြင့် နိဂုံးချုပ်ပါသည်။ အဆိုပါ "နိဒါန်း" သည် ယင်းအခြေခံဥပဒေ၏ မိတ်ဆက်ပင်ဖြစ် ပါသည်။ ပြည်သူတို့၏ ဆန္ဒနှင့် မျှော်မှန်းချက်တို့ကို စုစည်းဖော်ပြနိုင်ရန် ကြိုးပမ်းမှုတရပ်လည်းဖြစ်သည်။ ပြည်သူ တို့၏ ဖြတ်သန်းမှုသွေးစက်များ၊ မျက်ရည်များ၊ ငိုရှိုက်သံများနှင့် ခါးသီးသော အတွေ့အကြုံများကိုအခြေပြုလျှက် ကြေကွဲသောနှလုံးသားဖြင့် ဤ " နိဒါန်း" ကို ရေးခြင်းဖြစ်သည်ဟု သုံးသပ်မိပါသည်။)

နိဒါန်း

ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံသားပြည်သူ ကျွန်ုပ်တို့သည်အတိတ်ကာလ မိမိတို့ခံစားခဲ့ကြရသော ပြည်တွင်းစစ်၏ ဆိုးကျိုးအန္တရာယ်များနှင့် စစ်အာဏာရှင်စနစ်၏ ဖိနှိပ်ရက်စက်မှုများကို နောင်လာ နောက်သားများ မခံစားကြစေရန်အတွက်လည်းကောင်း၊ အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးနှင့် အမျိုးသားအခွင့်အရေးများကို အာမခံချက်ပေးနိုင်ရန် အတွက်လည်းကောင်း အဓွန့်ရှည်မည့် ငြိမ်းချမ်းရေး သာယာဝပြော ရေးနှင့်စည်းလုံးညီညွတ်ရေးများကို တည်ဆောက်သွားနိုင်ရန် တွက်လည်းကောင်း၊ ဆန္ဒခိုင်ကြည်စွာရှိကြသည်။ ယင်းဆန္ဒအပေါ်တွင်အခြေခံပြီး လွတ်လပ်၍ အချုပ်အခြာအာဏာပြည့်ဝသော ဤဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ပေါင်းစည်းနေထိုင်ကြရန် အခိုင်အမာသန္နိဋ္ဌာန်ချလျက် ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြည်ထောင်စု၏ အမြင့်မားဆုံးဥပဒေအဖြစ် ယုံကြည်လက်ခံကျင့်သုံးကြရန် အတည်ပြုပြဋ္ဌာန်း ပေးလိုက်သည်။

# ၁၉၄၇ အခြေခံဥပဒေကို ဖော်ညွှန်းသော ‘တို့ပြည်ထောင်စု မြန်မာနိုင်ငံ’ စာအုပ်နှင့် ရှစ်လေးလုံး လူထုအုံကြွမှု

ဒေါက်တာမောင်မောင်သည် မဆလခေတ်တလျှောက်လုံးတွင် ဦးနေဝင်း၏ အရင်းနှီးဆုံးမိတ်ဆွေများအနက် တဦးအဖြစ်လည်းကောင်း၊ ဥပဒေပညာရှင် တဦးအနေဖြင့်လည်းကောင်း ၁၉၆၂ ခုနှစ်မှစ၍ စစ်အုပ်စုအာဏာတည်မြဲရေးအတွက် အလုပ်အကျွေးပြုခဲ့သော ပုဂ္ဂိုလ်အဖြစ် ပြည်သူလူထုအများစုက သိထားကြသည်။ ဒေါက်တာမောင်မောင်သည် ၁၉၅၉ ခုနှစ်တွင် “တို့ပြည်ထောင်စုမြန်မာနိုင်ငံ” ဟူသောစာအုပ်ကို ရေးသားပုံနှိပ်ဖြန့်ဝေခဲ့သည်။ ထိုစာအုပ်မှာ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေသည် မည်သို့ကောင်းကြောင်း၊ ပြည်သူများရသင့်ရထိုက်သည့် အခြေခံအခွင့်အရေးများကို မည်သို့ကာကွယ်ပြဋ္ဌာန်းပေးထားကြောင်း၊ ယင်းအခြေခံဥပဒေကြီးသည် ကမ္ဘာတည်သရွေ့တည်မည့် ဥပဒေဖြစ်ကြောင်း ဘက်ပေါင်းစုံမှချီးမွမ်း၍လည်းကောင်း၊ အကျယ်ချဲ့၍လည်းကောင်း၊ သရုပ်ပြပုံများဖြင့် သရုပ်ဖော်၍လည်းကောင်း၊ အမွမ်းတင်ရေးသားခဲ့သည်။ ယင်းသို့ သာမက ဗိုလ်ချုပ်နေဝင်းနှင့်တကွ တပ်မတော်သည် အခြေခံဥပဒေကို မည်သို့လေးစား တန်ဖိုးထားကြောင်း ရွှန်းရွှန်းဝေမျှတင်ပြသွားခဲ့သည်။ သို့ရာတွင် ၁၉၆၂ ခုနှစ်၌ ဦးနေဝင်း ဦးဆောင်သော စစ်တပ်က အာဏာသိမ်းပြီး ၁၉၄၇ အခြေခံဥပဒေကို စက္ကူစုတ်ပမာ ဆုတ်ဖြဲလွှင့်ပစ်လိုက်သောအခါ ကြံရာပါများထဲတွင် ဒေါက်တာမောင်မောင်သည်လည်း တဦးအပါအဝင်ဖြစ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဒေါက်တာမောင်မောင်သည် ဥပဒေပညာရှင်တဦးသာဖြစ်သည့်အားလျော်စွာ တို့ပြည်ထောင်စုမြန်မာနိုင်ငံ စာအုပ်နိဒါန်းတွင် အခြေခံဥပဒေ ရေးရာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသမိုင်းကို နောက်ခံထားလျက် ၎င်းရေးသားသွားခဲ့သော စာအချို့ကို ပြန်လည်ထုတ်နုတ်ဖော်ပြသွားပါမည်။ ယင်းသို့ဖော်ပြခြင်း မှာသူ့ကိုချီးကျူးခြင်း မဟုတ်သလို၊ အပုတ်ချခြင်းလည်းမဟုတ်ပါ။ အခြေခံဥပဒေနှင့်စပ်လျဉ်း၍ ၎င်း၏သုံးသပ် ချက်အယူအဆများထဲမှ ပြည်သူများလေ့လာလျှင် အကျိုးရှိနိုင်မည်ဟုယူဆ၍ ထုတ်နှုတ်တင်ပြခြင်းသာဖြစ်ပါသည်။ ယင်းစာအုပ်နိဒါန်းမှ လေ့လာသင့်သောအချို့ကို ထုတ်နှုတ်တင်ပြလိုက်ပါသည်။

“ ...... ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၌ ဝန်ကြီးချုပ်ဦးနုနှင့် အစိုးရအဖွဲ့က ရာထူးမှနုတ်ထွက်ကြကာ ဗိုလ်ချုပ်ကြီးနေဝင်းအား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြလေသည်။ ယင်းသို့ တာဝန်ပေးအပ်ခြင်းမှာ လွှတ်တော်အမတ်မဟုတ်သော ပုဂ္ဂိုလ်တဦးဦးကို ခြောက်လထက်မပိုသော ကာလအတွက်

အစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ် ခန့်အပ်နိုင်သည်ဟု အဓိပ္ပာယ်သက်ရောက် သော အခြေခံဥပဒေ ပုဒ်မ (၁၁၆) အရ ဖြစ်ခဲ့လေသည်။ ယင်းပြဋ္ဌာန်းချက်မျိုး မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ အင်္ဂလိပ် အစိုးရ နောက်ဆုံးအုပ်ချုပ်သွားစဉ်က သုံးစွဲခဲ့သော ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရ အက်ဥပဒေ တွင်လည်း ပါဝင်ခဲ့လေသည်။ ရည်ရွယ်ချက်မှာ အစိုးအဖွဲ့တွင် တာဝန်ပေးအပ်ရန် သင့်တော် သော ပုဂ္ဂိုလ်တဦးဦးသည် လွှတ်တော်အမတ်ပင် မဟုတ်စေကာမူ ထိုပုဂ္ဂိုလ်အား ယာယီအ ဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ဖြစ်ပေသည်။ သို့ရာတွင် ထိုသို့အခြေခံဥပဒေဖြင့် လမ်းဖွင့်ပေး ထားခြင်းသည် ဝန်ကြီးချုပ်အပါအဝင် အစိုးရအဖွဲ့တဖွဲ့လုံးကို လွှတ်တော်အမတ် မဟုတ်သူ များဖြင့် ဖွဲ့စည်းနိုင်ရန်ကိုမူ ရည်ရွယ်ခဲ့ခြင်း ဟုတ်ဟန်မတူပေ။

၁၉၅၈ ခုနှစ် အောက်တိုဘာလမှစ၍ နိုင်ငံတော်ကို ထိန်းသိမ်းရန် တာဝန်ယူခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သည့် ‘အိမ်စောင့်အစိုးရ’ သည် ဥပဒေနှင့်အညီ ဖွဲ့စည်းသော အစိုးရအဖွဲ့လည်းမှန်သည်။ အခြေခံဥပဒေနှင့်အညီ လွှတ်တော်ကိုတာဝန်ခံ၍ အရာရာကို ဆောင်ရွက်ခဲ့သည်မှာလည်း မှန်သည်။ သို့ရာတွင် အခြေခံဥပဒေကို ရေးဆွဲခဲ့ကြသော နိုင်ငံ သစ် ဗိသုကာများ မမျှော်လင့်ခဲ့သော အခြေအနေမှ ပေါ်ပေါက်လာခဲ့သော အစိုးရအဖွဲ့လည်း ဖြစ်ခဲ့ပေသည်။

‘အိမ်စောင့်အစိုးရ’ ကာလတွင် ကျွန်တော်ရှေ့နေချုပ်ရုံးတွင် လက်ထောက် ရှေ့နေ ချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ အပြင်တွင် ရှေ့နေလိုက်၊ ရန်ကုန် တက္ကသိုလ် ဥပဒေ ဌာနတွင် စာပေပို့ချ၊ စာဖတ်၊ စာရေး နှင့်လွတ်လပ်ပြီး အထိုက် အလျောက် အောင်မြင်နေရာ မှ ယာယီတာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ပါသည်။ အိမ်စောင့်အစိုးရ၏ လွတ်လပ်၍ တရားမျှတ သော ရွေးကောက်ပွဲများကျင်းပပြီးစီးသည့် ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း၌ပင် ကျွန်တော် ရာထူးမှနုတ်ထွက်ကာ ကိုယ့်လုပ်ငန်းခွင်ကို ပြန်ခဲ့ပါသည်။

ရှေ့နေချုပ်ရုံးတွင် တခေါက်ပြန်၍ တာဝန်ထမ်းဆောင်ခြင်းဖြင့် ကျွန်တော့်အဖို့ အထူးအတွေ့အကြုံရပါသည်။ တဘက်တွင် အစိုးရက တရားဥပဒေစိုးမိုးရေးအတွက် တိကျ ထိရောက်စွာ ဆောင်ရွက်နေသဖြင့် လုပ်ရိုးလုပ်စဉ်တာဝန်များအပြင် မှုခင်းကြီးများနှင့် ပတ် သက်၍ အကြံဉာဏ်ပေးခြင်း၊ လိုက်ပါဆောင်ရွက်ခြင်း တာဝန်ပိုလာပြန်သည်။ အခြေခံဥပဒေ နှင့် တခြားဥပဒေ ပြဿနာများအပေါ် အကြံဉာဏ်များပေးရသည်။ တဘက်တွင်လည်း အပြိုင် ပါတီကြီးများ၊ တရားလွှတ်တော်၊ တရားလွှတ်တော်ချုပ်တို့သို့ လာရောက်၍ အပြန်အလှန် တရားစွဲဆိုခြင်းများကို အနီးကပ်မြင်တွေ့ရ၍ တရားသံဝေဂ ရမိပါသည်။ တရားလွှတ်တော်ရုံး ခန်းများတွင် ရံဖန်ရံခါ တွေ့ဆုံရသော တည်မြဲဖဆပလ ခေါင်းဆောင် ဦးကျော်ငြိမ်းက ကျွန် တော့်အား “တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေး၊ လွတ်လပ်မျှတရေးတို့ အရေးကြီးတာအခု မှပဲ လက်တွေ့ကိုယ်တွေ့ခံစားရပါတယ်ဗျာ” ဟု ဦးခေါင်းလေး ခါကာရမ်းကာနှင့် ပြောသည်ကို မြင်ယောင် ကြားယောင်မိပါသေးသည်။ ယခင်တရားရေးဝန်ကြီး ဦးခင်မောင် လတ်ကလည်း

ဦးကျော်ငြိမ်းနှင့်အတူ ရုံးသို့လာတတ်သည်။ တည်မြဲ ဖဆပလ ကစွဲဆိုသောအမှုကို သူက အဖွဲ့ကိုယ်စား လက်မှတ်ရေးထိုး၍တင်သွင်းတတ်သည်။

၁၉၄၇ ခုနှစ် အခြေခံဥပဒေ၏ ၁၀ နှစ်သက်တမ်းအတွင်း တရားစီရင်ရေးနှင့် ဥပဒေရေးရာတို့တွင် အမှန်တရားတဖြည်းဖြည်း မှေးမှိန်လာခဲ့သည်ကို လေ့လာသုံးသပ် ကာ အောက်ပါကဲ့သို့ သင်ခန်းစာယူခဲ့မိပါ သည်။

အခြေခံဥပဒေအရ အဓိကမဏ္ဍိုင်တရပ်ဖြစ်သော တရားရေးမဏ္ဍိုင် ယိုင်နေသည်။ တရားလွှတ်တော်ချုပ်တွင် စာချွန်တော်အမိန့်များအဖြစ် အစိုးရက ဥပဒေလက်လွှတ်လုပ်ခဲ့မိသည်များကို ပြင်နိုင်သည့်အာဏာရှိသည်။ ပါလီမန်က ပြဋ္ဌာန်းသော ဥပဒေများသည် အခြေခံဥပဒေနှင့် ဆန့်ကျင်နေလျှင် ယင်းသို့ဆန့်ကျင်ကြောင်း ညွှန်ပြဆုံးဖြတ်နိုင်သည်။ နိုင်ငံတော်အတွက် အရေးကြီးသော ဥပဒေပြဿနာ ပေါ်ပေါက်နေသည်ဟု သမ္မတက ထင်မြင်ခဲ့သော် တရားလွှတ်တော်ချုပ်၏ ထင်မြင်ချက်ကို တောင်းယူနိုင်သည်။ တရားလွှတ်ချုပ်နှင့် တရားလွှတ်တော်တို့သည် နိုင်ငံတဝှမ်း တရားစီရင်ရေးကို အုပ်ချုပ်ဦးဆောင်ကြသည်။ တရားသူကြီးများသည် အခြေခံဥပဒေ၊ တရားဥပဒေတို့ကိုသာလိုက်နာ၍ လွတ်လပ်စွာ တာဝန်ဝတ္တရားများကို ထမ်းဆောင်ကြရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားသည်။

လွတ်လပ်ရေးရပြီးခါစတွင် အစိုးရတရားဝန်ကြီးများကို အရာရာကိစ္စတို့၌ လေးစားအားကိုးကြသည်။ အထူးတာဝန်များကိုလည်းကောင်း၊ ဘွဲ့ရ၊ ဂုဏ်ထူးများကို လည်းကောင်း အပ်နှင်းကြသည်။ သမ္မတရွေးကောက်ချိန်ကျသောအခါ ဖဆပလ က တရားဝန်ကြီးချုပ် ဆာဘဦးကို ရွေးကောက်ကြသည်။ အမတ်အချို့က ဦးချစ်လှိုင်ကို အဆိုပြုကြသော်လည်း အဆိုပြုလွှာသည် စည်းကမ်းနှင့်မညီဟု ဖဆပလက ဆိုသည်။ စည်းကမ်း ညီ/မညီ ဟူသော ပြဿနာကို တရားလွှတ်တော်ချုပ်သို့ပို့၍ အကြံဉာဏ်ယူရာ မညီပါဟု ညီညာစွာ ဖြေကြားသဖြင့် ဦးချစ်လှိုင်အား သမ္မတလောင်းအဖြစ် အဆိုပြုလွှာ ပျက်လေသည်။ ဆာဘဦး သမ္မတ ဖြစ်လာ၏။

ဆာဘသည် အင်္ဂလိပ်ခေတ်တွင်လည်းကောင်း၊ မြန်မာခေတ်တွင်လည်းကောင်း ထိပ်တန်းရာထူးကြီးများကိုရခဲ့သည်။ ဆရာစံသူပုန်များကို ခုံရုံးဖွင့်စစ်ကြသောအခါ စစ်ရင် တရားသူကြီးဦးဘဦးသည် အဖွဲ့ဝင်တဦးဖြစ်ခဲ့သည်။ များအကြာမီ ဟိုက်ကုတ် တရားသူကြီး ဖြစ်လာသည်။ စစ်အတွင်းတွင်လည်း ဆာမြဘူး၊ ဆာမောင်ကြီး၊ ဦးမြင့်တို့နှင့်အတူ တရားလွှတ်တော်ချုပ်တွင် တရားဝန်ကြီးတဦးဖြစ်ခဲ့သည်။ အင်္ဂလိပ်တို့ ပြန်လာသောအခါ ဆာမြဘူးက အငြိမ်းစားယူ၍ ဆာဘဦးက ဝါအရင့်ဆုံး မြန်မာတရားဝန် ကြီးအဖြစ်ကျန်ရစ်သည်။ ၁၉၄၇ ခုနှစ်၊ မေလ ၂၇ရက်နေ့တွင် အသက် ၆၀ ပြည့်ရာ ဥပဒေနှင့် ထုံးတမ်းတို့အရ အငြိမ်းစားယူရန်ဖြစ်သော်လည်း ဘုရင်ခံ ဆာဟူးဘတ်ရန့်က ဆာဘဦးအား တနှစ်သက်တမ်းတိုး

ပေးသည်။ အခြေခံဥပဒေ ရေးဆွဲကြသောအခါ တရားလွှတ်တော်ချုပ် တရားဝန်ကြီးများ သက်တမ်းကို ၆၅ နှစ် သတ်မှတ်သောကြောင့် ဆာဘဦးသည်ဆက်လက်၍ တရားဝန်ကြီးချုပ်အဖြစ် အမှုထမ်း နိုင်ခဲ့လေသည်။

တရားဝန်ကြီးချုပ်အား သမ္မတတင်မြှောက်ခဲ့ကြသော ဖဆပလ ခေါင်းဆောင်များသည် လူငယ်များဖြစ်ကြသည်။ ဝတ်လုံကြီးများ၊ တရားဝန်ကြီးများကို အတွင်းကျိတ်လေးစားကြသည်။ ဥပဒေပညာရှင်ကြီးများ ကိုင်၍ပြကြသော စာအုပ်ထူထူကြီးများနှင့် ယင်းစာအုပ်များမှ စကားလုံးကြီးကြီးများကို အနည်းနှင့်အများ အထင်ကြီးသည်။ ကြောက်ကြသည်။ အမျိုးသားခေါင်းဆောင်များသည် ကိုယ်ကိုယ်တိုင် အောက်စဖို့တက္ကသိုလ်၊ ကင်းဘရစ်တက္ကသိုလ်တို့ကို မရောက်ခဲ့ရ၊ ဝတ်လုံမဖြစ်ခဲ့ရ။ အမြင့်ဆုံး ရန်ကုန်တက္ကသိုလ်၊ သပိတ်စခန်းနှင့် အကျဉ်းထောင်များမှ လာကြသည်။ နိုင်ငံရေးခေါင်းဆောင်မှုအတွက် သူတို့ကဲ့သို့ ဘဝတက္ကသိုလ် ထွက် ပုဂ္ဂိုလ်များသည် ကောင်းစွာပြည့်စုံသည်ကို သူတို့မသိကြသေး။ သူတို့ကိုယ်သူတို့ ယုံကြည်မှုမရှိကြသေး။

ဝန်လုံကြီးများ၊ တရားဝန်ကြီးများကို ချဉ်းကပ်ခြင်း၊ ချီးမြှင့်များဖြင့် နိုင်ငံရေးခေါင်းဆောင်တို့က သူတို့ကိုယ်သူတို့ သဒ္ဒိတင်ခြင်းဖြစ်သည်။ “တို့နိုင်ငံခြား တက္ကသိုလ်ကြီး တွေကို မရောက်ခဲ့ပေမယ့် ရောက်ခဲ့တဲ့ ပညာရှင်ကြီးတွေနဲ့ တို့နဲ့တန်းတူပေါင်းနေနိုင်ပြီ တို့ကတောင်မှ သူတို့ကိုတာဝန်တွေပေး၊ ဘွဲ့တွေပေး၊ ချီးမြှင့်နေ ကြရပြီ” ဟု ကိုယ့်ကိုကိုယ် ယုံကြည်မှုပေးခြင်းမျိုးလည်း ဖြစ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ၊ ဥပဒေပညာရှင်ကြီးများနှင့် ဖဆပလ ခေါင်းဆောင်များ၏ ဆက်ဆံမှုသည် သဘာဝကျကျ လေးစားပူးပေါင်းကြခြင်း မဟုတ်ခဲ့သေးချေ။ တရားသူကြီးများ၊ ဥပဒေပညာရှင်ကြီးများထံမှ စေတနာ မှန်မှန်ကူညီကြသလို ဘွဲ့ထူး၊ ဂုဏ်ထူး၊ အခွင့်အရေးထူးများကို မျှော်ကိုး၍ ပေါင်းကြခြင်းများလည်း ရှိခဲ့သည်။ အချို့က တပည့်ခံ၍ အခွင့်အရေးတောင်းသည်။ အချို့က မင်းဆရာလုပ်၍ အခွင့်အရေးယူသည်။ ဤသည်လည်း အဂတိတပါးပင်ဖြစ်သည်။ တရားဝန်ကြီးချုပ်ကို သမ္မတတင်မြှောက်သော သာဓကကြောင့် ကျန်သော တရားဝန်ကြီးများအထဲမှလည်း အသက် ၆၅ နှစ် အထိ တရားဝန်ကြီး သို့မဟုတ် တရားဝန်ကြီးချုပ်လုပ်မည်။ ပြီးလျှင် သမ္မတလုပ်မည် စသည်ဖြင့် တွက်ချက်မှန်းမျှော်ခဲ့ကြပေလိမ့်မည်။ ယင်းသို့ မျှော်သည်နှင့် သမ္မတရာထူးသို့ တင်မြှောက်သောအစိုးရနှင့် အာဏာရပါတီတို့ကို မိတ်ဖွဲ့ရသည်။ မျက်နှာချိုသွေးရသည်။ ဤတွင်လည်း အဂတိတရားဝင်ပြန်သည်။ ငါသည် ယနေ့သေမည်လော၊ မနက်ဖြန် သေမည်လောမသိဟု အသိတရားရှိသော ပုဂ္ဂိုလ်သည် ရဲရင့်လွတ်လပ်သည်။ ငါသည် ၆၅ နှစ်အထိ တရားဝန်ကြီးဖြစ်လိမ့်မည်။ ပြီးလျှင် သမ္မတဖြစ်နိုင်သည်ဟု ထင်မြင်မျှော်လင့် သူသည် မလွတ်လပ်နိုင်ချေ။

ထို့ကြောင့်တရားရေးမဏ္ဍိုင်ယိုင်လာသည်။ ရှေ့နေရှေ့ရပ်များ၊ ပြည်သူအများက ထိုသို့ယိမ်းယိုင်လာသည်ဟု မြင်လာသည်။ ဖဆပလ ခေါင်းဆောင်များကလည်း သူတို့အထင်ကြီးခဲ့ကြသော တရားဝန်ကြီးအချို့သည် ဘွဲ့ထူး၊ ဂုဏ်ထူး၊ အခွင့်အရေးများနောက်သို့လိုက်တတ်သည်ကိုမြင်၍ တရားမဏ္ဍိုင်တရပ်လုံးကို အထင်အမြင် သေးလာသည်။ သူတို့ကိုယ်တိုင်လည်း ခေါင်းဆောင်မှုအတွေ့အကြုံများလာပြီ။ စာအုပ်ကြီးသမားတွေကလည်း သည်စကားလုံးကြီးကြီးတွေကို သုံးတာထပ်နေပြီ မထူးဆန်းတော့ချေ။ ထို့ကြောင့် နိုင်ငံရေးခေါင်းဆောင်တို့သည် အစပိုင်း၌ ဥပဒေ ပညာရှင်ကြီးများကို အလွန်ယုံကြည်အားကိုးခဲ့သလောက် နောက်ပိုင်းတွင် သူတို့ကိုလည်းကောင်း၊ သူတို့နှင့်ပတ်သက်၍ တရားဥပဒေကိုလည်းကောင်း  အလွန်အထင်အမြင်သေးလာသည်။ ဥပဒေပညာရှင်တို့ကို အကြိုက်ပေးလျှင် သူတို့ထံမှ လိုတာရသည်ဟု ထင်မြင်သလို တရားဥပဒေဆိုတာ လိုတိုးပိုလျှော့ လုပ်ချင်သလိုလုပ်လို့ရသည်ဟု ထင်မြင်လာသည်။ ယင်းသို့ဝင်ရိုးစွန်းနှစ်ဘက်တွင်သာ နေခဲ့ကြသည်။ အလယ်အလတ်လမ်းမှန်ကို မလိုက်ခဲ့ကြချေ၊ သူ့စည်းကိုယ့်စည်း မထားခဲ့ကြချေ။

ဖဆပလ ကွဲမှ လွတ်လပ်သော တရားစီရင်ရေးကို တမ်းတကြသည်။ အားကိုးတကြီးရှာဖွေကြသည်။ သို့ရာတွင် လွတ်လပ်သောတရားစီရင်ရေးဟူသည် နေ့ချင်းကြီးလာသည်မဟုတ်၊ မိုးပေါ်ကကျလာသည်မဟုတ်၊ တယုတယ၊ တရိုတသေ၊ ယုံယုံကြည်ကြည်၊ စိတ်ရှည်ရှည် မွေးမြူရသော တန်ခိုးသတ္တိဖြစ်နေကြောင်း သူတို့ အခါနှောင်းမှ သိရလေသည်။

ဗိုလ်ချုပ်နေဝင်းက တရားဥပဒေကို စာစကားတွင်သာမက အနှစ်သာရပါ ထက်မြတ်စေချင်သည်။ တရားဥပဒေကို ပွင့်လင်းရိုးသားစေချင်သည်။ လိုချင်တာသာပြောပါ။ ဖြစ်ပါတယ်ဆိုသော ပါရဂူများကို အလိုမရှိ။ သူ၏ရှေ့နေချုပ် ဦးဘစိန်အား “ဥပဒေ အကြံဉာဏ်ပေးရင်း ဖြစ်နိုင်တာကို ဖြစ်နိုင်တယ်ပြောပါ၊ အဖြစ်ဘူးပြောပါ၊ ရုံးရောက်တဲ့ ကိစ္စဆိုရင် တရားသူကြီးတွေ  လွတ်လပ်စွာဆုံးဖြတ်ပါစေ၊ ဥပဒေတရပ်ကို လိုအပ်ရင် ပြင်ဆင်ယူမယ်။ ကိုလိုသလို မဆွဲပါနဲ့” ဟုမှာကြားခဲ့လေသည်။

ဤအကြားမှ ဗိုလ်ချုပ်လိုတာခိုင်းပါဟု စကားလက်ဆောင်ပါးသော တရားသူကြီးများ မတောင်းသော ဥပဒေအကြံဉာဏ်ကို ပေးလိုသော  ပါရဂူကြီးများ ပေါ်ထွက်ခဲ့သေးသည်။

အိမ်စောင့်အစိုးရ (၁၈) လ သက်တမ်းအတွင်း ရှေ့နေချုပ်ရုံးတွင် ကျွန်တော် ပြဿနာမျိုးစုံကူညီဖြေရှင်းခွင့်ရခဲ့ပါသည်။ နိုင်ငံရေးခေါင်းဆောင်များ၊ ဥပဒေပညာရှင်ကြီး များနှင့်လည်းတွေ့ဆုံ၍ ဆွေးနွေးလေ့လာခွင့်ရခဲ့ပါသည်။ ကျွန်တော်မှာ လူငယ်သာ ဖြစ်ပါသည်။ မကြုံဖူးသေးသော ပြဿနာများကို လေးလေးနက်နက် သုတေသနပြုလုပ်ကာ အဖြေရှာရလျှင် အဖြေမှန် အပြည့်အစုံမရသေးစေကာမူ ကျွန်တော်အတွက် ပညာရသည်။ ကျွန်တော်တို့က အထိုက်အလျောက် သင့်မြတ်သောအဖြေ ထုတ်ဖော်ပေးနိုင်လျှင် နောင်အခါတွင် ပို၍မှန်ကန်ပြည့်စုံသော အဖြေပေါ်လာလိမ့်မည်။ မိမိထက်အသက်၊ ဝါကြီးသော ပုဂ္ဂိုလ်များအား

ဆည်းကပ်၊ ဆည်းပူးရလျှင်လည်း သူတို့၏အတွေ့အကြုံ၊ ဗဟုသုတ၊ မှတ်သားစရာတွေ၊ အကျိုးကျေးဇူးတွေရသည်။ ထိုပုဂ္ဂိုလ်တို့ သည်သူတို့အမြင် အယူအဆနှင့် လုပ်ကိုင်ဆောင်ရွက်ကြတာတွေဖြစ်သည်။ အများအတွက် ဆိုးကျိုးကိုသာ လိုလား၍ ပြုလုပ်ကြသည်မဟုတ်ဟု စိတ်တွင်ထားကာ လေးစားစွာမေးမြန်းဆွေးနွေးလျှင် သူတို့လည်း အလွန်ပြောချင်၊ ဆိုချင်၊ ရှင်းပြချင် ရှိကြသည်ကိုလည်း တွေ့ခဲ့ရပါသည်။ မိမိဘက်မှ ကြားနာရသမျှကို ချင့်ချိန်စဉ်းစား၍ မှတ်သားရန် အရေးကြီးပါသည်။

ပါလီမန်တွင် ဖဆပလ (၂) ဖွဲ့ မဲခွဲအားပြိုင်ခဲ့ကြပြီးနောက် ပမညတ၏ ထောက်ခံမှုဖြင့် ရပ်တည်ခဲ့သော ဝန်ကြီးချုပ်ဦးနုအဖို့ နိုင်ငံတော်ရ – သုံးခန့်မှန်းခြေ (ဘတ်ဂျက်) ဥပဒေကို မည်ကဲ့သို့ပြဋ္ဌာန်းရမည် ပြဿနာပေါ်ခဲ့သည်။ နိုင်ငံတော်ဘဏ္ဍာကို ပါလီမန်က ခွင့်ပြုခွဲဝေပေးရသည်။ ဤသို့ဖြင့် အစိုးရ၏လုပ်ရပ်တို့ကို ပြည်သူတို့ကိုယ်စား ပါလီမန်က ကြပ်မတ်ရသည်။ ယင်းသည် ပါလီမန်၏ အဓိကကျသော တာဝန်နှင့် အာဏာဖြစ်သည်။

ဘတ်ဂျက်ကို ပြည်သူ့လွှတ်တော်သိုတင်သွင်းသော် အမတ်အများစု၏ ထောက်ခံမှုကိုရပါမည်လား၊ ဥပဒေကြမ်းကို လွှတ်တော်ကပယ်ခဲ့လျှင် အစိုးရအပေါ် အယုံအ ကြည်မရှိဟု ဆုံးဖြတ်ရာရောက်လိမ့်မည်။ သို့ဖြစ်လျှင် အစိုးရအဖွဲ့ ထွက်ဖို့သာရှိတော့သည်။ သို့မဟုတ် လွှတ်တော်ကို ဖျက်သိမ်းကာ အထွေထွေရွေးကောက်ပွဲ ကျင်းပရသည်။ ယင်းသို့ ကျင်းပနိုင်ရန် နိုင်ငံအေးချမ်းတည်ငြိမ်ဖို့လိုသည်။

ထိုအခြေအနေတွင် ဝန်ကြီးချုပ်ဦးနုသည် ဘတ်ဂျက်ကို လွှတ်တော်သို့မတင်ဘဲ နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ဖြင့် ထုတ်ပြန်ခဲ့သည်။ အမိန့်သည် သာမန်အားဖြင့် ၄၅ ရက်သာတည်နိုင်သည်။ ထို့ကြောင့် ထိုကာလအတွင်း လွှတ်တော်ကိုဖျက်သိမ်း၊ အထွေထွေရွေးကောက်ပွဲကျင်းပ၊ ပေါ်ပေါက်လာသော လွှတ်တော်အသစ်ကို ဘတ်ဂျက်တင်သွင်းပြဋ္ဌာန်းမည်ဟု ရည်ရွယ်ခဲ့ဟန်ရှိလေသည်။

ဘတ်ဂျက်ကို အမိန့်ဖြင့် ပြဋ္ဌာန်းခြင်းသည် သာမန်အခြေအနေတွင် သာဓက ရှာ၍ တွေ့ရန်ခဲယဉ်းသော လုပ်ရပ်ဖြစ်လေသည်။ သို့ရာတွင် နိုင်ငံတွင်ဖြစ်ပေးသော အခြေအနေကလည်း သာမန်ဖြစ်သည်ဟုမဆိုနိုင်။ အကြပ်အတည်းအတွင်းမှ ထွက်ပေါက်ရှာခြင်း ဖြစ်ခဲ့သည်။

"အိမ်စောင့်အစိုးရ" လက်ထက်တွင် ဘတ်ဂျက်ကို သမ္မတအမိန့်ဖြင့် ထုတ်ပြန်ခဲ့ခြင်းနှင့်ပတ်သက်၍ ထိုစဉ်က တရားရေးဝန်ကြီးဖြစ်ခဲ့သော ဒေါက်တာအေးမောင် အား ကျွန်တော်မေးမြန်းခွင့်ရခဲ့၏။ ဒေါက်တာအေးမောင်သည် ဥပဒေပညာရှင်တဆူ ဖြစ်ခဲ့လေသည်။ တရားလွှတ်တော်ချုပ် တရားဝန်ကြီး၊ ၁၉၄၉ –၅၀ ခုနှစ်တွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးဖြစ်ပြီး၊

နိုင်ငံရေးနယ်ဘက်သို့ ရောက်ရှိကာ ပမညတ တပ်ပေါင်းစုဝင် 'တရားမျှတရေးပါတီ' ခေါင်းဆောင်ဖြစ်လိုက်၊ ဖဆပလ အကွဲတွင် ဦးနုနှင့် ပြန်ပေါင်းကာ တရားရေးဝန်ကြီးတာဝန်ယူလိုက်နှင့် နိုင်ငံရေးသံသယာလည်ခဲ့သော ပုဂ္ဂိုလ်ဖြစ်လေသည်။

ဒေါက်တာအေးမောင်အား "ဆရာကြီးဘာကြောင့် နိုင်ငံတော်ဘဏ္ဍာနဲ့ ပတ်သက်တဲ့ ဥပဒေကို လွှတ်တော်ကိုကျော်ပြီး သမ္မတအမိန့်နှင့် ထုတ်ပြန်ခဲ့တာလဲ" ဟုမေးမြန်းခဲ့ပါသည်။ "ကိုယ်တိုင်ဥပဒေပညာရှင်ကြီး တဦးဖြစ်ပါလျှက် အဲဒီလို လုပ်နိုင်တယ်လို့ အစိုးရအဖွဲ့ကို ဘာကြောင့်အကြံပြုခဲ့တာလဲ" ဟု ဝေဖန်ပါသည်။ ဒေါက်တာအေးမောင်က "ဟာ --- ကျုပ်က တရားရေးဝန်ကြီး၊ နိုင်ငံရေးနှင့်ပတ်သက်ပြီးသာ တာဝန်ရှိတာ၊ ရှေ့နေချုပ်ဒေါက်တာဘဟန်ရဲ့ အကြံဉာဏ်ကို တောင်းလိုက်တော့ သူကလုပ်နိုင်တယ်၊ ဥပဒေနဲ့ညီတယ်လို့ အကြံပေးခဲ့တာဗျ။ ကျုပ်အကြံမပြုခဲ့ဘူး၊ ပြီးတော့ အခြေအနေအရလဲ တခြားနည်းမမြင်တော့ဘူးလေ" ဟုဖြေကြားခဲ့လေသည်။ ဒေါက်တာဘဟန် ရေးသားခဲ့သော စာမျက်နှာနှစ်မျက်နှာရှိသည့် အိန္ဒိယနိုင်ငံ ရေးတရားစီရင်ထုံးများကို ကိုးကားထားသည့် အကြံပြုချက်မိတ္တူတစောင်ကို လိုလိုမယ်မယ် အထောက်အထားအဖြစ် သိမ်းဆည်းကိုင်ဆောင်ထားခြင်းဖြစ်ဟန်တူပါသည်။

အခြေခံဥပဒေကို နိုင်ငံသစ်တည်ရာတွင် ရေးဆွဲပြဋ္ဌာန်းကြပါသည်။ မည်ကဲ့သို့သော အခြေခံမှုများကို ချမှတ်၍၊ မည်ကဲ့သို့သော ရည်မှန်းချက်များဖြင့် နိုင်ငံကို မည်သို့ဖွဲ့စည်းတည်ထောင်ကြမည်၊ နိုင်ငံရေးရာတို့ကို မည်သို့ စီမံခန့်ခွဲကြမည် စသည်တို့ကို ပြည်သူတို့ကိုယ်စားတိုင်းပြုပြည်ပြုလွှတ်တော်က ဆွေးနွေးညှိနှိုင်း သတ်မှတ်ပြဋ္ဌာန်းကြခြင်းဖြစ်ပါသည်။

ထို့ကြောင့် အခြေခံဥပဒေတွင် နိုင်ငံ၏သမိုင်းနောက်ခံ ပေါ်လွင်သည်။ နိုင်ငံသူ၊နိုင်ငံသား တိုင်းရင်းသား တို့၏ မျှော်လင့်တောင့်တချက်၊ ကတိ၊ သန္နိဋ္ဌာန်၊ ကျင့်ဝတ်သီလ၊ စည်းကမ်းများပါဝင်သည်။ ပြည်သူတို့နှင့်ပြည်သူတို့ ရွေးချယ်တင်မြှောက်ကြသည့် အစိုးရ၊ အဖွဲ့အစည်းများက ယင်းကတိ၊ သီလများကို မြဲမြံ၍ ဖွဲ့သန်သန်လုပ်ကိုင် ကြိုးပမ်းကြ သည်နှင့်အမျှ အခြေခံဥပဒေသည် ခိုင်ခံ့ရှင်သန်သည်။ ပြည်သူတို့၏ မျှော်လင့်တောင့်တချက်တို့သည်လည်း စိတ်ကူး၊ အိပ်မက်အဖြစ်မှ လက်တွေ့ဘဝသို့ ကူးပြောင်း ဖြစ်ထွန်းနေဖို့ရှိသည်။

ပြည်သူ သို့မဟုတ် ပြည်သူတို့က ယုံကြည်အားကိုးစွာ အာဏာနှင့် တာဝန်အပ်နှင်းလိုက်ကြသော ပုဂ္ဂိုလ်အဖွဲ့အစည်းများက သီလပျက်လာကြသည်နှင့်အမျှ အခြေခံဥပဒေပါ ရွှန်းရွှန်းဝေဆာ ခန့်ညားထည်ဝါသော စကားလုံးများသည်လည်း အနှစ်သာရအရ အဓိပ္ပာယ်ကင်းမဲ့လာတတ်သည်။ စာရွက်ပေါ်က စကားလုံးများအဖြစ်သာ ဝပ်လျှိုးနေရသည်။

နိုင်ငံတွင် အရေးပေါ်လာသောအခါ အခြေခံဥပဒေသည် အရေးကြီးလာတတ်သည်။ ၁၉၅၈ – ၅၉ ခုနှစ် များတွင် ကျွန်တော့်ရှေ့နေချုပ်ရုံး၌ တာဝန်ထမ်းဆောင်ခဲ့စဉ် အခြေခံဥပဒေစာအုပ်များကိုကိုင်ကာ တရားရုံးများသို့ ရောက်လာကြသော နိုင်ငံရေးခေါင်းဆောင်များကို တွေ့ခဲ့ရသည်။ ကိုယ်လိုသလိုဆွဲ၍ အဓိပ္ပာယ်ကောက်ကြတာတွေကို ကြားခဲ့ရသည်။

၁၀ ခန့်နှင့် ပြိုင်ဘက်ကင်းသော အာဏာကို လက်ကိုင်ထားခဲ့ကြစဉ်က ထိုမျှ အခြေခံဥပဒေကို လေ့လာစိတ်ဝင်စားမှု မရှိခဲ့ကြ။ အစိုးရက လုပ်ကိုင်ချင်သည်ကို ဥပဒေ တရပ်ရပ်က အဟန့်အတားပြုနေသည်ကိုတွေ့လျှင် ဥပဒေကို  လိုအပ်သလို ပြင်ဆင်ပေးဖို့ လွှတ်တော်သို့ တင်ပြမည့်အစား နားလည်မှုဖြင့် လုပ်ချင်တာလုပ်လိုက်ရလျှင် အဟုတ်ကြီးထင်လာတတ်ကြသည်။ “ မည်သည့်ဥပဒေတွင် မည်သို့ပင် ဆိုစေကာမူ” ဟူသောရာဇသံဖြင့် ကြုံးဝါးသိမ်းကျုံးလွှမ်းမိုးသော စကားရပ်မျိုးဖြင့် အထူးဥပဒေများကို လွှတ်တော်သို့ အချိန်တိုတိုနှင့် စဉ်းစားဆွေးနွေးချိန် အလုံအလောက် မပေးဘဲ တင်သွင်းပြဋ္ဌာန်းခြင်းမျိုးကိုလည်း ပြုတတ်ကြသည်။ ဤသို့လုပ်လိုက်ရလျှင် မိမိတို့ကိုယ်မိမိ အတော်ထင်ကြီးတတ်သော ဝန်ထမ်း၊ အကြံပေးတို့က ဖျက်သည်။ မဖျက်ခင်က ပျက်ချင်ချင်ပုဂ္ဂိုလ်များနှင့် မိတ်ဖက်တွေ့သွားတတ်ကြသည်။

ဤသည်ကား တနိုင်ငံ၊ တခေတ်၏ ပြဿနာမဟုတ်ပါ။ နိုင်ငံတိုင်း ခေတ်တိုင်း၏ ပြဿနာ လူ့သဘာဝပြဿနာဖြစ်သည်။ လူ့သဘာဝက အစဉ်ပြောင်းလဲ၍နေသည်။ လူ့အနီးအဝေး ပတ်ဝန်းကျင်တို့ကလည်း အစဉ်ပြောင်းလဲ၍နေသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်း၏ ပြဿနာများကလည်း အပြီးပြေလည်သွားသည်မရှိနိုင်၊ အစဉ်ပြောင်းလဲနေမည်သာဖြစ်သည်။ လောကဆိုသည့် ဝေါဟာရသည်ပင်လျှင် ‘ပရမ်းပတာ၊ အဆီးအတားမရှိ၊ အရမ်းဖြစ်ပျက်တတ်လျက် ကြာမြင့်စွာတည်တံ့ခြင်းမရှိသော သဘောတရား’ ဟု အရှင်ဩဘာသဘိဝံသပြုစု၍ ဦးဖိုးလတ် ပုံနှိပ်ထုတ်ဝေခဲ့သော ‘သုတေသန ရုပ်ပြအဘိဓာန်’ တွင် တွေ့ရပါသည်။

ပြည်သူ့အတွက် ပြည်သူကတာဝန်ယူဆောင်ရွက်သော ပြည်သူ့အစိုးရဟူသော ဒီမိုကရေစီစနစ်သည် သဘောအားဖြင့် အလွန်ကောင်းပါသည်။ မည်သူ့ကိုမျှ မကြိုက်စရာမရှိပါ။ လက်တွေ့လုပ်ဆောင်ရာတွင်ကား အလွန်သိမ်မွေ့နက်နဲ၍ ပြည်သူများနှင့် အဆင့်ဆင့်တွင် တာဝန်ယူကြရသော ပြည်သူ့ကိုယ်စားလှယ်များ အမြဲ အပြတ်ကျင့်ဝတ် သီလစောင့်ကြ၊ တရားမျှတ၊ ကိုယ်ချင်းစာ၊ တာဝန်ကျေ၊ ကျွမ်းကျင်လိမ္မာကြခြင်းစသော ယဉ်ကျေးသည့် တရားများအပေါ် တည်မှီနေပါသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပြည်သူတို့၌တည်သည်။ ပြည်သူတို့က ထိုအာဏာအရပ်ရပ်ကို ယင်းတို့က ရွေးချင်တင်မြှောက်သောကိုယ်စားလှယ်များသို့ အခြေခံဥပဒေနှင့်အညီ ခွဲဝေအပ်နှင်းသည်ဟူသော ဒီမိုကရေစီအုတ်မြစ်ကို ပြည်ထောင်စုမြန်မာနိုင်ငံတွင် စမ်းသပ် ကျင့်သုံးခဲ့သော ၁၉၄၇ ခုနှစ် အခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် အခြေခံဥပဒေတို့တွင် အခိုင်အမာ ချမှတ်ထားသည်။ အခြေခံဥပဒေ

နှစ်ရပ်လုံးတွင် 'ပြည်သူတို့က ရေးဆွဲပြဋ္ဌာန်း၍ ပြည်သူတို့အား အပ်နှင်းသော အခြေခံဥပဒေ' ဟု ဥဒါန်းကျူးရင့်ထားကြပါသည်။

ဥဒါန်းကျူးရင့်ထားသည့်အတိုင်း၊ သန္နိဋ္ဌာန်ချမှတ်ခဲ့ကြသည့်အတိုင်း ၁၉၄၇ ခုနှစ်မှ ၁၉၆၂ ခုနှစ်ကာလ၊ ပထမ အခြေခံဥပဒေ သက်တမ်းအတွင်း၌ အပြည့်အဝအဖြစ်ခဲ့ကြပါ။ ၁၉၄၇ ခုနှစ်မှ ၁၉၈၈ ခုနှစ်ကာလအထိ ဒုတိယအခြေခံဥပဒေသက်တမ်းအတွင်း၌လည်း အပြည့်အဝ အဖြစ်ခဲ့ကြပါ။ ကြံစည်တိုင်းလည်းမဖြစ်၊ မကြံစည်ဘဲလည်း ဖြစ်တတ်သည်မှာ လောကဓမ္မတာဖြစ်ပါသည်။

မဖြစ်ခဲ့သည့်အတွက်လည်း မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမျှ ပြစ်တင်ရန်မလို။ သူ့အမြင်နှင့်သူ ကောင်းမည်ထင်ရာ လုပ်ကြတာတွေသာဖြစ်သည်။ လူတဦး၏ တသက်တာတွင် အတက်အကျတွေရှိသည်။ ကောင်းတာတွေရှိသည်။ ဆိုးတာတွေရှိသည်။ စိတ်ရှိင်းဝင်တာတွေရှိသည်။ ကောင်းမည်လိုလိုနှင့် ဆိုးတာတွေရှိသည်။ ဆိုးမည် လိုလိုနှင့် ကောင်းတာတွေရှိသည်။ နိုင်ငံသက်တမ်းတွင်လည်း ဤသို့သာဖြစ်သည်။

ပါတ်ဝန်းကျင်အခြေအနေနှင့်သင့်မြတ်အောင် စုဝေးနေထိုင်ကြပြီး အပေးအယူမျှတကြ၍ ယဉ်ကျေးသိမ်မွေ့စွာ သူ့အကျိုး၊ ကိုယ့်အကျိုးဖြစ်ထွန်းစေခြင်းသည်သာလျှင် အကောင်းဆုံးသော စနစ်မျိုးဖြစ်ပါသည်။ ထိုစနစ်နှစ်မျိုးကို ကမ္ဘာသူ ကမ္ဘာသားတို့၊ မိမိတို့ အစုအဖွဲ့အလိုက် ရှာဖွေလာခဲ့ကြသည်မှာ နှစ်ပေါင်းထောင်နှင့်ချီ၍ ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။

ကြံစည်တိုင်းလည်းမဖြစ်၊ မကြံစည်ဘဲလည်း ဖြစ်ချင်လျှင်ဖြစ်တတ်ကြောင်းကို ၁၀ နှစ်သားအခြေခံဥပဒေကိုပုံပြု၍ ဦးချန်ထွန်းက ကျွန်တော့်အား တရားပြခဲ့ဖူးသည်။ အခြေခံဥပဒေမူကြမ်းရေးဆွဲရာတွင် ဥပဒေအကြံပေးပုဂ္ဂိုလ်ဖြစ်သော ဦးချန်ထွန်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ရှေ့နေချုပ်ဖြစ်လာသည်။ နောင်တွင် တရားလွှတ်တော်ချုပ် တရားဝန်ကြီးဖြစ်လာသည်။ ၁၉၅၉ ခုနှစ်တွင် ကျွန်တော်လက်ထောက် ရှေ့နေချုပ်ဖြစ်စေ တရားလွှတ်တော်ချုပ်ရှေ့နေတွင် အစိုးရအတွက် အမှုလိုက်ပါဆောင်ရွက်ရာ၌လည်းကောင်း၊ အခြားဥပဒေရေးရာကိစ္စများနှင့်ပတ်သက်၍ လည်းကောင်း ဦးချန်ထွန်းနှင့် အကြိမ်ကြိမ်တွေ့ဆုံခဲ့ရသည်။ အခြေခံဥပဒေ ရည်မှန်းချက်များနှင့် လက်တွေ့ပေါ်ပေါက်လာသော ပြဿနာများအကြောင်းကို မေးမြန်းခဲ့ရသည်။

ဦးချန်ထွန်းက အခြေခံဥပဒေမူကြမ်းရေးဆွဲရာတွင် ကိုးကားလေ့လာခဲ့သော အခြားနိုင်ငံဥပဒေများ မူကြမ်းရေးဆွဲရေးကော်မတီများ၏ မှတ်တမ်းများ၊ ပထမမူကြမ်း၊ ဒုတိယ မူကြမ်းစသော မူကြမ်းအဆင့်ဆင့် စသည်တို့ကိုပြသည်။ အခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြခြင်း မပြုစေကာမူ အချိန်ကျရောက်လျှင် ဆောင်ရွက်ကြရန် ကတိပြုထားချက်များ၊ အစဉ်အ

လာထုံးများအဖြစ် စောင့်ထိန်းကျင့်သုံးရန် သဘောတူချက်များကိုလည်း ရှင်းပြသည်။ “ဗိုလ်ချုပ်အောင်ဆန်းနဲ့ ခေါင်းဆောင်များကျဆုံးကြ၊ လွတ်လပ်ရေး ရပြီးကတည်းက ပြည်တွင်းဆူပူသောင်းကျန်းမှုတွေ ပြင်းထန်ခဲ့တာကြောင့် ဆက်လက်ဆောင်ရွက်စရာအချို့ကို မဆောင်ရွက်နိုင်ကြဘူး။ ပျိုးထောင်စရာ အစဉ်အလာ ထုံးတမ်းများကိုလဲ ပျိုးထောင်ခြင်းမပြုနိုင်ကြပါဘူး” ဟု ဦးချန်ထွန်းက ဝမ်းနည်းစွာ ညည်းတွားခဲ့လေသည်။

အခြေခံဥပဒေတွင် ပြည်နယ်များနှင့်ပါတ်သက်သော ပြဋ္ဌာန်းချက်များကို အချင်းချင်း ယုံကြည်လေးစားစိတ်ကို အရင်းခံ၍ ညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။ ပြည့်စုံသည်တော့မဟုတ်။ တိုင်းရင်းသားအများစုနှင့် ဆွေးနွေးဆုံးဖြတ်နိုင်ခဲ့ကြသည် မဟုတ်။ အချိန်လည်းမရ။ အခြေအနေလည်းမပေး။ တိုင်ရင်းသားအများစုမှာလည်း အင်္ဂလိပ် လက်အောက်၌ သီးခြားခွဲထားခြင်းခံခဲ့ကြရသည်။ ပညာရေး၊ လူနေမှု၊ အတွေးအခေါ်တို့တွင် ခေတ်မမှီဖြစ်နေကြသည်။ ထို့ကြောင့် သူတို့ကိုယ်စားလှယ်ဆိုသော ပုဂ္ဂိုလ်များ၊ နယ်စားပယ်စားများနှင့်သာ တွေ့ဆုံခဲ့ကြရသည်။ ထိုပုဂ္ဂိုလ်အချို့က ကိုယ်ကျိုးကိုသာ ရှေ့ထားသည်။ သူတို့အတွက် သာမည်ထင်သည့်ဘက်ကို ကူးဖို့ ပေါင်းဖို့ ဝန်မလေးခဲ့ကြ။ မိမိတို့နှင့်နီးစပ်ရာ နိုင်ငံကြီးနှင့်ပေါင်းမည်ဟုပင် လေသံပစ်ခဲ့ကြသေးသည်။ ဈေးဆစ်ခဲ့ကြသေးသည်။ သို့ရာတွင် ပုဂ္ဂိုလ်အများစုက အဖြစ်မှန်ကို လက်တွေ့ကျကျ မြင်တတ် အရှည်မျှော်၍ အများအကျိုးကို ကြည့်တတ်၍ တော်ပါသေး၏။ အချိန်မှီ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ခဲ့ကြသည်။

‘ရှမ်းပြည်နယ်ဆိုတာလဲ တောင်းပိုင်း၊ မြောက်ပိုင်း၊ ကျင်းတုံနယ်တို့နဲ့ အကျယ်ကြီး၊ လူမျိုးကြီးငယ်တွေလည်းစုံလို့။ ဒါကြောင့်ရှမ်းပြည်နယ်ထောင်စုမှာ ပါဝင်လာတော့ စော်ဘွားများကို လူမျိုးစုလွှတ်တော်မှာ ၂၅ နေရာ၊ ပြည်နယ်သား အများဆန္ဒနဲ့ မဟုတ်ဘဲ သူတို့အချင်းချင်းအထဲကပဲ ရွေးတင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်များက ပြည်သူ့လွှတ်တော်သို့ ရွေးချယ်တင်မြှောက်ကြရာမှာတော့ စော်ဘွားများ အရွေးခံခွင့် မရှိစေရလို့ ပြဋ္ဌာန်းခဲ့ကြတယ်။ ကယားပြည်နယ်အတွက်လဲ ဒီအတိုင်းပဲ၊ ဒါဟာ ဒီမိုကရေစီအပြည့်အဝကျတယ်လို့တော့ ဘယ်ပြောနိုင်မှာလဲ။ သို့မဟုတ် လွတ်လပ်ရေးရပြီး သုံးနှစ်ကြာရင် ဒီပြဋ္ဌာန်းချက်တွေကို ပြန်လည်သုံးသပ်ပြီးသင့်မြတ်သလို ပြင်ဆင်ကြမယ်လို့ သဘောတူခဲ့ကြတယ်။ သုံးနှစ်ကြာတော့ ပြန်ပြင်နိုင်ဖို့နေနေသာသာ ပထမ အထွေထွေရွေးကောက်ပွဲကိုတောင်မှ မကျင်းပနိုင်ခဲ့သေးဘူး’။

ဦးချန်ထွန်းက ထိုသို့ ကျွန်တော့်အားပြောပြသောအချိန်သည် ၁၉၅၈ ခုနှစ် အတွင်းက ဖြစ်လေသည်။ ၁၉၅၉ ခုနှစ်ဆန်းတွင် ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သော ‘အိမ်စောင့်အစိုးရ’ က ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် စော်ဘွား၊ စောဖျားများသည် တိုင်းရင်းသားပြည်သူများနှင့် အခွင့်အရေးတန်းတူ လွှတ်တော်နှစ်ရပ်လုံးသို့ ရွေးချယ်ခံခွင့်ရစေရန်နှင့် ယင်းတို့အတွက် သီးသန့်နေရာများလည်း မရှိစေရန် အခြေခံဥပဒေတွင် လိုအပ်သောပြင်ဆင်ချက်များကို စော်ဘွားများ၊ စောဖျားများ၏ သဘောတူညီချက်ဖြင့် လွှတ်တော်သို့

တင်သွင်းပြဌာန်း ခဲ့လေသည်။ ထိုအကြောင်း အကျဉ်းနှင့် အခြေခံဥပဒေ ပြင်ဆင်ချက်များကို ၁၉၅၉ ခုနှစ် တွင် ပထမအကြိမ်ထုတ်ဝေခဲ့သော ဤစာအုပ်တွင် ဖော်ပြထားပါသည်။ ပြည်နယ်အစိုးရများ ဖွဲ့စည်းပုံနှင့်ပတ်သက်၍ ဦးချန်ထွန်းက အထူးဂုဏ်ယူခဲ့သည်။ မိမိလေ့လာဆည်းပူး စိတ်ကူးကြံဆရာမှ ထွက်ပေါ်လာသောအဖြေ ဖြစ်သည်ဟုဆိုလေသည်။

ပြည်နယ်များတွင် ပြည်နယ်ကောင်စီရှိရမည်။ ပြည်ထောင်စုပါလီမန် သဘောမျိုး ဖြစ်သည်။ ထို့အပြင် ပြည်နယ်အစိုးရအဖွဲ့ရှိရမည်။ ပြည်နယ်ကိုအမှူးပြုသော ပြည်နယ် ဥက္ကဌ ရှိရမည်။ ထိုကောင်စီ၊ အစိုးရအဖွဲ့၊ ဥက္ကဌတို့ကို သီးခြားရွေးချယ် တင်မြှောက်ရလျှင် စရိတ်ကုန်ကျသည်။ လူကုန်မည်။ ထို့ကြောင့် ပြည်ထောင်စုပါလီ မန်လွှတ်တော်နှစ်ရပ်သို့ ပြည်နယ်မှရွေးချယ်တင်မြှောက်ကြသော အမတ်များကိုပင် ပြည်နယ်တွင် ပြည်နယ်ကောင်စီများအဖြစ် ဖွဲ့စည်းမည်။

ထိုသို့ဖွဲ့စည်းခြင်းဖြင့် ပြည်နယ်ကောင်စီနှင့် ပါလီမန်ဆက်စပ်မှုရမည်။ ပါလီမန်တွင် ပြည်နယ်၏အခြေအနေ၊ ပြည်နယ်သားတို့၏ဆန္ဒများကို တင်ပြနိုင်မည်။ ပြည်နယ် ကောင်စီသို့ ပြန်ရောက်သည့်အခါ၌လည်း ပြည်ထောင်စုပါလီမန်၏ အတွေးအခေါ် ဆုံးဖြတ်ဆောင်ရွက်ချက်များကို ရှင်းပြနိုင်ကြလိမ့်မည်။ ပြည်နယ်ကောင်စီက တင်မြှောက်သော အစိုးရအဖွဲ့ဝင်များသည် ပြည်နယ်၏လိုအပ်ချက်များကို ပြည်ထောင်စုအတွေးအခေါ် ဖြင့် ကျယ်ကျယ်ဝန်းဝန်းကြည့်ကာ ဖြစ်နိုင်သည်တို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ကြလိမ့်မည်။ ထိုမျှသာမက သေး နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်နယ်ကောင်စီနှင့်တိုင်ပင်၍ ပြည်နယ်မှအမတ်တဦးကို ယင်းပြည်နယ်ဝန်ကြီး  အဖြစ်ခန့်အပ်ရန် နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြ၊ သမ္မတက ခန့်ပြီးသောအခါ ယင်းပုဂ္ဂိုလ်သည်ပြည် ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးဖြစ်သည့်အပြင် ပြည်နယ်ဥက္ကဌပါ တပါတည်းဖြစ်လာသည်။

ထိုသို့ဖြင့် လူမကုန်၊ စရိတ်ပိုများစွာ မကုန်ဘဲ ပြည်နယ်အမတ်များပင် ပြည်ထောင်စုပါလီမန်အမတ်များဖြစ်ခြင်း၊ ပြည်နယ်ကောင်စီများဖြစ်ခြင်း၊ ပြည်နယ်အစိုးရ အဖွဲ့ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့တွင် ပြည်နယ်ဝန်ကြီးတနေရာ အနည်းဆုံးရှိရမည့် အပြင် အခြားဝန်ကြီးနေရာများတွင်လည်း ခန့်အပ်ခံလိုက်ရခြင်းတို့ကြောင့် ပြည်ထောင်စုနှင့် ပြည်နယ်၊ သီးခြားရပ်တည်မနေ၊ ရင်းနှီးကြ၍ အဆက်အစပ်မပြတ် ရှိလိမ့်မည်ဟု အခြေခံဥပဒေက မျှော်မှန်းခဲ့လေသည်။

ပြည်နယ်နှင့် ပြည်ထောင်စု၊ အထက်ပါကဲ့သို့ ဆက်စပ်ထားခြင်းသည် စာရွက်ပေါ်တွင်ကောင်းပါ၏။ လက်တွေ့တွင်မူ အခြေခံဥပဒေ၏ ၁၀ နှစ်သက်တမ်းမှာပင် ပြဿနာမျိုးစုံပေါ်ခဲ့လေသည်။ ပြည်နယ်ဝန်ကြီးများသည် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များဖြစ်ကြသဖြင့် ပြည်နယ်ဥက္ကဌတာဝန်ကို ထိရောက်စွာထမ်းဆောင်၍  ပြည်နယ်၏ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးရေး

တိုးတက်ရေးတို့ကို ပြည့်ပြည့်ဝဝ မပြုနိုင်ကြ။ မြို့တော်ရန်ကုန်၌သာ အနေများပြီး ရန်ကုန်တွင် ရှုပ်ထွေးသမျှသော နိုင်ငံရေးပါတီ၊ အုပ်စုရေး တို့တွင် ပါဝင်လာကြသည်။ ထိုအထဲ ဖဆပလအဖွဲ့ ကြီးနှစ်ချမ်းကွဲသွားသောအခါ ပုဂ္ဂိုလ်ခင်မင်မှုနှင့် အခြားအကြောင်းများကြောင့် သန့်ရှင်းဖဆ ပလသို့ ပါသူပါ၊ တည်မြဲနောက်သို့ လိုက်သူလိုက်နှင့် နိုင်ငံရေးအကွဲဂယက်သည် ပြည်နယ်များ သို့ ကူးစက်ရိုက်ခတ် ခဲ့လေသည်။

"အခြေခံဥပဒေရေးဆွဲခဲ့ကြစဉ်က ဖဆပလ အဖွဲ့ကြီးဟာ ရာသက်ပန် တည်တံ့ခိုင်မြဲလိမ့်မယ်လို့ယူဆခဲ့ကြတာပေါ့။ ဒီတပ်ပေါင်းစုကြီးကွဲပြီဆိုရင် ပြည်နယ်ကောင်စီတခုမှာ အင်အားများရာအဖွဲ့က ပြည်ထောင်စုပါလီမန်မှာ အတိုက်အခံအဖွဲ့ဖြစ်နေရင် ဝန်ကြီးချုပ်က ဘယ်လိုလုပ်ပြီး သူ့အစိုးအဖွဲ့မှာပါဝင်မဲ့ အဲဒီပြည်နယ်ဝန်ကြီးကို ရွေးရပ့်မလဲ၊ သူယုံကြည်စိတ်ချနိုင်တဲ့ ပြည်နယ်အမတ်ကို ရွေးပြီးခန့်အပ်ရန် အဲဒီပုဂ္ဂိုလ်က ပြည်နယ် ကောင်စီမှာ အားနဲနေလို့ ပြည်နယ်ဥက္ကဋ္ဌတာဝန်ကို ပိုင်ပိုင်ဆိုင်ဆိုင် ထမ်းဆောင်နိုင်မှာ မဟုတ်ဘူး၊ ပြည်နယ်ကောင်စီမှာ အားသာနေတဲ့ အဖွဲ့ခေါင်းဆောင်အမတ်ကိုပဲ ပြည်နယ်ဥက္ကဋ္ဌရွေးချယ်စေရင်လဲ အတိုက်အခံဘက်ကဖြစ်နေလို့ ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်လူကြီးအဖြစ်လက်ခံပြီး ညီညီညွတ်ညွတ်စုပေါင်းတာဝန်ယူလုပ် ကိုင်နိုင်ဖို့ ခဲယဉ်းလိမ့်မယ်။ ဟိုတုန်းကတော့ ဒီပြဿနာကို မျှော်မှန်းပြီး ကြိုတင်မမြင်ခဲ့မိဘူး၊ အင်္ဂလန်နိုင်ငံမှာ စကော့တလန်နယ်အတွက် ဝန်ကြီးတဦးကို ပါလီမန်အမတ်ထဲက ရွေးပြီးခန့်အပ်ထားတာ ဒီဝန်ကြီးဟာစကော့ တလန်နယ်ရေးရာကိစ္စတွေမှာ သူ့ဌာန၊ သူ့ရုံးတွေနဲ့ လုပ်ဆောင်တာကို နမူနာယူပြီး ပြည်နယ်အစိုးရဖွဲ့စည်းပုံကို အခြေခံဥပဒေမှာ ထည့်သွင်းခဲ့မိတာ" ဟု ဦးချန်ထွန်းက ၁၉၅၉ ခုနှစ်တွင် ကျွန်တော်အားပြောကြားခဲ့ပါသည်။

၁၉၆၀ ခုနှစ် ဖေဖဝါရီလတွင် ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်သော အိမ်စောင့်အစိုးရက လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲ တနိုင်ငံလုံးတွင် ကျင်းပပေးခဲ့သည်။ ဦးနုခေါင်းဆောင်သော သန့်ရှင်းဖဆပလသည် အပြတ်အသတ်အနိုင်ရလေသည်။ သို့ရာတွင် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင်မူ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ခေါင်းဆောင်သော တည်မြဲဖဆပလ အမတ်များက အင်အားများခဲ့ကြလေသည်။ ဤတွင် ယင်းပြည်နယ်များဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများကို ခန့်ထားရာ တွင် ဝန်ကြီးချုပ်ဦးနုအဖို့ အခြေခံဥပဒေ ပြဿနာပေါ်ပေါက်ခဲ့ရလေသည်။ အခြေခံဥပဒေကို ပြင်ဆင်ကာ (ပြည်နယ်ဝန်ကြီး ပြည်နယ်ဥက္ကဋ္ဌ) များကို ပြည်ထောင်အစိုးရအဖွဲ့ဝင်များ မဖြစ်စေတော့ဘဲ၊ သီးခြားပြည်နယ်ရေးရာဝန်ကြီးများအဖြစ်သာ ဖွဲ့စည်းထားလျှင်လည်း ပြည်နယ်များက သဘောတူညီနိုင်ကြမည်မဟုတ်။ အားလုံးသင့်မြတ်ကြည်ဖြူစွာ လက်ခံနိုင်မည့်အဖြေကို ရှာဖွေရင်းနှင့်ပင် ၁၉၆၂ ခုနှစ်သို့ ရောက်ရှိကာ နိုင်ငံရေးတခေတ် ပြောင်းခဲ့ရလေသည်။ "

အထက်ပါတို့မှာ ဒေါက်တာမောင်မောင်ရေးသားပြုစုခဲ့သည့် 'တို့ပြည်ထောင်စုမြန်မာနိုင်ငံစာအုပ် နိဒါန်းပါ စာသားများကို မူရင်းအတိုင်း ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဥပဒေသမားများ၊ ဥပဒေဘွဲ့ရပညာတတ်များ အမြောက်အမြား ရှိသည်ဟု ပြောဆိုနိုင်သော်လည်း ဥပဒေပါရဂူ သို့မဟုတ် ကျွမ်းကျင်သူ (Legal Expert) အရေအတွက်ကို ပြောပါဆိုလျှင် လက်ချိုးရေတွက် ၍ရနိုင်သည့် ပမာဏမျှသာရှိသည်။ ဒေါက်တာမောင်မောင်မှာ ယင်းအရေအတွက်ထဲ၌ တဦးအဖြစ်ပါဝင်သည်ဟု ပြောလျှင်မှား မည်မဟုတ်ပါ။ ထိုကဲ့သို့သော ပုဂ္ဂိုလ်တယောက်သည် မည်သို့မည်ပုံ စစ်အာအာဏာရှင်စနစ် နှင့် စစ်အုပ်စုကို သေသည်အထိ တသက်လုံး အလုပ်အကျွေးပြု သွားသည့်အကြောင်း စဉ်း စား၍မရပါ။ ' ဗိုလ်ချုပ်ကြီး နေဝင်းနှင့် မြန်မာ့နိုင်ငံရေးခရီးစဉ်' ဟူသော စာအုပ်ကို ဒေါက်တာ မောင်မောင် ရေးသားဖြန့်ချိခဲ့သည်မှစ၍ စစ်အုပ်စုက ဒေါက်တာမောင်မောင်အား မြှောက်စား ခဲ့သည်ဟု ကြားသိရဖူးပါသည်။ လက်တွေ့အရ မည်သူမျှ မှန်မမှန်တော့ ပြောမတတ်ပါ။ မြန်မာ နိုင်ငံသမိုင်းတွင် စစ်အာဏာရှင်စနစ် တည်တံ့ခိုင်မြဲရေးအတွက် ဥပဒေပြုရေးရာကဏ္ဍ၌ ခိုင်မြဲ သော ဒေါင့်တဒေါင့်အဖြစ် ပါဝင်အသုံးတော်ခံခဲ့သည်ဟူသော အချက်ကို မည်သူမျှငြင်းနိုင် မည်မဟုတ်ပါ။ ၁၉၇၄ ခုနှစ် မဆလ၏ အခြေခံဥပဒေသည် ဒေါက်တာမောင်မောင် ပုံကြမ်းသွန်းလောင်း တည်ထောင် ပေးခဲ့သော အခြေခံဥပဒေအဖြစ် ဥပဒေသမား အတော်များများက လက်ခံထားခဲ့ခြင်းမှာ သာဓကတရပ်ဖြစ်သည်။

၁၉၈၈ ခုနှစ်၊ ရှစ်လေးလုံးအရေးတော်ပုံကြီးကာလအတွင်း မဆလပါတီ၏ ထိပ်သီး တဦးဖြစ်သော ဒေါက်တာ မောင်မောင်မှာ သမ္မတဖြစ်လာခဲ့သည်။ အမှန်စင်စစ် အားဖြင့်မူ စစ်တပ်၏အကြမ်းဖက် ပစ်ခတ်နှိမ်နင်းသော လုပ်ဟန်ကိုခေတ္တရပ်ဆိုင်း၍ နောက်တလှမ်းဆုတ် စေကာ ဒေါက်တာမောင်မောင်ကို ပွဲထုတ်လျက် အုံကြွနေသော လူထုကြီးကို အချိုသတ် နှစ်သိမ့်သောနည်းဖြင့် ဦးနေဝင်းက မျက်လှည့်ပြလိုက်ခြင်းပင်ဖြစ်သည်။ ဒေါက်တာမောင် မောင်ကလည်း ဝါတော်ရှစ်ဆယ်ရ ကျောင်းထိုင် ဆရာတော်ကြီး၏ လေသံမျိုးဖြင့် အုံကြွနေကြသောပြည်သူလူထုကို စိတ်မဆိုးကြပါနှင့် ဟူ၍လည်းကောင်း၊ ကျောင်းသားသမဂ္ဂ အဆောက်အဦးကြီး ပြန်ဆောက်တဲ့အခါ ပျော်ပျော်ပါးပါး အုတ်မြစ်ချကြတာပေါ့ ဟူ၍လည်းကောင်း အတတ်နိုင်ဆုံး ချော့မော့နှစ်သိမ့် ကာ တည်ငြိမ်မှု ရရှိစေရန် ကြိုးပမ်းထိမ်းသိမ်းခဲ့သည်။ တဘက်တွင်လည်း တစုံတရာသော အတိုင်းအတာအထိ ဒီမိုကရေစီအခွင့် အရေးများကိုပေးကာ လူထုကိုသွေးအေးသွားစေရန် ကြိုးပမ်းခဲ့သည်။ ဒေါက်တာမောင်မောင် သမ္မတဖြစ်လာ သောအချိန်တွင် လူစုလူဝေးနှင့် ဆန္ဒပြနိုင်ခွင့် အခြေအနေပိုကောင်းလာသည်မှာတော့ အမှန်ပင်ဖြစ်သည်။ သပိတ်စခန်း များက ထိန်းချုပ်ထားနိုင်လုနီးပါးပင် ဩဇာကြီးမားလာခဲ့သော တို့ပြည်ထောင်စု မြန်မာနိုင်ငံစာ အုပ်မှာအရေးပါလာခဲ့သည်။ ရှေ့နေအသင်းမှနေ၍ တို့ပြည်ထောင်စု မြန်မာနိုင်ငံစာအုပ်ပါ ဒေါက်တာမောင် မောင်ရေးသားထားသော အချက်အလက် များစွာက ရေးသားခဲ့သော တို့ပြည်ထောင်စုမြန်မာနိုင်ငံစာအုပ်မှာ အရေးပါလာခဲ့သည်။ ရှေ့နေအသင်းများမှနေ၍ တို့ပြည်ထောင်စု မြန်မာနိုင်ငံစာအုပ်ပါ ဒေါက်တာမောင်မောင် သမ္မတဖြစ်လာသောအခါ

အပိုဒ်များကို ကိုးကားထုတ်နုတ်ကာ “သမ္မတကြီး ဒေါက်တာမောင်မောင် မေ့နေပြီလား၊ သမ္မတကြီး ရေးသားဖော်ပြခဲ့သည့် အာဏာရှင် စနစ်ကို ကျွန်ုပ်တို့ဆန့်ကျင်နေခြင်းဖြစ်သည်။ ” ဟူသောစကား လုံးများပါသည့် ထော့လုံးငေါ့လုံးများဖြင့် ယင်းစာအုပ်ကို ကိုးကားညွှန်ပြကာ ဒီမိုကရေစီရေးလှုပ်ရှားမှု အရှိန်မြင့် အောင်တာခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားလုပ်ဆောင်ခဲ့ကြသည်။ ယင်းလှုပ်ရှားမှုမှာ တပြည်လုံးသို့ ပြန့်နှံ့သွားခဲ့သည်။ နောင်တချိန်တွင် မြန်မာနိုင်ငံ၌ စစ်အုပ်စုနှင့် စစ်အာဏာရှင်များ လွှမ်းမိုးကြီးစိုးခဲ့သည့်သမိုင်းကို ပြန်ပြောင်း ရေးသားလျှင် ဒေါက်တာမောင်မောင်၏ အခန်းကဏ္ဍကို မည်သို့မျှ ချန်လှပ်ထား၍မရပါ။

စိတ်ဝင်စားဖွယ်ကောင်းသောအချက်တရပ်မှာ ရှစ်လေးလုံး အရေးတော်ပုံကြီး ကာလအတွင်း၌ ဒီမိုကရေစီရေး အင်အားစုများက ကိုးကားတင်ပြသုံးစွဲသွားခဲ့သည့် ‘တို့ပြည်ထောင်စု မြန်မာနိုင်ငံစာအုပ်’ မှာ ၁၉၅၉ ခုတွင် ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်သည်။ ယခုအချိန်တွင် ယင်းစာအုပ်ကို ပြန်လည်လေ့လာလို၍ ရှာဖွေရရှိသောအခါ ပုံနှိပ်ထုတ်ဝေသောကာလမှာ ၁၉၈၉ ခုနှစ်ဖြစ်နေပြီး ဒုတိယအကြိမ်ပုံနှိပ်ခြင်းဟူ၍ ရေးသားထားသည်ကိုတွေ့ရသည်။ ပထမအကြိမ် ပုံနှိပ်ထုတ်ဝေသည့်စာအုပ်ကို လက်လှမ်းမီသမျှ နေရာများ၌ ရှာဖွေမတွေ့တော့ပါ။ ၁၉၅၉ ပထမအကြိမ်ထုတ်ဝေစဉ်က နိဒါန်းတွင် ဖော်ပြထားသော ဒေါက်တာမောင်မောင်၏ ရေးသားချက်များကိုပင် အတွေ့ရတော့ပါ။ ဒုတိယအကြိမ်ပုံနှိပ်ခြင်းတွင်ပါရှိသော ဒေါက်တာမောင်မောင်၏ အမှာစာကို ဖတ်ကြည့်သောအခါ သူပြောလိုသည်ဟူသော အချက်နှစ်ချက်ကို ခံစားမိသည်။ ပထမအချက်မှာ လူ့အဖွဲ့အစည်းသည်လည်းကောင်း၊ ဖြစ်စဉ်များသည်လည်းကောင်း အစဉ်အမြဲ ပြောင်းလဲနေသည့်သဘောရှိသည်ဟူသော အချက်ဖြစ်သည်။ ဒုတိယအချက်မှာ ပုထုဇဉ်လူသားများဖြစ်၍ မည်သူမျှအမှားမကင်းဟု ပြောလိုပုံရသည်။ သူ၏ အမှာစနိဂုံး၌ (အမေရိကန် တရားရုံးချုပ် တရားသူကြီးအဖြစ်အသက် (၉၀) ကျော်သည်အထိ တာဝန်ထမ်းဆောင်ခဲ့သော အော်လီဗာဝင်ဒယ်(လ်) ဟုမ်းဆိုသော ပုဂ္ဂိုလ်ကြီးရှိခဲ့ဖူးသည်။ ထိုပုဂ္ဂိုလ်အား အသက် (၉၀) မြောက်မွေးနေ့တွင် သတင်းစာဆရာတဦးက တွေ့ဆုံလျက် ထွေရာမေးမြန်းကာ ဤမျှ အသက်ရှည်ရှည်နှင့် ကျန်းကျန်းမာမာလုပ်ကိုင်နိုင်ခြင်းမှာ ဆေးကောင်းဝါးကောင်းများရှိ၍ လားဟု မေးသည်)။

မစ္စတာဟုမ်းက “သူငယ် ငါအသက်ရှည်တာ ဒီအရွယ်အထိ ကျန်းမာစွာ လုပ်ကိုင်နိုင်တာဟာ ငါငယ်စဉ်ကပဲသိခဲ့တဲ့ ငါဟာ ဘုရားမဟုတ်ဘူး၊ အမှားမကင်းတဲ့ လူသားတယောက်ပဲဆိုတဲ့ အသိတရားကြောင့်” ဟု ပြောကြားသွားသည်။

ရှစ်လေးလုံးအရေးတော်ပုံကြီး ဖြစ်ပွားပေါ်ပေါက်ပြီးနောက်ပိုင်း ဒေါက်တာမောင်မောင် အသက်ထင်ရှား ရှိနေစဉ်သူဖြတ်သန်းလာခဲ့သည့် ဘဝဖြစ်ရပ်များကို ပြန်လည်စဉ်းစားသုံးသပ်မိပုံရသည်။ ရှစ်လေးလုံးအ ရေးတော်ပုံကြီးအတွင်း ပြည်သူလူထုအများစုကြီး ဆန္ဒနှင့် အဘယ်ကြောင့် ဆန့်ကျင်၍ ရပ်တည်ခဲ့ရသည်။ မဆလထိပ်သီးများကြားတွင် မည်သို့

သဘောထားခြင်းကွာဟ၍ အငြင်းပွားခဲ့ကြသည်ဟူသော အချက်များမှာ ၎င်းတို့အချင်းချင်းသာ အသိနိုင်ဆုံးဖြစ်ပါလိမ့်မည်။

လူထုဆန္ဒကို အမှန်တကယ် ကိုယ်စားပြုခြင်းမရှိဘဲလျက် ကိုယ်စားပြုပြီး ရေးဆွဲထားသယောင် သူဦးဆောင်ဖန်တီးထားသော ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို လုံးဝဖျက်သိမ်းပေးရန် ရှစ်လေးလုံးအရေးတော်ပုံကာလအတွင်း လူထု၏ တခဲနက် တောင်းဆိုမှုကို ဒေါက်တာမောင်မောင်ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ကြားသိခဲ့ရသည်။ ယင်းကိစ္စအတွက် ကြီးစွာသော အမှားအဖြစ် တရားသံဝေဂ ရခဲ့လေသလား၊ သို့မဟုတ် အမေရိကန်တရားရုံးချုပ် တရားသကြီး မစ္စတာဟုမ်းလို "အမှားမကင်းသောလူသားတယောက်ဘဲ" ဟု မိမိကိုယ်ကို မိမိဖြေသိမ့်ကာ ဘဝနေဝင်ချိန်ကို ဖြတ်ကျော်ခဲ့လေသလားဟူသည်ကိုမူ ကာယကံရှင် ကိုယ်တိုင်သာ အသိနိုင်ဆုံး ဖြစ်ပါလိမ်မည်။

မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် သမိုင်းမှာ တခန်းတကဏ္ဍမှ ကပြခဲ့သော ဒေါက်တာမောင်မောင်ကား ယခုအချိန်တွင် ကွယ်လွန်သွားခဲ့ချေပြီ။

* * * * * *

## ဝန်ကြီးချုပ်ဦးဆောင်သော ပါလီမန်အစိုးရစနစ်နှင့်<br>သမ္မတဦးဆောင်သော အစိုးရစနစ်ဖွဲ့ စည်းမှုပုံစံတို့ကို လေ့လာခြင်း

စာစောင်အမှတ် (၂) တွင် ဝန်ကြီးချုပ်ဦးဆောင်သော ပါလီမန်အစိုးရ ဖွဲ့စည်းမှုပုံစံနှင့် ပတ်သက်၍ ဝန်ကြီးချုပ်အ စိုးရပေါ်ပေါက်လာခြင်း သမိုင်းကြောင်းကို အခြေခံပြီး အင်္ဂလန်၊ ကနေဒါပြည်ထောင်စု၊ ဩစတြေးလျနိုင်ငံ၊ တရုပ်ပြည်သူ့သမတ နိုင်ငံတို့၏ ပုံစံကိုဖော်ပြပြီးဖြစ်သည်။ ယခုဆက်လက်၍ မြန်မာနိုင်ငံနှင့် မရှေးမနှောင်းတွင် ဗြိတိသျှအစိုးရထံမှ လွတ်လပ်ရေးရခဲ့သော မြန်မာနိုင်ငံ၏ အိမ်နီးနားချင်းလည်းဖြစ်ပြီး၊ နယ်မြေဒေသကြီးမားကျယ်ပြန့်ပြီး လူမျိုးစုများစွာ စုပေါင်းနေထိုင်လျက်ရှိသော အိန္ဒိယနိုင်ငံအကြောင်းကို ဖော်ပြမည်ဖြစ်သည်။ ထို့အပြင် သမ္မတဦးဆောင်သော အစိုးရစနစ် ဖွဲ့စည်းထားသည့် အမေရိကန်ပြည်ထောင်စု၊ အင်ဒိုနီးရှားနှင့် ဖိလိပိုင်နိုင်ငံတို့အကြောင်း ဆက်လက်ဖော်ပြမည်ဖြစ်သည်။

### အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံသည် ဘီစီ ၂၅၀၀ ခုနှစ်ကျော်ကာလက အိန္ဒုမြစ်ဝှမ်း ယဉ်ကျေးမှု ထွန်းကာရာထင်ရှားကျော်ကြားသော ဒေသဖြစ်ခဲ့သည်။ ဘီစီ၂၀၀၀ ခုနှစ်ကာလက အာရှတိုက်အလယ်ပိုင်းမှ အာရိယန်အနွယ်ဝင်များသည် သက္ကဋ္ဌဘာသာစကားပြော ဟိန္ဒူအယူဝါဒရှိသူ

များနှင့် လာရောက်ပူးပေါင်းရောနှောနေထိုင်ကြသည်။ ဘီစီ (၂၇၂–၃၂) နှစ် အာသောက မင်းလက်ထက်တွင် မောရိယအင်ပါယာ (MAURYAM) မှာ အိန္ဒိယတိုက်တခု လုံးနီးပါး လွှမ်းမိုးထားသည်။

သက္ကရာဇ် ၁၂၀၆ ခုနှစ်တွင် အာဖဂန်နစ္စတန်မှ တူရကီ အနွယ်ဝင်များ လာရောက် ကျူးကျော်ပြီး မူဆလင်ဆူလ တန်ရှင်မင်းဆက်ကို ထူထောင်ခဲ့သည်။ ၁၅၂၆ ခုနှစ်တွင် မဂိုလ် (MONGOL) ဘုရင်က ထပ်မံ သိမ်းပိုက်လိုက် ပြီး မဂိုလ်မင်းဆက်ကို ထူထောင်ပြန်သည်။ တဖန် ၁၇၅၀ ခုနှစ်များတွင် အင်္ဂလိပ် အရှေ့အိန္ဒိယ ကုမ္ပဏီသည် စီးပွားရေးနယ်ချဲ့မှုမှာတဆင့် အိန္ဒိယနိုင်ငံအား ကိုလိုနီနိုင်ငံအဖြစ် သိမ်းပိုက်ခဲ့သည်။

ဗြိတိသျှတို့သည် အိန္ဒိယနိုင်ငံအား ၎င်းတို့ တိုက်ရိုက်အုပ်ချုပ်သော ဗြိတိသျှ– အိန္ဒိယ (BRITISH- INDIA) နှင့်တစုံတရာ ကိုယ်တိုင်အုပ်ချုပ်ခွင့်ရှိစေသော စော်ဘွား ပြည်နယ်များ (PRINCELY STATES) ဟူ၍ခွဲခြား အုပ်ချုပ်ခဲ့သည်။

၁၈၃၀ ခုနှစ်များနောက်ပိုင်းတွင် ပညာတတ်လူငယ်များက ကိုယ်ပိုင် အုပ်ချုပ်မှုရရှိ ရေး ရည်မှန်းချက်ဖြင့် အသင်းအဖွဲ့များဖွဲ့ကာ စည်းရုံးလှုပ်ရှားလာခဲ့သည်။

၁၉၃၇ ခုနှစ်တွင် ဖက်ဒရယ်ပြည်ထောင်စုပုံစံ စတင်တည်ဆောက်ခဲ့လေသည်။ ၁၉၃၅ အက်ဥပဒေ (1935 ACT) အရ အိန္ဒိယပြည်နယ်များကို BRITISH - INDIA နှင့်ပေါင်းစေခဲ့ပြီး ပြည်နယ်များကို အပြည့်အဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပြုခဲ့ပါသည်။ သို့သော် လည်း အာဏာခွဲဝေယူသည့် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။

ပညာတတ် အိန္ဒိယလူငယ်များ၏ ဆက်လက်ကျိုးပမ်းလှုပ်ရှားမှုကြောင့် အိန္ဒိယ နိုင်ငံ လွတ်လပ်ရေးပေးမည့် အခြေအနေဆိုက်ရောက်ခဲ့သည်။ ထို့ကြောင့် ၁၉၄၆ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးညီလာခံ ရွေးကောက်ပွဲကိုကျင်းပခဲ့သည်။ ထိုညီလာခံမှ ဖွဲ့ စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့သည်။

၁၉၄၇ ခုနှစ်တွင် လွပ်လပ်ရေးရပြီးသောအခါ ထိုဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖက်ဒ ရယ်ပြည်ထောင်စုစနစ်နှင့် ဝန်ကြီးချုပ်ဦးဆောင်သော ပါလီမန်အစိုးရစနစ်ပုံစံကို ဖွဲ့စည်းတည် ဆောက်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံသည် ပြည်နယ်ပေါင်း ၂၅ ခုနှင့် ပြည်ထောင်စုနယ်မြေ (UNION TERRITORIES) ၇ ခုတို့ဖြင့် ပြည်ထောင်စု ဖွဲ့စည်းထားသည်။ ပါလီမန် လွှတ်တော်နှစ် ရပ်စနစ်ကိုကျင့်သုံးသည်။ အထက်လွှတ်တော် (RAJYA SABHA) နှင့်အောက်လွှတ်

တော် ( LOKSABHA) ဟူ၍ဖြစ်သည်။ အထက်လွှတ်တော် အမတ်များကို ပြည်နယ်လူဦးရေပေါ်အခြေခံ၍ ပြည်နယ်ဥပဒေပြုလွှတ်တော်က ရွေးကောက်တင်မြှောက်သည်။ ပြည်ထောင်စုနယ်မြေအတွက်မူ ဥပဒေအညီနှင့် ရွေးကောက် တင်မြှောက်ပြီး ပညာရှင် ၁၂ ဦးကို သမ္မတကခန့်အပ် ခွင့်ရှိသည်။

လွှတ်တော်အမတ်သက်တမ်းမှာ ၆ နှစ်ဖြစ်ပြီး အမတ်များ၏ သုံးပုံတပုံကို နှစ်နှစ်တကြိမ် ပြန်လည် ရွေးကောက်တင်မြှောက်သည်။ လွှတ်တော်အမတ်ပေါင်း ၂၄၄ ဦးရှိသည်။

အောက်လွှတ်တော်ကို လူဦးရေအပေါ်အခြေခံပြီး အထွေထွေရွေးကောက်ပွဲဖြင့် ရွေးကောက်တင်မြှောက်သည်။ လွှတ်တော်သက်တမ်းမှာ ၅ နှစ်ဖြစ်၍ လွှတ်တော် ကိုယ်စားလှယ်များမှာ လက်ရှိကာလတွင် ၅၄၂ ဦးရှိသည်။

အိန္ဒိယနိုင်ငံသည် အင်္ဂလန်၊ ကနေဒါပြည်ထောင်စု၊ သြစတြေးလျတို့ကဲ့သို့ နိုင်ငံဦးသျှောင်ကို အင်္ဂလန် ဘုရင်မအားမထားဘဲ သမ္မတတဦးကို ရွေးချယ်ခန့်ထားသည်။ သမ္မတကို ပါလီမန်လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များပါဝင်သော သမ္မတရွေးချယ် တင်မြှောက်ရေးအဖွဲ့က ရွေးချယ်တင်မြှောက်သည်။ သမ္မတသက်တမ်း မှာ ၅ နှစ်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတအားအာဏာအမြောက်အများ ပေးအပ်ထား သော်လည်း လက်တွေ့တွင်မူ ဝန်ကြီးချုပ်၏ အကြံပြုချက်အရသာ သမ္မတဆောင်ရွက်ခွင့်ရှိသည်။

အိန္ဒိယနိုင်ငံသည် ပါလီမန်အစိုးရပုံစံကို ကျင့်သုံးသည်နှင့်အညီ အောက်လွှတ်တော် ရွေးကောက်ပွဲတွင် အနိုင်ရသောပါတီ (မဲ ၅၀ ရာခိုင်နှုန်းကျော်) မှ ခေါင်းဆောင်အား ဝန်ကြီးချုပ်အဖြစ် သမ္မတကခန့်အပ်ရသည်။ ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသော အမတ်များအား ဝန်ကြီးများအဖြစ် သမ္မတကခန့်အပ်ရသည်။ လွှတ်တော် အမတ်မဟုတ်သူများကို တင်သွင်းသော အမတ်များအား ဝန်ကြီးများအဖြစ် သမ္မတကခန့်အပ်ရသည်။ လွှတ်တော်အမတ်မဟုတ်သူများကိုလည်း ဝန်ကြီးချုပ် နှစ်သက်ပါက ဝန်ကြီးအဖြစ်ခန့်အပ်ရသည်။ (ရွေးကောက်ပွဲတွင် မည်သည့်ပါတီကမျှ မဲအများစု ၅၀ ရာခိုင်နှုန်းကျော်) မရပါက သမ္မတသည် ၎င်းနှစ်သက်ရာပါတီမှ ပုဂ္ဂိုလ်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ထားခွင့်ရှိသည်။ အကယ်၍ ဝန်ကြီးတဦးဦးသည် လွှတ်တော်တရပ်ရပ်၏ အမတ်ဖြစ်စေရမည်။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ အကြီးအကဲ ဖြစ်ပြီး ဝန်ကြီးအဖွဲ့သည် အောက်လွှတ်တော်ကို တာဝန်ခံရသည်။ အစိုးရအဖွဲ့သည် အများအားဖြင့် အောက်လွှတ်တော်အမတ်များ ဖြစ်ကြသဖြင့် ဥပဒေပြုရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေးရာကိစ္စတွင်းလည်းကောင်း သြဇာလွှမ်းမိုးမှုရှိသည်။ အိန္ဒိယအစိုးရတွင် အင်္ဂလန်နိုင်ငံအစိုးရအဖွဲ့ကဲ့သို့ ဝန်ကြီးများကောင်စီ (Council of Ministers) နှင့် ကက်ဘိနက် (Cabinet) ဝန်ကြီးအဖွဲ့ဟူ၍ရှိသည်။ ကက်ဘိနက်သည် အတွေ့အကြုံရင့်သော ဝန်ကြီးများနှင့်ဖွဲ့စည်းထားပြီး ဆုံးဖြတ်ချက်များ ချမှတ်သည့်အဖွဲ့ဖြစ်သည်။ ဝန်ကြီးများကောင်စီသည်

ဝန်ကြီးများ ဒုတိယဝန်ကြီးများပါဝင်ပြီး ကက်ဘိနက် များချမှတ်သော မူဝါဒနှင့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရသည်။ အုပ်ချုပ်ရေးအာဏာအားလုံးသည် ဝန်ကြီးချုပ်ထံတွင်ရှိသည်။ ပါလီမန်တွင် မူဝါဒများချမှတ်ရေးနှင့် ပတ်သက်ပြီး သဘောတူညီချက်မရနိုင်ပါက ဝန်ကြီးချုပ်သည် ပါလီမန်ကိုဖျက်သိမ်းခွင့်ရှိသည်။ ပါလီမန်ကိုဖျက်သိမ်းဖျက်သိမ်းပါက ရွေးကောက်ပွဲအသစ်ကို ကျင်းပရသည်။ ၁၉၇၀ ခုနှစ်တွင် မစ္စက်အင်ဒီမရှိပါက အဆိုတင်သွင်းခွင့်ရှိသည်။ မဲခွဲဆုံးဖြတ်ရာတွင် အယုံအကြည်မရှိ အဆိုအနိုင်ရပါက အစိုးရအဖွဲ့ နုတ်ထွက်ပေးရသည်။

ခြုံ၍ဆိုရသော် အိန္ဒိယနိုင်ငံသည် ဗြိတိသျှကိုလိုနီလက်အောက်တွင် နှစ်ပေါင်း ၂၀၀ ခန့်နေခဲ့ရပြီးမှ လွတ်လပ်ရေး ရရှိလာခဲ့ရခြင်းဖြစ်သည်။ ၁၉၃၅ ခုနှစ်အက်ဥပဒေအရ ဖက်ဒရယ်ပြည်ထောင်စုစနစ် အုတ်မြစ်ချခဲ့လေသည်။ လွတ်လပ်ရေးရပြီးသောအခါတွင် ဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့် ဝန်ကြီးချုပ်ဦးဆောင်သော ပါလီမန်အစိုးရပုံစံကို ကျင့်သုံးသည့်နိုင်ငံဖြစ်သည်။ ထိုသို့ကျင့်သုံးရခြင်းမှာ ရှည်လျားသော နောက်ခံသမိုင်းကြောင်းရှိခြင်း၊ နယ်မြေဒေသ ကျယ်ဝန်းပြီး လူဦးရေများပြားလွန်းသည့်အပြင် လူမျိုးစုအမျိုးမျိုး၊ ဘာသာစကားအမျိုးမျိုးနှင့် ကိုးကွယ်သည့်ဘာသာ အမျိုးမျိုးရှိခြင်းတို့ကြောင့်လည်းကောင်း၊ သမ္မတစနစ် အစိုးရပုံစံကျင့်သုံးပါက သမ္မတတစ်ဦး တိုက်ရိုက်ရွေးချယ်ရန် အခက်အခဲများစွာရှိနိုင်သည်ဟု နိုင်ငံရေးခေါင်းဆောင်များက ယူဆသောကြောင့်လည်းကောင်း၊ ဗြိတိလျှလက်အောက်ခံအဖြစ် နှစ်ပေါင်းများစွာနေခဲ့ရ၍ ပါလီမန်စနစ် အုပ်ချုပ်ရေးအတွေ့အကြုံရရှိပြီးဖြစ်၍လည်းကောင်း ဝန်ကြီးချုပ်ဦးဆောင်သော ပါလီမန်အစိုးရပုံစံ ကျင့်သုံးခြင်းဖြစ်သည်။

## သမ္မတဦးဆောင်သော အစိုးရပုံစံ
## အမေရိကန်ပြည်ထောင်စု

ကမ္ဘာပေါ်တွင် သမ္မတဦးဆောင်သော အစိုးရပုံစံကို အမေရိကန်ပြည်ထောင်စုက ပထမဆုံး စတင်ကျင့်သုံးခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် သမ္မတစနစ် ပေါ်ထွန်းလာပုံ သမိုင်းကြောင်းကိုပြန်ကြည့်လျှင် အမေရိကန်တွင် အစောဆုံးလာရောက် အခြေချနေထိုင်သူများမှာ အာရှတိုက်မှ အိန္ဒိယန်းလူမျိုးများဖြစ်သည်ဟုဆိုသည်။ ခရစ်သက္ကရာဇ် ၁၆၀၀ ခုနှစ်ကျမှ အင်္ဂလိပ်လူမျိုးများ လာရောက်နေထိုင်ကြသည်။ ဥရောပ တွင် ရိုမန်ကက်သလစ်ဂိုဏ်းနှင့် ပရိုတက်စတင့်ဂိုဏ်းတို့ ဘာသာရေး ပဋိပက္ခဖြစ်စဉ် အင်္ဂလိပ်ပရိုတက်စတင့်ဂိုဏ်းဝင်အများအပြား ဘေးကင်းရာ အမေရိကသို့ ရောက်ရှိအခြေချနေထိုင်ကြသည်။

အင်္ဂလိပ်လူမျိုးအများအပြားရောက်ရှိလာကြသည်နှင့်အမျှ အင်္ဂလိပ်ကိုလိုနီအုပ်ချုပ်ရေးသည်လည်း နောက်ဆက် တွဲလိုက်ပါလာခဲ့သည်။ ၁၈ ရာစုအစောပိုင်း ကာလ

များတွင် အမေရိကန်ကိုလိုနီနယ်တို့သည် ကိုယ်ပိုင်အစိုးရအနေအထား အတန်အသင့်ရှိခဲ့ကြသည်။ သို့သော် ဗြိတိသျှအစိုးရ၏ နိုင်ငံရေးများနှင့် ကြည်းတပ်၊ ရေတပ်တို့ကို ထိန်းချုပ်ထားမှု၊ စစ်ရေးနှင့်ငြိမ်းချမ်းရေးကိစ္စများ ဆုံးဖြတ်ဆောင်ရွက်မှုတို့ကို ကိုလိုနီနယ်သားများက မနှစ်မြို့ပေ။

တဖန်ဥရောပတွင် (၇) နှစ် စစ်ပွဲဖြစ်သောအခါ ကနေဒါတွင်လည်း အင်္ဂလိပ်နှင့် ပြင်သစ်တို့စစ်ခင်းကြသည်။ အင်္ဂလိပ်တို့ အနိုင်ရရှိပြီး စစ်ပွဲကြီးပြီးဆုံးသွားသောအခါ ဗြိတိသျှအစိုးရကစစ်စရိတ် ပေါင်စတာလင် (၁၀၀) ကုဋေ ကုန်ကျခဲ့သည်။ ထိုစစ်ကုန်ကျ စရိတ်တစုံတရာ ပြန်လည်ရရှိရေးအတွက် အမေရိကန်ကိုလိုနီနယ်များကို အခွန်စည်းကြပ်ရန် ဗြိတိသျှအစိုးရက ဆုံးဖြတ်ခဲ့သည်။ ဗြိတိသျှပါလီမန်က ၁၇၆၅ ခုနှစ်တွင်တံဆိပ်ခေါင်း ခွန်ဥပဒေ **(Stamp Act)** ကိုရင်း၊ ၁၇၆၃တွင် မြို့ပြခွန် အက်ဥပဒေ **(Town Shend Act)** ကိုရင်း၊ လက်ဖက်ခြောက်ခွန် အက်ဥပဒေ **(Tea Act)** ကိုလည်းပြဋ္ဌာန်းခဲ့သည်။ ဗြိတိသျှပါလီမန်တွင် အမေရိကန်ကိုယ်စားလှယ် ပါဝင်ခွင့်မရဘဲ ဥပဒေပြဋ္ဌာန်းခြင်းကို အမေရိကန်ကိုလိုနီနယ်သားများက မကျေနပ်ကြပေ။

ထို့ကြောင့်အမေရိကန်ပြည်သူများသည် “ပါလီမန်တွင် ဒို့ကိုယ်စားလှယ်မပါ – ဒို့အခွန်မဆောင် “No Texation Without Respresentation” ဟူသော ကြွေးကြော်သံဖြင့် ဆန္ဒပြကြသည်။ ၁၇၇၀ ခုနှစ်တွင် ဘောစတွန်ဆိပ်ကမ်း ဆန္ဒပြသူကို ဗြိတိသျှအစိုးရ အစုလိုက်အပြုံ သတ်ဖြတ်ခဲ့ကြသည်။ ၁၇၇၄ ခုနှစ်တွင် ဘော်စတွန် ဆိပ်ကမ်း၌ အင်္ဂလိပ်လက်ဖက်ခြောက်များကို ပင်လယ်ထဲသို့ ပစ်ချဆန္ဒပြရာမှ အမေရိကန်လွတ်လပ်ရေးတိုက်ပွဲ အစပျိုးခဲ့သည်။ ထိုနှစ်တွင်ပင် ကိုလိုနီ ၁၃ နယ်တို့စုစည်းကာ ဗြိတိသျှအစိုးရအား တော်လှန်ခဲ့ကြသည်။

၁၇၇၆ ခုနှစ်တွင် ကိုလိုနီနယ် ၁၃ နယ်တို့ တညီတညွတ်တည်း လက်မှတ်ရေးထိုးထားသော အမေရိကန်လွတ် လပ်ရေးကြေညာစာတမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ သို့သော် ဗြိတိသျှတို့ကား အပြင်းအထန် တိုက်ပွဲဆင်နွှဲ ဆဲသာဖြစ်သည်။ ၁၇၇၆ ခုနှစ်တွင် အမေရိကန်တို့သည် အရေးပေါ်ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် (ad-hoc Constitution) ကို ရေးဆွဲကာ ပြည်ထောင်ပေါင်းစု ပြည်ထောင်စုကို ဖွဲ့စည်းခဲ့ကြ သည်။ ၁၇၈၃ ခုနှစ်၌ ဗြိတိသျှအစိုးရက အမေရိကန်လွတ်လပ်ရေးကို အသိအမှတ်ပြုလိုက်ရပေသည်။ လွတ်လပ်ရေးရသောအခါတွင် ပြည်ထောင်ပေါင်းစု ပြည်ထောင်စုဖွဲ့စည်းပုံ ဥပဒေအရ ဗဟိုတွင် အာဏာပိုင်ဆိုင်မှု အလွန်နည်းပါးသောကြောင့် ဗဟိုအာဏာပိုင်အဖွဲ့အစည်းသည် ပြည်ထောင်စုတခုလုံး၏ ကိစ္စရပ်များအပေါ်တွင် ထိရောက်စွာအရေးယူ ဆောင်ရွက်နိုင်ခြင်း မရှိပေ။ ဖွဲ့စည်းပုံအရ ပြည်နယ်တိုင်း၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ လွတ်လပ်မှု၊ လွတ်လပ်ရေးနှင့် အလုံးစုံထားနိုင်ပြီး ထိုအာဏာများကို ကွန်ကရက်သို့ ထိထိ ရောက်ရောက်လွှဲအပ်ထားခြင်းမရှိပေ။ ထို့ကြောင့် ဗဟိုအာဏာပိုင်အဖွဲ့မှာ လျော့ရဲရဲ ဖြစ်နေရသည်။

သို့ဖြစ်၍ ပိုမိုကောင်းမွန်သော ပြည်ထောင်စုဖွဲ့စည်းရန်နှင့် ဥပဒေအရ ပိုမိုအား ကောင်းသော ဖက်ဒရယ်အစိုးရထူ ထောင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို ၁၈၈၇ ခုနှစ်၊ စက်တင်ဘာလတွင် ပြန်လည်ရေးဆွဲခဲ့ကြသည်။ ဤသို့ ဖြင့်ကမ္ဘာပေါ်တွင် ပထမဆုံးသော ဖဒရယ်ပြည်ထောင်စုနှင့် ခိုင်မာသော သမ္မတအစိုးရပုံစံ ကျင့်သုံးသည့်နိုင်ငံအဖြစ် ပေါ်ထွန်း လာခဲ့ရပေသည်။

## လွှတ်တော်နှစ်ရပ်စနစ်

ဖက်ဒရယ်ပြည်ထောင်စုဖြစ်သည်နှင့်အညီ ပြည်နယ်များကို အညီအမျှ ကိုယ်စား ပြုကိုယ်စားလှယ် တက်ခွင့်ရသော အထက်လွှတ်တော် **(Senate)** နှင့် တနိုင်ငံလုံး၏ လူဦးရေ အပေါ်အခြေခံသော ကိုယ်စားလှယ် အမတ်များပါဝင်သည့် အောက်လွှတ်တော် **(House of Respresentatives)** ဟူ၍ လွှတ်တော်နှစ်ရပ်ထားရှိသည်။ ပြည်ထောင်စုစတင်ဖွဲ့စည်း စဉ်က ပြည်နယ် (၁၃) ခုရှိရာ ယခုအခါ ပြည်နယ် (၅၀) ခုရှိပေသည်။ ဆီးနိတ်လွှတ်တော်ကိုယ် စားလှယ်များသည် တပြည်နယ်လျှင် နှစ်ဦးကျ သက်ဆိုင်ရာပြည်နယ်လူထုက ရွေးကောက် တင်မြှောက်ရပေသည်။ ဆီးနိတ်လွှတ်တော် သက်တမ်းမှာ (၆) နှစ်ဖြစ်ပြီး အမတ်များ၏ သုံးပုံ တပုံကို နှစ် နှစ်တကြိမ်ရွေးကောက် တင်မြှောက်ရသည်။

အောက်လွှတ်တော်အမတ်များကို လူဦးရေအပေါ်အခြေခံ၍ ပြည်သူတို့က ရွေး ကောက်တင်မြှောက်ကြသည်။ လွှတ်တော်သက်တမ်းမှာ နှစ်နှစ်ဖြစ်သည်။ အောက်လွှတ် တော်တွင် ကိုယ်စားလှယ်အမတ်ဦးရေ ၄၃၅ ဦးရှိသည်။ ပါလီမန်အစိုးရ ပုံစံကျင့်သုံးသော နိုင်ငံများတွင် အောက်လွှတ်တော်မှာ ပို၍သြဇာရှိသော်လည်း အမေရိကန်ပြည်ထောင်စုတွင် မူ အထက်လွှတ်တော်က ပို၍သြဇာရှိသည်။

## အစိုးရအဖွဲ့

အမေရိကန်ပြည်ထောင်စုတွင် အစိုးရအဖွဲ့ကို သမ္မတကဦးဆောင်သည်။ သမ္မတ သည် နိုင်ငံ့ဦးသျှောင်လည်းဖြစ်ပြီး အစိုးရအဖွဲ့၏ အကြီးအကဲလည်းဖြစ်သည်။ ထို့အပြင် ပြည် ထောင်စု၏ စစ်သေနာပတိချုပ်လည်း ဖြစ်သည်။ သမ္မတအား အုပ်ချုပ်ရေးအာဏာအားလုံး အပ်နှင်းထားသည့်အပြင် ဥပဒေပြုမှုတွင်လည်း အကန့်အသတ်ဖြင့် အာဏာရှိသည်။ နိုင်ငံ ခြားရေးရာကိစ္စ၊ နိုင်ငံခြားရေးရာမူဝါဒကိုလည်း သမ္မတကပင် ပုံဖော်ဆောင်ရွက်သည်။ အစိုးရ အဖွဲ့ဝင်ကြီးများအား **(Secreataries)** အဖြစ် ၎င်း၏စိတ်ကြိုက်ပုဂ္ဂိုလ်များကို ရွေးချယ်ခန့် ထားခွင့်ရှိသည်။ သို့သော် ဆီးနိတ်လွှတ်တော် သဘောတူညီချက် ရရှိရန်လိုပေသည်။ ပြည် ထောင်စုတရားသူ ကြီးချုပ်နှင့် အဆင့်မြင့် အရာရှိများကိုလည်း သမ္မတကပင် ခန့်ထားသည်။

စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်းကိစ္စကို ဆီးနိတ်လွှတ်တော်က ဆုံးဖြတ်ရသော်လည်း အရေးပေါ်လိုအပ်သောကာလတွင် သမ္မတက ဆောင်ရွက်ခွင့်ရှိသည်။ ထို့ကြောင့် သမ္မတသည် အမေရိကန်ပြည်ထောင်စုတရပ်လုံးအတွက် အလွန်အရေးပါသော ပုဂ္ဂိုလ်ဖြစ်ပေသည်။

ဤမျှအရေးကြီးသော ခေါင်းဆောင်ကို ရွေးချယ်ရာတွင် မဲပေးပိုင်ခွင့်ရှိသော အမေရိကန်ပြည်သူတို့က ၎င်းတို့ဆန္ဒအလျောက် စိတ်ကြိုက်ရွေးချယ်ရကြပေသည်။ သမ္မတကိုရွေးချယ်ရာတွင် သဘောတရားအားဖြင့် တိုက်ရိုက်ရွေးချယ်သည်ဟုဆိုသော်လည်း လက်တွေ့တွင်မူ ပြည်သူတို့က အဖွဲ့ဝင် ၄၈၅ ဦးပါသော သမ္မတရွေးချယ်ရေးအဖွဲ့ (Electoral College) ကိုဦးစွာရွေးချယ်ရသည်။  အဆိုပါအဖွဲ့က သမ္မတကိုရွေးချယ်ရပေသည်။ တပြိုင်နက်တည်းတွင် သမ္မတရာထူးနေရာ လစ်လပ်သွားပါက သမ္မတဆက်ခံရန် ဒုသမ္မတကိုလည်း ရွေးချယ်ရပေသည်။ သမ္မတဦးသည် ကိုယ်ကျင့်တရားဖောက်ဖျက်သည်ဟု ဥပဒေနှင့်အညီ ခိုင်လုံစွာမပြနိုင်သမျှ သမ္မတရာထူး ဖယ်ရှားခွင့်မရှိဘဲ သမ္မတသက်တမ်းကုန်ဆုံးသည်အထိ တာဝန်ထမ်းဆောင်ရသည်။ သမ္မတ၏သက်တမ်းမှာ (၄၀) နှစ်ဖြစ်သည်။

သမ္မတသည် လွှတ်တော်တရပ်ရပ်၏ အမတ်မဖြစ်ရသကဲ့သို့ သမ္မတက ခန့်အပ်ထားသော ဝန်ကြီးများမှာလည်း လွှတ်တော်အမတ်များ မဖြစ်ရပေ။ ဤသည်မှာ ပါလီမန်အစိုးရပုံစံနှင့် ကွာခြားချက်ဖြစ်သည်။ နောက် ကွာခြားချက်တခုမှာ သမ္မတက ကွန်ဂရက်လွှတ်တော်ကို ဆင့်ခေါ်ခွင့်၊ ရပ်ဆိုင်းခွင့်၊ ဖျက်သိမ်းခွင့်မရှိသကဲ့သို့ ကွန်ဂရက်ကလည်း သမ္မတကို နုတ်ထွက်စေရန် ဆောင်ရွက်နိုင်သည့် အခွင့်အရေးမရှိပေ။

သမ္မတအား ဤသို့အာဏာအမြောက်အများ အပ်နှင်းထားသော်လည်း သမ္မတ၏မူဝါဒများ အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို ဆီးနိတ်လွှတ်တော်မှ သဘောတူညီချက် ရရှိရန်လိုပေသည်။ တနည်းအား ဖြင့် အာဏာထိန်းညှိစနစ် (Check and Balance Systen) ကျင့်သုံးထားခြင်းဖြစ်သည်။

ခြုံ၍ဆိုရသော် အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် သမ္မတစနစ်ကို စတင်အကောင်အထည်ဖော်ခဲ့သော နိုင်ငံဖြစ်ပြီး သမ္မတသည် နိုင်ငံ့ဦးသျှောင် အဖြစ်လည်းကောင်း၊ အစိုးရအကြီးအကဲအဖြစ်လည်းကောင်း၊ တပ်မတော်၏ စစ်သေတာပတိချုပ်အဖြစ်လည်းကောင်း ဆောင်ရွက်ရသည် သမ္မတကို ပြည်သူများက တိုက်ရိုက်ရွေးကောက်တင်မြှောက်ရပြီး သမ္မတနှင့်အစိုးရအဖွဲ့ဝင်များသည် မည်သည့်လွှတ်တော်အမတ်မှ ဖြစ်ခွင့်မရှိပေ။ သမ္မတသည် အာဏာရှင်အဖြစ် ရောက်ရှိသွားရန် အခွင့်အလမ်း မပေါ်ပေါက်နိုင်တော့ပေ။ ထို့အပြင် သမ္မတသည် တပ်မတော်၏ စစ်သေနာပတိချုပ်အဖြစ် ဆောင်ရွက်ရပြီး အရာရှိများကို ခန့်ထားခြင်း၊ ထုတ်ပယ်ခြင်း ပြုလုပ်နိုင်သော်လည်း သမ္မတသည် စစ်ဗိုလ်ချုပ်ကြီးတဦးဖြစ်လေ့ဖြစ်ထ မရှိပေ။

သမ္မတတဦးသည် ပါလီမန်ပုံစံ အစိုးရဝန်ကြီးချုပ်ကဲ့သို့ အကြိမ်ကြိမ် ရွေးချယ်ခွင့်မရှိဘဲ သက်တမ်းနှစ်ကြိမ်သာ ရွေးခံခွင့်ရှိပေသည်၊ အမေရိကန်ပြည်ထောင်စုကို ပထဝီအပိုင်းအခြားအရ ပြည်ထောင်စုဖွဲ့စည်းထားခြင်းဖြစ်၍ သမ္မတရွေးချယ်ရာတွင် အခက်အခဲ သိပ်မရှိလှပေ။

## ဖိလစ်ပိုင်ပြည်သူ့သမ္မတနိုင်ငံ

ဖိလစ်ပိုင်နိုင်ငံသည် ကျွန်းပေါင်း ၇၀၀၀ ပါဝင်ပြီး ၁၆ ရာစုနှစ်တွင် စပိန်တို့၏ ကိုလိုနီနိုင်ငံအဖြစ်ကျ ရောက်ခဲ့သည်။ စပိန်ကိုလိုနီအဖြစ်သို့ မကျရောက်မီ တစ်ရာစုနှစ်ခန့်က တောင်ပိုင်း မင်ဒါနာအိုနှင့် ဆူလူကျွန်းစုများတွင် အစ္စလာမ်ဘာသာ ပြန့်ပွားခဲ့သည်။ စပိန်ကိုလိုနီဘဝတွင် ဖိလစ်ပိုင်နိုင်ငံအား ကက်သလစ် ခရစ်ယာန်ဘာသာ ပြန့်ပွားစေခဲ့သည်။ ၁၈၉၈ ခုနှစ်တွင် စပိန်နှင့်အမေရိကန် စစ်ပွဲဖြစ်ပွားပြီးနောက်  ပဲရစ်စာချုပ်ချုပ်ဆိုကာ ဖိလစ်ပိုင်နိုင်ငံအား အမေရိကန်သို့ လွှဲအပ်ပေးခဲ့သည်။ အမေရိကန်ကိုလိုနီအဖြစ်ကျရောက်နေစဉ် အမျိုးသားရေးဝါဒီများက လွတ်လပ်ရေးအတွက် ကြိုးပမ်းလှုပ်ရှားခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် နောက် ၁၀ နှစ်ကြာ၌ လွတ်လပ်ရေး လွှဲပြောင်းရယူရေးအတွက် ပဏာမအဆင့်အဖြစ် သမတ မဲန်နူယာယ်ကွီဇုံး **(MANUEL QUEZON)** ဦးဆောင်မှုအောက်တွင် ဖိလစ်ပိုင်ဓနသဟာယနိုင်ငံကို ထူထောင်ခဲ့သည်။ လွတ်လပ်ရေးမရမီ ဂျပန်လက်အောက် သို့ကျရောက်ခဲ့ပေသည်။ ၁၉၄၅ ခုနှစ်တွင် အမေရိကန်တပ်များက ဂျပန်ထံမှ ပြန်လည်သိမ်းပိုက်ခဲ့သည်။ ထိုအခါ ဆာဂီယိုဟူစမီနာအား သမ္မတအဖြစ် ခန့်ထားခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် လစ်ဘရယ်ပါတီ ကိုယ်စားလှယ်လောင်း ရောဘက်က အနိုင်ရရှိကာ သမ္မတဖြစ်လာခဲ့သည်။ ၎င်းသည် လွတ်လပ်ရေးရရှိပြီးနောက် ပထမဆုံး သမ္မတဖြစ်သည်။

ဆိုလိုရင်းမှာ အမေရိကန် ကိုလိုနီလက်အောက်တွင် ဖိလစ်ပိုင်အား ကိုယ်ပိုင် အုပ်ချုပ်ခွင့်ပေးထားပြီး လွတ်လပ်ရေးရတော့မည့် အချိန်တွင် အမေရိကန်နိုင်ငံပုံစံအတိုင် သမ္မတစနစ်ကို အစပျိုးပေးခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် တပြည်ထောင်စနစ်နိုင်ငံဖြစ်ပြီး လွှတ်တော်နှစ်ရပ် ပုံစံထားရှိသည်၊ ကွန်ကရက်လွှတ်တော်တွင် ဆီးနိတ်လွှတ်တော်နှင့် အောက်လွှတ်တော် ဟူ၍ရှိသည်၊ ဆီးနိတ်လွှတ်တော်တွင် အမတ် ၂၄ ဦးရှိပြီး ပြည်သူ လူထုကဆန္ဒမဲဖြင့် ရွေးချယ်သည်။ ဆီးနိတ်လွှတ်တော်သက်တမ်းမှာ ၆ နှစ်ဖြစ်ပြီး အမတ်တဦးသည် သက်တမ်း နှစ်ကြိမ်ထက်ပို၍ ရွေးချယ်ခံခွင့်မရှိပေ။ အောက်လွှတ်တော် **(House of Representatives)**တွင် အမတ်ဦးရေ ၂၅၀ ထက်မပိုရပေ။ အမတ်များကို ဥပဒေနှင့်အညီ ခရိုင်များ၏ လူဦးရေအချိုးအစားပေါ်တွင် ရွေးချယ်ရပြီး၊ အမတ်စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကို မှတ်ပုံတင်ထားသောပါတီများ၊ အသင်းအဖွဲ့

များမှ ကိုယ်စားလှယ်များကို ပါဝင်ခွင့်ပြုထားသည်။ အောက်လွှတ်တော်သက်တမ်းမှာ ၃ နှစ်ဖြစ်ပြီး၊ အမတ်တဦးသည် သက်တမ်း ၃ ကြိမ်သာ ရွေးချယ်ခံခွင့်ရှိသည်။

အစိုးရအဖွဲ့

ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုကဲ့သို့ပင် သမ္မတဦးဆောင်သော အစိုးရစနစ်ကို ကျင့်သုံးသည်။ ၁၉၆၅ ခုနှစ်အထိ သမ္မတတဦးသည် သက်တမ်းတကြိမ်သာ လျှင် ဆောင်ရွက်ခွင့်ရှိသည်။ ၁၉၆၅ ခုနှစ်တွင် နေရှင်နယ်လစ်ပါတီ (National Party) မှ ဖာဒီနန်မားကို့စ်က သမ္မတဖြစ်လာခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် သမ္မတမားကို့စ်သည် ရွေးကောက်ပွဲကို အစဉ်အလာအတိုင်း ၆ နှစ်ပြည့်မှ ရွေးကောက်ပွဲကျင်းပခြင်းမဟုတ်ဘဲ စောစွာကျင်းပစေပြီး လိမ်ညာမှု၊ ခြောက်ခြားမှုများဖြင့် ၎င်းမဲအနိုင်အရကာ သမ္မတပြန်ဖြစ်လာခဲ့ပေသည်။ ၁၉၇၂ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ မာရှယ်လောစစ်ဥပဒေ ပြဋ္ဌာန်းကာ တိုင်းပြည်ကိုအာဏာရှင်စနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပရာ လိမ်ညာမှုတို့ဖြင့် အာဏာရှင် မားကို့စ် ထပ်မံ၍ သမ္မတ ဖြစ်လာပြန်သည်။ ၁၉၈၆ ခုနှစ်ရွေးကောက်ပွဲကျင်းပသောအခါ ကိုရာဇံအကွီနိုမှာ သမ္မတဖြစ်လာပြီး အာဏာရှင်မားကို့စ်မှာ တိုင်းပြည်မှ ထွက်ပြေးခဲ့ရသည်။ ၁၉၈၆ ခုနှစ်၊ သမ္မတ ကိုရာဇာအကွီနိုလက်ထက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်ကိုရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေအရ ယခင်ကကဲ့သို့ သမ္မတတဦးသည် သက်တမ်းတ ကြိမ်သာ ထမ်းဆောင်ခွင့်ရှိသည်။ သမ္မတသက်တမ်းမှာ ၆ နှစ်ဖြစ်သည်။

သမ္မတကို တတိုင်းပြည်လုံးတွင် ရွေးကောက်ပွဲဖြင့် တင်မြှောက်ကြရသည်။ သမ္မတသည် နိုင်ငံ့ဦးသျှောင်ဖြစ်ကဲ့ သို့အစိုးရအဖွဲ့၏ အကြီးအကဲလည်းဖြစ်သည်။ ထို့အပြင် ကြည်း၊ ရေ၊ လေ၊ တပ်မတော်၏ အကြီးအကဲလည်းဖြစ်သည်။ အုပ်ချုပ်ရေးအာဏာအားလုံး သမ္မတထံတွင် အပ်နှင်းထားသည်။ သမ္မတသည် အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများကို ရွေးချယ်ခန့်ထားခွင့်အာဏာရှိသည်။

သမ္မတအုပ်ချုပ်ရေးစနစ်အောင်မြင်နေသော အမေရိကန်ပြည်ထောင်စုသည် ၎င်း၏ ကိုလိုနီနိုင်ငံဖြစ်ခဲ့သော ဖိလစ်ပိုင်နိုင်ငံအားလည်း သမ္မတအုပ်ချုပ်ရေးစနစ် မျိုးစေ့ချပေးခဲ့သည်။ ထူးခြားသည်မှာ အာဏာရှင်မားကို့စ်လက်ထက်တွင်သာ နှစ်ပေါင်းနှစ်ဆယ်ခန့် တဦးတည်းဆက်တိုက် အုပ်ချုပ်ခဲ့ခြင်းမှအပ လွတ်လပ်ရေးရပြီးနောက်ပိုင်း ကာလနှင့် ယခုလက်ရှိကာလတွင် သမ္မတသက်တမ်းမှာ တကြိမ်သာ ထမ်းဆောင်ခွင့်ရှိပေသည်။ ဒုတိယသမ္မတမှာမူသက်တမ်းနှစ်ကြိမ်အထိ ရွေးချယ်ခံခွင့်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဤသို့ သမ္မတသက်တမ်း ကန့်သတ်ထားခြင်းဖြင့် ပုဂ္ဂိုလ်တဦး တယောက်တည်းက အာဏာကိုရည်

ရှည်စွဲကိုင်ထားခြင်းမှ ဟန့်တားရာ ရောက်ပေသည်။ ထို့အပြင် ဒုတိယသမ္မတသက်တမ်း နှစ်ကြိမ်ထမ်းဆောင်ခဲ့ဖူးသော ပုဂ္ဂိုလ်တဦးအဖို့သမ္မတ အဖြစ်တိုင်းပြည်ကို အုပ်ချုပ်ရန် အရည်အချင်းပြည့်ဝပြီးသားလည်း ဖြစ်နိုင်သည်၊

## အင်ဒိုနီးရှား သမ္မတနိုင်ငံ

အင်ဒိုနီးရှားနိုင်ငံသည် ကျွန်းပေါင်းတသောင်းသုံးထောင်ကျော်ဖြင့် ဖွဲ့စည်းထားသော နိုင်ငံဖြစ်သည်။ အင်ဒိုနီးရှားသည် ဒပ်ချ်ကိုလိုနီလက်အောက်ခံ နိုင်ငံဖြစ်ခဲ့ပြီး၊ ၁၉၄၂ ခုနှစ်တွင် ဂျပန်တို့၏ သိမ်းပိုက်ခြင်းကိုခံခဲ့ရသည်။ ဂျပန်တို့စစ်ရှုံးကြောင်း ကြေညာပြီး ၃ ရက်အကြာ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် လွတ်လပ်ရေးကြေညာခဲ့သည်။ ဆုကာနိ သမ္မတအဖြစ်ငင်း၊ မိုဟာမက်ဟာတာက ဒုသမ္မတအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ကြသည်။ ဒပ်ချ်အစိုးရ အင်ဒိုနီးရှားသို့ ပြန်လည်အခြေချလာသောအခါ ပြည်တွင်းပျောက်ကျားစစ်ပွဲများနှင့်ရင်ဆိုင်ခဲ့ရသည်၊ ၁၉၄၉ ခုနှစ်တွင် ညှိနှိုင်းဆွေးနွေးမှုဖြင့် စစ်ပွဲအဆုံးသတ်သွားပြီး ဒီဇင်ဘာလတွင် အင်ဒိုနီးရှားပြည်ထောင်စုသမ္မတနိုင်ငံဟု ထူထောင်ခဲ့သည်။ သို့သော် ပြည်ထောင်စုမှာ တနှစ်ပင်မပြည့်မီ အင်ဒိုနီးရှားသမ္မတနိုင်ငံဟူ၍ တပြည်ထောင်စနစ်နိုင်ငံအ ဖြစ်ကြေညာခဲ့သည်။ ထို့နောက် အနောက်တိုင်းပုံစံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြသည့် ဒီမိုကရေစီပုံစံ (Constitutional Democracy) ကို စတင်ခဲ့သည်။ ထိုအနောက်တိုင်းပုံစံ စနစ်ကို ကျင့်သုံးရန် လိုအပ်ချက်အများအပြား ရှိနေသည်ဟုဆိုကာ ၁၉၅၀ ခုနှစ်တွင် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေတ ရပ်ကိုလည်းရေးဆွဲကျင့်သုံးခဲ့ပြီး ၁၉၅၀ ခုနှစ်နှင့် ၁၉၅၂ ခုနှစ်အကြားတွင် အစိုးရ ၆ ကြိမ်ဖွဲ့စည်းခဲ့သည်။ ၁၉၅၆ ခုနှစ်နောက်ပိုင်းတွင် သမ္မတဆူကာနိုသည် လမ်းညွှန်ဒီမိုကရေစီ (Guided Democracy) တီထွင်ပြဌာန်းခဲ့ပြန်သည်။ ၁၉၅၇ ခုနှစ်တွင် မာရှယ်လော ဥပဒေ ထုတ်ပြန်ခဲ့ကြောင်း အမိန့်ထုတ်ပြန်ခဲ့သည်။ ဥပဒေပြုအဖွဲ့ကိုလည်း ဖျက်သိမ်းလိုက်ပြီး နောင်တနှစ်ကြာသော အခါ စစ်တပ်လွှမ်းမိုးသော ခန့်အပ်သည့် ကိုယ်စားလှယ်များဖြင့် ဥပဒေပြုအဖွဲ့ကို ဖန်တီးခဲ့သည်။ ၁၉၆၅ ခုနှစ် ဗိုလ်ချုပ်ကြီးဆူဟာတို အာဏာရသောအခါတွင်လည်း ၁၉၄၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆက်လက်ကျင့်သုံးရာ ယခုတိုင်ကျင့်သုံးဆဲဖြစ်သည်။

၁၉၄၅ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်သူ့အတိုင်ပင်ခံလွှတ်တော် (People's Consulatatives Assembly) ဟူ၍ရှိသည်။ ထိုအတိုင်ပင်ခံ လွှတ်တော်က သမ္မတကို ရွေးချယ်ရသည်။ ယခုအခါ ပြည့်သူ့အတိုင်ပင်ခံ လွှတ်တော်တွင် ကိုယ်စားလှယ် ၁၀၀၀ ဦးရှိရာ အစိုးရခန့်အပ်သူများ၊ ဒေသဆိုင်ရာကိုယ်စားလှယ်များ၊ ပါတီနှင့်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၅၀၀ ဦးနှင့် ဥပဒေပြုလွှတ်တော် (House of Representatives) မှ ကိုယ်စားလှယ် ၅၀၀ ဦးတို့ပါဝင်သည်။ (House of Representatives) မှကိုယ်စားလှယ် ၅၀၀ ရာဦးအနက် ၄၀၀ ဦးကို နိုင်ငံရေးပါတီများနှင့် အသင်းအဖွဲ့အသီးသီးမှပုဂ္ဂိုလ်များကို ရွေးကောက်ပွဲဖြင့် ရွေးချယ်တင်မြှောက်ကြရပြီး (အသင်းအဖွဲ့အသီးသီးတွင်

အလုပ်သမား၊ လယ်သမား သမဂ္ဂများ၊ အသိပညာ ရှင်အတတ်ပညာရှင် သမဂ္ဂများ၊ စစ်တပ်ရဲ နှင့် လုံခြုံရေးအဖွဲ့များ ပါဝင်သည်) ကျန်ကိုယ်စားလှယ် ၁၀၀ ဦးကို သမ္မတကခန့်ထားသည်။

## အစိုးရအဖွဲ့

အင်ဒိုနီးရှားနိုင်ငံသည် သမ္မတဦးဆောင်သော အစိုးရပုံစံကျင့်သုံးသည့် နိုင်ငံဖြစ်သည်။ သမ္မတနှင့် ဒုသမ္မတကို ပြည်သူ့အတိုင်ပင်ခံလွှတ်တော်က ရွေးချယ်ကြရသည်။ သမ္မတသည် နိုင်ငံတော်ဦးသျှောင်ဖြစ်သကဲ့သို့ အစိုးရအဖွဲ့အကြီးအကဲလည်းဖြစ်သည်။ သမ္မတသက်တမ်းမှာ ၅ နှစ်ဖြစ်ပြီး ပြန်လည်ရွေးချယ်ခံခွင့်ကို ကန့်သတ်ထား ခြင်းမရှိပေ။ ထို့ကြောင့် သမ္မတဆူဟာတိုမှာ ၁၉၆၅ ခုနှစ်မှ ယခုတိုင်ဆက်တိုက် သမ္မတဖြစ်လျက်ရှိသည်။ အာဏာအမြောက်အမြား တနည်းအားဖြင့် အာဏာအားလုံး နီးပါး သမ္မတထံတွင် အပ်နှင်းထားသည်။ သမ္မတသည် ဥပဒေပြုလွှတ်တော် House of Representatives နှင့်ပူးတွဲ၍ ဥပဒေပြုခွင့်ပင်ရှိသည်။ အစိုးရအဖွဲ့ဝန်ကြီးများကိုလည်း သမ္မတကပင် ရွေးချယ်ခန့်ထားသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဖိလစ်ပိုင်နိုင်ငံတွင် သမ္မတကို ပြည်သူလူထုက တိုက်ရိုက်လျှို့ဝှက်မဲဖြင့် ရွေးချယ်တင်မြောက်ကြသော်လည်း အင်ဒိုနီးရှားတွင်မူ ပြည်သူ့အတိုင်ပင်ခံလွှတ်တော်က ရွေးချယ်သည်။ ပြည်သူ့အတိုင်ပင်ခံ လွှတ်တော်တွင် ကိုယ်စားလှယ်ဦးရေ ၁၀၀၀ ရှိရာ ၅၀၀ ဦးကို အစိုးရကခန့်အပ်ရသည်။ ကျန် ၅၀၀ မှာ House of Representatives မှ ကိုယ်စားလှယ်များဖြစ်သည်။ ထို ၅၀၀ အနက် ၁၀၀ ကိုမူ သမ္မတက ခန့်အပ်ထားပြန်သည်။ ထို့ကြောင့် အင်ဒိုနီးရှားသမ္မတကို ရွေးချယ်ရာ တွင် အစိုးရခန့်သူကိုယ်စားလှယ် ၆၀၀ နှင့် ပြည်သူက ရွေးချယ်ထားသော ကိုယ်စားလှယ် ၄၀၀ ဦးတို့က ရွေးချယ်ကြရခြင်းဖြစ်သည်။ ထို့ကြောင့်သမ္မတရွေးချယ်ရာ၌ သမ္မတက ခန့်ထားသူ ၆၀၀ ဦးကို လူထုကိုယ်စားလှယ် ၄၀၀ တို့က လွှမ်းမိုးနိုင်ခြင်းမရှိပေ။

ပါလီမန်စနစ်ကျင့်သုံးသော အစိုးရပုံစံနှင့် သမ္မတစနစ်ကျင့်သုံးသော အစိုးရပုံစံတို့ကို ခြုံ၍ကြည့်လျှင် နိုင်ငံအသီးသီးသည် ၎င်းတို့ဖြတ်သန်းခဲ့ရသော သမိုင်းကြောင်းအရလည်းကောင်း၊ နိုင်ငံဖွဲ့စည်းတည်ရှိမှုအရလည်းကောင်း ၎င်းတို့နိုင်ငံနှင့်ကိုက်ညီသော အစိုးရပုံစံကို ဖွဲ့စည်းကျင့်သုံးကြပေသည်။ အထူးသဖြင့် ဒီမိုကရေစီများတွင် အစိုးရဖွဲ့စည်းမှု နှစ်မျိုးအနက် ပါလီမန်အစိုးရပုံစံစနစ်ကို ကျင့်သုံးပါက လူထုက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို ရွေးချယ်တင်မြောက်ပြီး ကိုယ်စားလှယ်များက လွှတ်တော် ခေါင်းဆောင်ကို ရွေးချယ်၊ ဝန်ကြီးချုပ်ကို ရွေးချယ်၊ အစိုးရအဖွဲ့ ဖွဲ့စည်း စသည့်အစဉ်အလာအတိုင်း ဆောင်ရွက်လေ့ရှိသည်။ သမ္မတစနစ်ကို ကျင့်သုံးပါက သမ္မတကို ပြည်သူလူထုက တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် လူထုကိုယ်စားလှယ်များကသော်လည်းကောင်း ရွေးချယ်ကြရသည်။ သမ္မတက ၎င်းစိတ်ကြိုက်ပုဂ္ဂိုလ်များ ခန့်အပ်အစိုးရဖွဲ့စည်းသည်။ အင်ဒိုနီးရှားနိုင်ငံမှာမူ လွှတ်တော်ကိုယ်စားလှယ်တို့က

သမ္မတကို ရွေးချယ်ကြသည်။ သို့သော် လွှတ်တော်ကိုယ်စားလှယ် ၆၀၀ မှာမူ လူထုကရွေး ချယ်တင်မြှောက်ထားသော လူထုကိုယ်စားလှယ်များမဟုတ်ဘဲ အစိုးရခန့်ကိုယ်စားလှယ်များ ဖြစ်နေပေသည်။ ဤသည်မှာ အခြားမည်သည့်နိုင်ငံနှင့်မျှ မတူညီသော အင်ဒိုနီးရှားနိုင်ငံ၏ ထူးခြားချက်ဖြစ်ပေသည်။

* * * * * *

## မာနယ်ပလောကျဆုံးခြင်းနှင့် လူထု၏နိုင်ငံရေးအသိ

မြန်မာနိုင်ငံတွင် ဒီမိုကရေစီရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး အလံကို မြင့်မားစွာလွှင့်ထူခဲ့သော လွတ်မြောက်နယ်မြေ မာနယ်ပလောကား စစ်အာဏာ ရှင်များလက်ဝယ်သို့ ကျရောက်သွားခဲ့ပေပြီ။

မာနယ်ပလောသည် ၁၉၈၈ ရှစ်လေးလုံးအရေးတော်ပုံ ဖြစ်ပွားပေါ်ပေါက်ခဲ့ပြီး နောက်ပိုင်း စစ်အာဏာရှင်စနစ်ကို အကြီးမားဆုံးခြိမ်းခြောက်ခဲ့သော နေရာလည်းဖြစ်၏။ မာနယ်ပလောကိုဗဟိုထားလျက် တော်လှန်ရေးနယ်မြေတွင် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်း သားများ ဒီမိုကရက်တစ်တပ်ဦးသည်လည်းကောင်း၊ မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ် အဖွဲ့ချုပ်သည်လည်းကောင်း၊ မေးဖွားပေါ်ပေါက်လာခြင်းဖြစ်၏။ မာနယ်ပလောတွင် ပြည် ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရကို ဖွဲ့စည်းနိုင်ခဲ့၏။ မာနယ်ပလောတွင် စစ်အာ ဏာရှင်စနစ်ကိုဆန့်ကျင်သော နိုင်ငံရေးလှုပ်ရှားမှုများ၊ အခမ်းအနားများ၊ အစည်းအဝေးပွဲ ကြီးများ၊ ကြံဖန်မှုများစွာ ကျင်းပခဲ့၏ ပြည်တွင်းပြည်ပ အနယ်နယ်အရပ်ရပ်မှ အဖွဲ့အစည်း အသီးသီး၏ ခေါင်းဆောင်ကြီးများ၊ ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အ ရေးကို လိုလားထောက်ခံကြသောမိတ်ဆွေများ၊ ပြည်ပနိုင်ငံအသီးသီးနှင့် သတင်းဌာနအမျိုး မျိုးကို တက်ရောက်ကာ လေ့လာဆည်းပူးခဲ့ကြ၏။ မာနယ်ပလောကို အခြေပြုလျက်ပေါ် ပေါက်ခဲ့သော နိုင်ငံရေးအရှိန်အဟုန်ကား ကြီးမားလှပေသည်။ သို့ရာတွင် ထိုမာနယ်ပလော ကား ဖောက်ပြန်ရက်စက်လှသော စစ်အုပ်စုလက်ဝယ်သို့ ကျရောက်သွားခဲ့ပေပြီ။

မာနယ်ပလောကျဆုံးသည့်သတင်းကို ကြားသိလိုက်ရသောအခါ တကမ္ဘာလုံးရှိ ဒီမိုကရေစီရေးကို လိုလားကြသောနိုင်ငံများ၊ အင်အားစုများ၊ မိတ်ဆွေများအားလုံး အံ့သြမင် သက်မိသွားကြ၏။ ၁၉၉၁ ခုနှစ်၊ ထို့ပါဝီးကျိုးထိုးစစ်ကာလအတွင်းက "ဒီမိုကရေစီ တော်လှန် ရေး၏ ဗဟိုချက်မဖြစ်သော လွတ်မြောက်နယ်မြေ မာနယ်ပလောကို ခုခံကာကွယ်တိုက်ပွဲဝင် ကြ"ဟူသော ကြွေးကြော်သံကိုတင်၍ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်နှင့် အတူ ရှုပ်ရှုပ်ခွဲခွဲတိုက်ပွဲဝင်ခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ် တပ်ဦးမှ ရဲဘော်များသည်လည်း သိသိသာသာ မျက်နှာများ ညှိုးငယ်သွားခဲ့ကြ၏။ နဝတနှင့်

စေ့စပ်သွားခဲ့ပြီဖြစ်သော်လည်း မာနယ်ပလောနှင့် ဆက်ဆံပတ်သက်ဖူးသော မာနယ်ပလော၏ အရိပ်အာဝါသအောက်တွင်ခိုလှုံ၍ တော်လှန်ရေးလုပ်ငန်းများ လုပ်ခွင့်ရခဲ့ကြသော တိုင်းရင်းသား လက်နက်ကိုင် အင်အားစုခေါင်းဆောင်များသည်လည်း စိတ်ထိခိုက်ခံစားခဲ့ကြရ၏။ မာနယ်ပလောမရှိတော့ပြီဟူသောအသိကို သိလာကြသည့်အခါတွင်မှ မာနယ်ပလော၏ တန်ဖိုးကို ပို၍နားလည်လာခဲ့ကြပေသည်။ သို့ရာတွင် မာနယ်ပလောသည်ကား စစ်အာဏာရှင်စနစ်ကို ဒူးထောက်အလျှော့ပေး၍ ကျဆုံးသွားခဲ့ခြင်းမဟုတ်ပေ။ ရက်စက်ယုတ်မာလှသော စစ်အုပ်စု၏ လက်ပါးစေများကို နောက်ဆုံးအချိန်အထိ သတ္တိရှိစွာ ဂုဏ်ပြောင်စွာ စွမ်းစွမ်းတမံ တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့ခြင်းသာဖြစ်သည်။ ယင်းသမိုင်းဖြစ်စဉ်ကို မည်သူကမှ မည်သည့်အချိန်တွင်မျှ ဖျောက်ဖျက်၍ရလိမ့်မည် မဟုတ်ပေ။

မာနယ်ပလော ကျဆုံးခြင်းနှင့်ဆက်စပ်ပြီး တွေးတောစရာ၊ မေးမြန်းစရာ မေးခွန်းများ ပေါ်ပေါက်လာခဲ့သည်။ စစ်အုပ်စုက မာနယ်ပလောကို သိမ်းပိုက်လိုက်ခြင်းအတွက် တော်လှန်ရေးအင်အားစုများကို အပြီးသတ် အနိုင်ရရှိသွားပြီလား၊ ဒီမိုကရေစီရေးအင်အားစုများ၊ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ၏ ရှန်းကန်တော်လှန်တိုက်ပွဲဝင်မှုများ နိဂုံးကမ္ပတ်အဆုံးသတ်သွားပြီလား၊ နဝတ ပြောဆိုနေသကဲ့သို့ ဤနည်းလမ်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အကြွင်းမဲ့ တည်ဆောက်နိုင်ပြီးလား စသည်တို့ဖြစ်သည်။

## သဘာဝ ပထဝီမြေကြီးနှင့် နိုင်ငံရေးရပ်တည်မှု

မာနယ်ပလောကို စိတ်ဝင်စားကြသူများ၊ လေးစားကြသူများ၊ ချစ်ခင်မြတ်နိုးကြသူများသည် မာနယ်ပလောဟူသော ပထဝီမြေကြီးကို စိတ်ဝင်စားခြင်း၊ လေးစားခြင်း၊ ချစ်မြတ်နိုးခြင်းမဟုတ်ချေ။ အမှားကို ဆန့်ကျင်၍ အမှန်တရားအတွက် တိုက်ပွဲဝင်ရဲသော၊ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်၍ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်ရဲ သော၊ တဦးချင်းတဖွဲ့ချင်း အကျိုးစီးပွားကိုဆန့်ကျင်၍ တခုလုံး၊ တနိုင်ငံလုံး အမျိုးသားထု တရပ်လုံးအတွက် ဆန့်ကျင်တိုက်ပွဲဝင်ရဲသော၊ နိုင်ငံရေးရပ်တည်မှုအတွက် မာနယ်ပလောကို စိတ်ဝင်စားခြင်း၊ လေးစားခြင်း၊ ချစ်ခင်မြတ်နိုးကြခြင်းဖြစ်ပေသည်။ ယင်း နိုင်ငံရေးရပ်တည်မှုများက သဘာဝပထဝီမြေကြီးနှင့် ဘာမျှနှိုင်းယှဉ်နိုင်လောက်အောင် တန်ဖိုးကြီးမားလှပေသည်။ မည်မျှပင် စစ်ရေးအရ အချက်အခြာကျသည်ဖြစ်စေ၊ ပထဝီအနေအထားအရ သာယာလှပနေသည်ဖြစ်စေ၊ ဖောက်ပြန်သော နိုင်ငံရေးရပ်တည်မှု လွှမ်းမိုးလျက်ရှိသော သဘာဝပထဝီမြေကြီးသည် အချည်းနှီးပင်ဖြစ်လေသည်။ ဆိုလို သည်မှာ သဘာဝပထဝီမြေကြီးက အဓိကမဟုတ်၊ နိုင်ငံရေးရပ်တည်မှုက အဓိကဖြစ်သည်။ မှန်ကန်သော နိုင်ငံရေးရပ်တည်မှုကို ဆက်လက်၍ ကြံ့ခိုင်တောင့်တင်းအောင် ဖွံ့ဖြိုးကြီးထွားအောင်သာ တည်ဆောက်ရန် လိုပေသည်။

## မာနယ်ပလော ကျဆုံးခြင်းနှင့် နိုင်ငံရေးအသိ

မည်သို့ပင်ဖြစ်စေ မာနယ်ပလောကျဆုံးရသည့် အကြောင်းများကို လေ့လာသုံးသပ်ရန်လိုအပ်ပေသည်။ မတူသော ရှုဒေါင့်၊ ရပ်တည်မှု၊ အမြင်များအရ မာနယ်ပလော ဘာကြောင့်ကျဆုံးရသည်ကို အမျိုးအမျိုးသော နိဂုံးချုပ်ချက်များ ရှိနိုင်ပေသည်။ နောက်တကြိမ်ယင်းအဖြစ်မျိုး ထပ်မံမကြုံကြိုက်ရေးအတွက်လည်းကောင်း၊ နောက်ထပ်ပေါ်ပေါက်လာဦးမည့် မာနယ်ပလောများ၊ စနစ်တကျ ရှင်သန်ဖွံ့ဖြိုးကြီးထွား နိုင်ရေးအတွက်လည်းကောင်း၊ အရှည်သဖြင့် အေးချမ်းတည်ငြိမ်မည့် ပြည်ထောင်စုသစ်ကြီး တည်ဆောက်နိုင်ရေးအတွက်လည်းကောင်း၊ မာနယ်ပလောကျဆုံးခြင်းအတွင်း အခြေခံအကျဆုံးသော အကြောင်းရင်းများကို ဖော်ထုတ်သုံးသပ်ရန်လိုအပ်ပေသည်။ အကြောင်းရင်းအတော်များများရှိနိုင်သည့်အနက် အောက်ခြေ ပြည်သူလူထုကို နိုင်ငံရေးအသိမြင့်မားအောင် လုပ်ဆောင်မပေးနိုင်ခဲ့ခြင်းကို အကြောင်းရင်းတရပ်အဖြစ် သုံးသပ်တွေ့ရှိရသည်။

## ဘာသာရေးဓလေ့ထုံးစံများ ကျင့်သုံးခြင်းနှင့် ပြည်တွင်းငြိမ်းချမ်းရေး ပြဿနာ

ကေအင်န်ယူနယ်မြေအတွင်း ဘာသာရေးဓလေ့ထုံးစံများ ကျင့်သုံးမှုပေါ်တွင် အခြေပြုလက် အချို့သော လူထုအတွင်း မကျေနပ်မှုများ စတင်ပေါက်ဖွားလာကာ မာနယ်ပလော၏ တည်ရှိမှုကို ခြိမ်းခြောက်လာခဲ့ပေသည်။ ဘာသာရေးဝတ်ပြုကိုးကွယ်ခွင့်များ ဆုံးရှုံးသည်ဟုယူဆသဖြင့် မကျေနပ်သော ကေအင်န်ယူအောက်ခြေတပ်သားအချို့နှင့် ဒေသခံလူထုကို နဝတမှအသုံးချကာ ကြီးထွားအောင်လှုံ့ဆော် လုပ်ဆောင်သွားနိုင်ခြင်းသည် မာနယ်ပလောကျဆုံးခြင်း၏ အဓိကအကြောင်းအရင်းကြီးဖြစ်သည်။ အကယ်၍ မြန်မာနိုင်ငံတွင် စစ်မှတ်သော ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်လျှင် ဘာသာရေးဝတ်ပြုကိုးကွယ်သည့် ကိစ္စများကို အကြောင်းပြု၍ ဤမျှကြီးမားသော ပြဿနာပေါ်ပေါက်နိုင်လိမ့်မည်မဟုတ်ချေ။ ပြည်တွင်းစစ် ပြင်းထန်စွာဖြစ်ပွားနေသော ဒေသတွင်း၌ ဘာသာရေးဝန်ပြုကိုးကွယ်မှု ဓလေ့ထုံးတမ်းအစဉ်အလာများကို ကျင့်သုံးရာတွင် မည်သို့သောအခက်အခဲများရှိသည်၊ ပြည်တွင်းငြိမ်းချမ်းရေးကို စစ်မှန်စွာ တည်ဆောက်နိုင်မှသာလျှင် ဘာသာရေးဝတ်ပြု ကိုးကွယ်မှုအပါအဝင် ပြည်သူလူထု အတွက် ဆုံးရှုံးနေသော နိုင်ငံရေးအခွင့်အရေးများ မည်သို့ ရရှိခံစားနိုင်သည် စသည်တို့ကို ပညာပေးမှုအပိုင်း၌ အားနည်းခဲ့သည်။ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံနေထိုင်လျက်ရှိသော တိုင်းနိုင်ငံတွင် ဖြစ်ပွားနေသောစစ်ပွဲကို မျက်ကွယ်ပြုလျက် ဘာသာတခု၏ အလံကိုထောင်၍ ယင်း၏အရိပ်အာဝါသအောက်တွင် ခိုလှုံကာ၊ ငြိမ်းချမ်းမှုကို တောင်းဆိုခြင်းသည် လက်တွေ့မကျဟုသည်ကိုလည်းကောင်း၊ ဘာသာအားလုံး လူမျိုးအားလုံးငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နေရေးအတွက် စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းအရ စနစ်တကျ ဖြေရှင်းတည်ဆောက်နိုင်မှသာ သဘာဝကျကျ အရှည်သဖြင့် အာမခံချက်ရှိသော ငြိမ်းချမ်းရေးမျိုးဖြစ်မည် စသောအချက်များကိုလည်းကောင်း အောက်ခြေလူထု

များ အခြေခံကျကျ နားလည် သဘောပေါက်ခဲ့ခြင်း မရှိပေ။ တနည်းအားဖြင့်ပြောရလျှင် ယင်းဒေသခံလူထု၏ နိုင်ငံရေးအသိအားနည်းမှုအပေါ် အသုံးချကာ ဘာသာ တခုနှင့်အခြားဘာသာတခု ပဋိပက္ခဖြစ်နေဟန်ဖန်တီး၍ နဝတ ပုံကြီးချဲ့လုပ်ဆောင်သွားခဲ့ခြင်းကြောင့် မာနယ်ပလောကျဆုံးရခြင်းဖြစ်သည်။

ပြည်သူလူထု၏ နိုင်ငံရေးအသိကို စနစ်တကျ မြင့်မားအောင် လုပ်ဆောင်ပေးနိုင်ခဲ့မည်ဆိုလျှင် လည်းကောင်း၊ ဘာသာရေးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် အာနည်းချက်အချို့ မရှိခဲ့လျှင်လည်းကောင်း၊ နဝတမှ ယခုကဲ့သို့ အသုံးချအမြတ်ထုတ် သွားနိုင်မည်မဟုတ်ချေ။ မြန်မာနိုင်ငံတွင် စစ်အာဏာရှင်များ လွှမ်းမိုးအုပ်ချုပ်ခဲ့သည့် သက်တမ်းတလျှောက်လုံး ဘာသာရေးပဋိပက္ခ၊ လူမျိုးရေးပဋိပက္ခ၊ အယူဝါဒရေးပဋိပက္ခ စသည်ဖြင့် ပဋိပက္ခပေါင်းစုံကိုဖန်တီးကာ ၎င်းတို့အာဏာတည်မြဲရေးအတွက် အကြိမ်းပေါင်းများစွာ အသုံးချသွားခဲ့သည့်ဖြစ်ရပ်များ အမြောက်အမြားရှိခဲ့ပေသည်။ နောင်တွင် ယင်းသို့ အသုံးမချနိုင်ရေးအတွက်လည်းကောင်း၊ အရှည်သဖြင့် အေးချမ်းတည်ငြိမ်သည့် ဒီမိုကရေစီပြည်ထောင်စုသစ်တည်ဆောက်ရန်အတွက်လည်းကောင်း၊ အခြေခံလူထု၏ နိုင်ငံရေးအသိကို တက်နိုင်သမျှမြင့်တက်အောင် လုပ်ဆောင်ပေးရန် လိုအပ်ပေသည်။

## အမျိုးသားစည်းလုံးညီညွတ်မှုတည်ဆောက်ခြင်းနှင့် ပြည်တွင်းစစ်ပြဿနာ

မြန်မာနိုင်ငံကို စီးပွားရေးအရ ခေတ်မီတိုးတက်သော နိုင်ငံရေးအရ လူတဦးချင်းစီ၏ အခွင့်အရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ တန်းတူမှုအခွင့်အရေးကို အပြည့်အဝ အာမခံချက်ပေးသော လက်တွေ့အရ ငြိမ်းချမ်းတည်ငြိမ်သော၊ ဒီမိုကရေစီပြည်ထောင်စုသစ် တရပ်ပေါ်ပေါက်လာစေရန် အမျိုးသားစည်းလုံးညီညွတ်မှုကို မဖြစ်မနေတည်ဆောက်ဖို့ လိုအပ်ပေသည်။

မြန်မာနိုင်ငံတွင် အထူးသဖြင့် ၁၉၆၂ ခုနှစ်၊ စစ်အုပ်စု အာဏာသိမ်းပြီး နောက်ကာလမှစ၍ အမျိုးသားစည်းလုံးညီညွတ်မှုမှာ ပြိုကွဲသည်ထက် ပြိုကွဲလာခဲ့သည်။ နိုင်ငံရေးပါတီများ တပါတီနှင့် တပါတီသည်လည်းကောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများ တဖွဲ့နှင့်တဖွဲ့သည်လည်းကောင်၊ အုပ်စုများတခုနှင့်တခုကြားတွင်လည်းကောင်း၊ အုပ်စိုးသူအစိုးရနှင့် လူထုကြားတွင်လည်းကောင်း၊ အမျိုးသားစည်းလုံးညီညွတ်မှု ရစရာမရှိအောင် ပြိုကွဲလျက်ရှိပေသည်။ မြန်မာနိုင်ငံ၏ ပြဿနာပေါင်းစုံအနက် အရင်းခံအကျဆုံးသောပြဿနာကို ပြောပါဟုဆိုလျှင် အမျိုးသားစည်းလုံးညီညွတ်မှုပြိုကွဲသည့် ပြဿနာကို အဓိကထား ပြောရလိမ့်မည်ဖြစ်သည်။ အမျိုးသားစည်းလုံး ညီညွတ်မှုကို မတည်ဆောက်နိုင်သမျှကာလပတ်လုံး လူတိုင်းအတွက် ငြိမ်းချမ်းတည်ငြိမ်သော ဘဝသစ်ကိုဖော်ဆောင်ပေးမည့် ပြည်ထောင်စုသစ်ပေါ်ပေါက်

လာလိမ့်မည် မဟုတ်ချေ။ ဤနေရာတွင် ယင်းနှင့် ဆက်စပ်၍ အမျိုးသားစည်းလုံးညီညွတ်မှုကို လက်တွေ့အရ မည်သို့ တည်ဆောက်မည်နည်းဟူသော မေးခွန်း ပေါ်ပေါက်လာသည်။

လက်ရှိ နဝတသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဟူသော ကြွေးကြော်သံဖြင့် တတိုင်းပြည်လုံးစုစည်းညီညွတ်မှုကို တည်ဆောက်နေသယောင်ဖြင့် လုပ်ဆောင်လျက်ရှိသည်၊ ၁၉၈၈ ခုနှစ်၊ နဝတ အာဏာသိမ်းပြီးချိန်မှစ၍ ၎င်း၏ လုပ်ဆောင်ချက်များကို အနှစ်ချုပ်ကြည့်လျှင် စစ်ရေးအရ လုပ်ဆောင်မှုနှင့် နိုင်ငံရေးအရ လုပ်ဆောင်မှုဟူ၍ နှစ်ပိုင်းခွဲ၍ တွေ့နိုင်ပေသည်။ စစ်ရေးအရ လုပ်ဆောင်မှုအဖြစ် တန်းတူအခွင့်အရေးအတွက် တိုက်ပွဲဝင်နေကြသော တိုင်းရင်းသားအင်းအားစုများကို တလျှောက်လုံး တိုက်ခိုက်ချေမှုန်း၊ ယခုလတ်တလောအချိန်မှာပင် ကေအင်န်ယူနယ်မြေအတွင်း၌ ပြင်းထန်သော ထိုးစစ်ကြီးများဆင်နွှဲ၍ ကေအင်န်ယူ၏ အဓိကအခြေခံစခန်းကြီးအားလုံးကို သိမ်းပိုက်၍ ရကောင်းရနိုင်ပေမည်။ တော်လှန်လျက်ရှိသော ကရင်အမျိုးသားခေါင်းဆောင်အားလုံး၊ ကရင်ရဲဘော်အားလုံးကို အမြစ်ပြတ်ချေမှုန်းပစ်နိုင်မည်မဟုတ်ချေ။ ကြီးမားသော စစ်အင်အားကိုသုံးကာ ဖိနှိပ်ထားနိုင်သဖြင့် အချိန်ကာလတခုထိ ထိန်းချုပ်၍ ရကောင်းရနိုင်ပေမည်။ တချိန်တွင် ပြန်လည်အုံကြွပြင်းထန်ပေါက်ကွဲလာဦးမည်သာဖြစ်သည်။ သို့ဖြစ်၍ အမျိုးသား စည်းလုံးညီညွတ်မှုကို စစ်အင်အားဖြင့် မည်သည့်အခါမျှ တည်ဆောက်၍မရနိုင်ပေ။

အာဏာသိမ်းပြီးချိန်မှ နိုင်ငံရေးအရ နဝတ၏ လုပ်ဆောင်ချက်မှ ထင်ရှားစွာတွေ့ရသော အချက်မှာ  လက်ရှိကျင်းပလျက်ရှိသော အမျိုးသားညီလာခံဖြစ်ပေသည်။ နဝတသည် ယင်းအမျိုးသားညီလာခံကို အချိန်များစွာယူ၍ စနစ်တကျပြင်ဆင်ခဲ့သည်။ တပြည်လုံးမှ အမျိုးသားညီလာခံ တက်ရောက်မည့် ကိုယ်စားလှယ်များကို စိစစ်ရွေးချယ် စေလွှတ်ပို့ဆောင်ပေးခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုများကို နည်းအမျိုးအမျိုးဖြင့် ချဉ်းကပ်စည်းရုံး၍ အပစ်အခတ်ရပ်စဲစေကာ အမျိုးသားညီလာခံသို့ ကိုယ်စားလှယ်များ တက်ရောက်စေခြင်းဖြင့် အားကောင်းခိုင်မာစေရန် စီစဉ်လုပ်ဆောင်ခဲ့သည်။ သို့ဖြစ်၍ ယင်းအမျိုးသားညီလာခံသည်  တပြည်လုံးတွင်  ပြိုကွဲလျက်ရှိသော  အမျိုးသားစည်းလုံးညီညွတ်မှုကို လက်တွေ့တည်ဆောက်ပေးနိုင်မည့် စစ်မှန်သော အမျိုးသားညီလာခံတရပ်ဖြစ်သလား၊ စစ်အာဏာရှင်စနစ် ရေရှည်တည်တံ့ ခိုင်မြဲ၍ တရားဝင်အုပ်စိုးခွင့်ရရှိရေးအတွက် စနစ်တကျ စီစဉ်ကျင်းပသည့် အတုအယောင်ညီလာခံတရပ်ဖြစ်သလားဟူသည်ကို ဆန္ဒစွဲမပါဘဲ အခြေခံကျကျ ပိုင်းခြားစိတ်ဖြာ သုံးသပ်ရန် လိုအပ်ပေသည်။

## ပီဒီအက်ဖ် ဖွဲ့စည်းပေါ်ပေါက်လာခြင်းနှင့် ကေအိုင်အို၏ ထုတ်ပြန်ကြေညာချက်

မာနယ်ပလောတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးရာ နီးနှောဖလှယ်ပွဲကြီး ကျင်းပပြီးနောက် များမကြာမီ ၁၉၈၉ ခုနှစ်က နဝတနှင့် စေ့စပ်အပစ်အခတ်ရပ်စဲရေး လုပ်သွားခဲ့သော "ဝသပ" ဦးဆောင်လျက် စေ့စပ်ရေးလုပ်ပြီးဖြစ်သော တိုင်းရင်းသားအဖွဲ့အစည်းပေါင်း (၅) ဖွဲ့ပါဝင်ကာ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီတပ်ပေါင်းစု ပေါ်ပေါက်လာခဲ့သည်။ (၁၊ ၁၂၊ ၉၄) ရက်နေ့တွင် ကေအိုင်အိုက ထုတ်ပြန်ခဲ့သော ကြေညာချက်၌ မြန်မာပြည်၏ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ မည်သို့ ဖြေရှင်းရန် အောက်ပါအတိုင်း တောင်းဆိုသွားခဲ့သည်။

> "၎င်းအပြင် သင့်တော်သောအချိန်ကာလ၌ (၁) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ) အစိုးရ၊ (၂) ပြည်သူလူထုအများစု၏ ထောက်ခံမှုရရှိထားသော နိုင်ငံရေးပါတီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နှင့်တကွ အခြားသော နိုင်ငံရေးခေါင်းဆောင်များ (၃) တိုင်းရင်းသားလူမျိုးစု အသီးသီးတို့အား ကိုယ်စားပြုပြီး လက်နက်ကိုင်၍ တိုင်းရင်းသားလူမျိုးစု အခွင့်အရေးကို တောင်းဆိုတိုက်ပွဲဝင်နေကြသော တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းများ သုံးပွင့်ဆိုင် ဆွေးနွေးနိုင်မှသာလျှင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရမှ ပြည်သူလူထုအား ဆော်ဩထားသည့် ဒို့အရေးသုံးပါးနှင့် စစ်မှန်ပြီးတည်တံ့ခိုင်မြဲသည့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်စွာ တည်ထောင်နိုင်လိမ့်မည်ဟု မိမိတို့ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ဗဟိုမှ အခိုင်အမာယုံကြည်သည်။"

အထက်ပါအချက်များကို ထောက်ရှုလျှင် နဝတဦးစီးကျင်းပလျက်ရှိသော အမျိုးသားညီလာခံမှ ပေါ်ထွက်လာမည့်ရလဒ်ဖြင့် တိုင်းရင်းသားများ၏ တန်းတူ အခွင့်အရေးကို ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟူ၍လည်းကောင်း၊ ရေရှည်တည်တံ့ ခိုင်မြဲမည့် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်လိမ့်မည်ဟူ၍လည်းကောင်း (အဆိုပါ အဖွဲ့အစည်းများအနေဖြင့် အတိအလင်းထုတ်ဖော်ကြေညာခြင်း မပြုသော်လည်း) ယုံကြည်မှုမရှိတော့ကြောင်း ထင်ရှားပေါ်လွင်နေပေသည်။ တနည်းအားဖြင့် ပြုကျင့်နေသော အမျိုးသားစည်းလုံးညီညွတ်မှုကို နဝတ၏ အမျိုးသားညီလာခံဖြင့် တည်ဆောက်၍ မရနိုင်ကြောင်း ဖော်ပြသော ထင်ရှားသည့် သာဓကများပင်ဖြစ်သည်။

## အမျိုးသားစည်းလုံးညီညွတ်မှု၊ အုံကြွဆန့်ကျင်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှု

အမျိုးသားစည်းလုံးညီညွတ်မှုကို စစ်ရေးဖြင့် တည်ဆောက်၍ မရနိုင်ကြောင်း အထက်တွင် ဖော်ပြခဲ့ပြီး၊ နိုင်ငံရေးနည်းဖြင့်တည်ဆောက်မည်၊ တည်ဆောက်ရန် ကြိုးပမ်းမည် ဆိုလျှင် ဦးဆောင်တည်ဆောက်မည့် အဖွဲ့အစည်းများသည်–

(က) တဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အဖွဲ့အစည်းတခုချင်းအလိုက် သော်လည်းကောင်း၊ မိမိအာဏာရရှိရေး၊ မိမိအာဏာတည်မြဲရေး အပါအဝင် မည်သည့်ကိုယ်ကျိုးကိုမျှ ရှေ့တန်းမတင်ကြ ရန်လိုသည်။

(ခ) အာဃာတမထား၊ အမုန်တရားကိုလက်ခံကာ၊ ပြည်တွင်းစစ်၏ ဒဏ်ရာ ဒဏ်ချက်များကို ကုစားနိုင်ရေးအတွက် ရိုးသားဖြူစင်စွာ လုပ်ဆောင်မည်ဟူ ၍ သဘောထား မှန်မှန်ထားကြရန် လိုသည်။

(ဂ) လူတဦးချင်စီအတွက်လည်းကောင်း၊ တိုင်းရင်းသားလူမျိုး တမျိုးချင်းစီ အတွက် လည်းကောင်း တရားမျှတ၍ ရသင့်ရထိုက်သော အခွင့်အရေးများကို မှန်မှန် ကန်ကန် ပြဌာန်းပေးကြရန်လိုသည်။

ယင်းအခြေခံများဖြင့် လက်တွေ့တည်ဆောက်ရန် ကြိုးပမ်းကြရပါမည်။

ကေအင်န်ယူနယ်မြေအတွင်းဖြစ်ပွားခဲ့သော ဘာသာရေးပြသနာကို ကိုင်တွယ်ဖြေ ရှင်းခဲ့သော သက်ဆိုင်ရာ ကေအင်န်ယူခေါင်းဆောင်များအနက် အချို့တွင် အားနည်းချက် ရှိကောင်းရှိပါမည်။

သို့ရာတွင် ယင်းကို အမိအရဆုပ်ကိုင်ပြီး ကေအင်န်ယူကို ဘာသာရေး အလံ ထောင်တိုက်သည့် နည်းပရိယာယ်ဖြင့် နိုင်ငံရေးအရအသေသတ်ရန် ကြိုးပမ်းသော နဝတ၏ လုပ်ရပ်များက ယုတ်မာရက်စက်လွန်းလှသည်။ ယင်းစနက်ကြောင့် ယခုအခါ အဖိနှိပ်ခံ ကရင် အမျိုးသားပြည်သူများကို စစ်ရေးအရ ဖိနှိပ်ကောင်း ဖိနှိပ်ထားနိုင်ပါမည်။ သို့ရာတွင် ၎င်းတို့၏ နှလုံးသားကိုကား မည်သည့်အခါမျှ ရရှိလိမ့်မည်မဟုတ်ပါ။ အခြားသော တိုင်းရင်းသား လက် နက်ကိုင်အင်အားစုများအနေဖြင့်လည်း မည်သည့်အချိန်တွင် နဝတ၏မြှားဦး ငါတို့ဘက်လှည့် လာမည်လဲဟူ၍ သံသယများ ကြီးထွားလာမည်မှာ မုချဖြစ်သည်။ ယင်းသို့ ကောက်ကျစ် သော သဘောထားမျိုးနှင့်ကား မည်သည့်အခါတွင်မှ စစ်မှန်သော အမျိုးသားစည်းလုံးညီ ညွတ်မှုကို တည်ဆောက်နိုင်လိမ့်မည် မဟုတ်ချေ။

စစ်မှန်သော အမျိုးသားစည်းလုံးညီညွတ်မှုကို မတည်ဆောက်နိုင်သမျှ ကာလပတ် လုံး အုံကြွဆန့်ကျင်မှုများ ရှိနေမည်မှာ မုချဖြစ်သည်။ ယင်းကို အကြောင်းပြုလျက် ဖမ်းဆီး၊

ဖိနှိပ်၊ သတ်ဖြတ်သော လူ့အခွင့်အရေးချိုးဖောက်မှုများကား အတောမသတ် ဆက်လက်ပေါ်ပေါက်နေဦးမည်သာဖြစ်သည်။

## မာနယ်ပလောဓာ၏အသီးအပွင့်များ

မာနယ်ပလောဟူသော ပထဝီမြေကြီးကျဆုံးသွားခဲ့သော်လည်း ယင်းတွင် တည်ဆောက်ခဲ့သည့် ခိုင်မာသော နိုင်ငံရေးရပ်တည်မှုကား မကျဆုံးပေ။ ခိုင်မာသော ရပ်တည်မှုကို ဆက်လက်စုစည်းဖော်ဆောင်မည့် တပ်ပေါင်းစုခေါင်းဆောင်များနှင့် အဖွဲ့အစည်းအသီးသီး၏ ခေါင်းဆောင်များသည်လည်း တဦးမျှ ကျဆုံးခြင်းမရှိသေးချေ။ ထို့ကြောင့် မာနယ်ပလောကျဆုံးသွားသော်လည်း မှန်ကန်သော နိုင်ငံရေးရပ်တည်မှုအပေါ် အခြေခံသည့် စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး နိုင်ငံရေးလှုပ်ရှားမှုများကား ဆက်လက်ရှင်သန်နေဦးမည် မုချဖြစ်သည်။

တော်လှန်သော မာနယ်ပလောနယ်မြေတွင် ဖူးပွင့်ဝေဆာခဲ့သော အသီးအပွင့်များ အမြောက်အမြားရှိခဲ့ပါသည်။ ယင်းတို့အနက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးရာ နီးနှောဖလှယ်ပွဲသည်လည်း တခုအပါအဝင်ဖြစ်သည်။ အခြေခံလူထုကို နိုင်ငံရေးအသိ ဖြည့်ဆည်းပေးနိုင်ရန်လည်းကောင်း၊ အမျိုးသားစည်းလုံးညီညွတ်မှုကို စစ်မှန်သော နိုင်ငံရေးနည်းဖြင့် တည်ဆောက်သွားနိုင်ရန်လည်းကောင်း၊ တရားဝင်အစိုးရအဖြစ် ဖော်ဆောင်သည့် နည်းဖြင့် စစ်အာဏာရှင်စနစ် ရေရှည်လွှမ်းမိုးကြီးစိုးခွင့်ရရေး ကြိုးပမ်းသည့် နဝတ၏လုပ်ရပ်ကို ကမ္ဘာသို့ စနစ်တကျ ဖွင့်ထုတ်ရန်လည်းကောင်း ဦးတည်ကာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီမှ ကြီးမှူးကျင်းပသည့် "ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးရာ နီးနှောဖလှယ်ပွဲ" နှင့် စပ်လျဉ်းသော အချက်အလက်များကို စုစည်း၍ ဤစာအုပ်ကို ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

(Analysis of SLORC's National Convention စာအုပ်တွင် မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ရေးသားသော "နိဒါန်း"ကို ဘာသာပြန်ဆိုဖော်ပြပါသည်။)

* * * * * *

# မြန်မာပြည်ဒီမိုကရက်တစ်မဟာမိန်အဖွဲ့ချုပ် အခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီ (အနာဂတ်) ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲခြင်းနှင့် ပတ်သက်၍ နောက်ခံသမိုင်း ကြောင်းအား အစီရင်ခံတင်ပြခြင်း။

နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီမှကြီးမှူး၍ အခြေခံဥပဒေရေးရာ နှီးနှောဖလှယ်ပွဲကျင်းပတဲ့အခါ ထိုနှီးနှောဖလှယ်ပွဲသို့ မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် (မဒမခ) မှ ၎င်းကမကထပြုရေးဆွဲသော (အနာဂတ်) ဖက်ဒရယ် ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို တင်ပြရန် ရှိလာပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီအဖွဲ့ဝင် အဖွဲ့အစည်းများ၊ ၁၉၉၀ ခုနှစ်၊ မေလ ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များ၊ ပင်လယ်ရပ်ခြားမြန်မာများ၊ မြန်မာနိုင်ငံရေးကို စောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ နှင့် အခိုက်အတန့်အားဖြင့် အပစ်အခတ်ရပ်စဲ၍ တွေ့ဆုံဆွေးနွေးနေသော အဖွဲ့အစည်းများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအဖွဲ့ဝင်မဟုတ်သော အခြားအတိုက်အခံအင်အားစုများ၊ တော်လှန်ရေးအဖွဲ့အစည်းများကိုပါ ယခုကျင်းပနေတဲ့ အခြေခံဥပဒေရေးရာ နှီးနှောဖလှယ်ပွဲကို တက်ရောက်ဖို့ ဖိတ်ကြားခဲ့ပါတယ်။ (မဒမခ) ဟာ ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီအဖွဲ့ဝင်တွေထဲကတခုသာဖြစ်ခြင်း၊ (မဒမခဝ အဖွဲ့ဝင်မဟုတ်သော အခြားအဖွဲ့အစည်းပေါင်းစုံတို့ ဒီညီလာခံကို တက်ရောက်နေခြင်းတို့ကြောင့် (မဒမခ) မှ ရေးဆွဲတဲ့ အခြေခံဥပဒေ (မူကြမ်း) နဲ့ စပ်လျဉ်းလို နှီးနှောဖလှယ်ပွဲကြီးမှာ ရှင်းလင်းတင်ပြဖို့ လိုအပ်လာပါတယ်။ ၎င်းရဲ့ကိုယ်စား (မဒမခ) ဟာ ရှင်းလင်းတင်ပြပေးဖို့ အခြေခံဥပဒေရေးဆွဲရေးကော်မတီကို တာဝန်ပေးအပ်လာတဲ့အတွက် (မူကြမ်း) ရေးဆွဲရေး ကော်မတီအနေနဲ့ (မဒမခ) ရဲ့ အခြေခံဥပဒေ (မူကြမ်း) ရဲ့ နောက်ခံသမိုင်းကြောင်းကို တင်ပြသွားပါ့မယ်။

ဦးစွာပထမ သမိုင်းကြောင်းကို မတင်ပြမီ ဒီနှီးနှောဖလှယ်ပွဲကို ဘာကြောင့် (မဒမခ) ရဲ့ အခြေခံ (မူကြမ်း) တင်ပြရကြောင်းကို ရှင်းလင်းတင်ပြလိုပါတယ်။ နဝတဟာ လက်ရှိကျင်းပနေတဲ့ အမျိုးသားညီလာခံမှာ ၎င်းတို့ စိတ်ကြိုက် စစ်တပ်က လွှမ်းမိုးနိုင်မယ့် အခြေခံဥပဒေတစ်ရပ်ရေးဆွဲနေတာအားလုံးအသိဖြစ်ပါသည်။ အဲဒါကို လက်မခံနိုင်ကြတဲ့ ကျွန်တော်တို့တစ်တွေဟာ ကျွန်တော်တို့ရဲ့ စစ်မှန်တဲ့ဆန္ဒကိုဖော်ပြလိုတဲ့ ရည်ရွယ်ချက် အပါအဝင် အခြားရည်ရွယ်ချက်ပေါင်းစုံနဲ့ ဒီနှီနှောဖလှယ်ပွဲကြီးကို ကျင်းပခဲ့ပါတယ်။ ဒီနှီးနှောဖလှယ်ပွဲကြီးမှာ နဝတ

ရဲ့ အခြေခံဥပဒေရေးဆွဲရေးနဲ့ သူချမှတ်ထားလိုက်တဲ့ မူတွေကို ကျွန်တော်တို့က ဝေဖန်ထောက်ပြခဲ့ကြပါတယ်။ အဲဒီလို ဝေဖန်ထောက်ပြကြမှု ပြုလုပ်ပြီးတဲ့နောက်မှာ ကျွန်တော်တို့ရဲ့ လိုလားချက်နဲ့အနီးစပ်ဆုံးဖြစ်မယ့် အခြေခံဥပဒေ မူကြမ်းတရပ်ကို တင်ပြသင့်တယ်လို့ နီးနှောဖလှယ်ပွဲကို ဦးဆောင်ကျင်းပပေးတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီက ယူဆမိပါတယ်။ (မဒမခ) က ရေးဆွဲခဲ့တဲ့ အခြေခံဥပဒေမူကြမ်းကို တင်ပြပြီး ဒီနှီးနှောဖလှယ်ပွဲကို တက်ရောက်လာတဲ့ ကိုယ်စားလှယ် အားလုံးရဲ့ လေးနက်တဲ့ အကြံပေးမှု၊ ဝေဖန်ထောက်ပြမှုတွေကို လက်ခံယူခြင်းဖြင့် နောင်အနာဂတ်မှာ မြန်မာနိုင်ငံမှာ ဖော်ဆောင်မယ့် အခြေခံဥပဒေနဲ့ပတ်သက်ပြီး ကျွန်တော်တို့အချင်းချင်းအကြား အမြင်နီးစပ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတွေ ရရှိနိုင်လိမ့်မည် လို့ ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီက ယူဆပါတယ်။

ဒီနေရာမှာ ကိုယ်စားလှယ်တွေ ရှင်းရှင်းလင်းလင်းသိနိုင်အောင် တင်ပြလိုတဲ့ အချက်တွေရှိပါတယ်။ အဲဒါတွေကတော့–

၁။ မဒမခရဲ့ အခြေခံဥပဒေမူကြမ်းကို ဒီနှီးနှောဖလှယ်ပွဲကိုတင်ပြဖို့ ရွေးချယ်ရခြင်းဟာ မဒမခကသာ အနာဂါတ် မြန်မာနိုင်ငံအတွက် အခြေခံဥပဒေမူကြမ်းတရပ်ကို အခိုင်အမာ ရေးဆွဲထားနိုင်လို့ဖြစ်ပါတယ်။ ဆိုလိုတာက အခြားသော နိုင်ငံရေးအတိုက်အခံအင်အားစုတွေအနေနဲ့ မဒမခလို ခိုင်မာတဲ့ အခြေခံဥပဒေ တရပ်ရေးဆွဲထားတာ မရှိလို့ဖြစ်ပါတယ်။

၂။ ဒီအခြေခံဥပဒေ (မူကြမ်း) ကို ခြွင်းချက်အနည်းငယ်မှလွဲလို့ မဒမခ က အ တည်ပြုထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် နှီးနှောဖလှယ်ပွဲမှာ တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေရဲ့ အတည်ပြုလျက်ကို ရယူဖို့ မဒမခက ကြိုးစားမှာ မဟုတ်ပါဘူး။ ဒီအခြေခံဥပဒေ (မူကြမ်း) နဲ့ ပတ်သက်လို့ ကိုယ်စားလှယ်တွေရဲ့ ဝေဖန်ထောက်ပြမှု၊ အကြံဉာဏ်ပေးမှုတွေကိုသာ လက်ခံ ယူထားမှာဖြစ်ပါတယ်။ ဒီနည်းနဲ့ အတိုက်အခံများအကြား အနာဂတ် မြန်မာနိုင်ငံအတွက် အခြေခံဥပဒေအပေါ် အမြင်နီးစပ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှု ရသွားစေလိုပါတယ်။ တပြိုင်နက်ထဲမှာ ကျွန်တော်တို့အားလုံး တညီတညွတ်တည်း လက်ခံနိုင်မယ့် အခြေခံဥပဒေ(မူကြမ်း) တရပ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးပမ်းနေရေးကိုလည်း အကြံပြုလိုပါတယ်။ အဲဒီလို ကြိုးပမ်းနေတဲ့အခါတွေမှာ မဒမခ ဟာ သူ့ရဲ့ ကိုယ်ပိုင်မူတခုအနေနဲ့ ကိုင်စွဲနိုင်အောင် လက်ရှိအခြေခံဥပဒေ (မူကြမ်း) ကို ရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။

၃။ ပြီးပြည့်စုံတဲ့ အခြေခံဥပဒေမရှိဆိုတဲ့ သဘောတရားအတိုင်းပဲ မဒမခ ကိုယ်တိုင် ဒီအခြေခံဥပဒေ (မူကြမ်း) ကို ဘယ်လိုပြင်ဆင်မွမ်းမံမှုတွေ ပြုလုပ်သွားဖို့ ရှိနေပါတယ်ဆိုတဲ့ အချက်တွေကို ဒီနှီးနှောဖလှယ်ပွဲ တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေ ရှင်းရှင်းလင်းလင်း သိနိုင်အောင် ဦးစွာပထမ တင်ပြလိုက်ရပါတယ်။

ယခုဆက်လက်ပြီး မဒမခ အခြေခံဥပဒေ (မူကြမ်း) ရဲ့ သမိုင်းကြောင်းကို တင်ပြလိုပါတယ်။

အဲဒီလိုတင်ပြတဲ့နေရာမှာ အပိုင်းနှစ်ပိုင်းခွဲ တင်ပြလိုပါတယ်။ အပိုင်း (၁) အနေနှင့် မဒမခရဲ့ အခြေခံဥပဒေသမိုင်းကြောင်းကို တင်ပြမှာဖြစ်ပြီး အပိုင်း (၂) အနေနဲ့ အခြေခံဥပဒေ တရပ်လုံးရဲ့ ကြောရိုးကို အကျဉ်းချုံးတင်ပြမှာ ဖြစ်ပါတယ်။

* * * * * *

# အပိုင်း (၁)
# မဒမခ ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏သမိုင်းကြောင်း

## ၁။ အခြေခံဥပဒေမူကြမ်း ရေးဆွဲရန် မဒမခ ၏ စဉ်းစားချက်

မဒမခ ရဲ့ ဦးတည်ချက် (၄) ရပ်ထဲမှာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနဲ့ ပတ်သက်လို့ တချက်ပါဝင်ပါတယ်။ တချိန်တည်းမှာ မြန်မာနိုင်ငံမှာ ကျင့်သုံးခဲ့ဖူးတဲ့ ၁၉၄၇ ခုနှစ်၊ အခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ်၊ အခြေခံဥပဒေတွေဟာ တိုင်းရင်းသား လူမျိုးပေါင်းစုံနေထိုင်တဲ့ မြန်မာနိုင်ငံနဲ့ ကိုက်ညီမှုမရှိကြောင်းကို မဒမခ အဖွဲ့ဝင်အားလုံးက သဘောပေါက်ကြပါတယ်။ တိုင်းရင်းသားလူမျိုးအသီးသီးရဲ့ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့် တန်းတူညီမျှမှုအရ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုတခုကိုတည်ဆောက်တဲ့အခါမှာ နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဟာ အရေးကြီးတဲ့ အခန်းကဏ္ဍမှ ပါဝင်နေကြောင်းကို မြန်မာနိုင်ငံရေးအတွေ့အကြုံများအရ အခြေခံဥပဒေ (မူကြမ်း) တရပ်သာရေးဆွဲနိုင်မယ် ဆိုရင် မဒမခ အဖွဲ့ဝင် အဖွဲ့အစည်းတွေကြား အနာဂါတ်မှာ ဖော်ဆောင်မယ့် ဖက်ဒရယ် ပြည်ထောင်စုကို ပုံဖော်တဲ့နေရာမှာ အချင်းချင်း ညှိနှိုင်းမှုတွေ ပြုလုပ်နိုင်လိမ့်မယ်လို့ ယုံကြည်ကြပါတယ်။ မဒမခ အဖွဲ့ဝင်အသီးသီးဟာ မိမိတို့ အမြင်အသီးသီးနှင့် ဖက်ဒရယ်ပြည်ထောင်စုကို အမျိုးမျိုးပုံဖော်မယ့်အစား မဒမခ အဖွဲ့ဝင်အားလုံးက အနီးစပ်ဆုံးတူညီကြတဲ့ အမြင်တွေကို စုစည်းပြီးပုံဖော်တာ ပို၍သင့်လျော်ကြောင်းကို မဒမခ ခေါင်းဆောင်ကြီးတွေက စဉ်းစားလာကြပါတယ်။ ဒါကြောင့် အဲဒီ စဉ်းစားချက်အရပ်ရပ်ကို အကောင်အထည်ဖော်တဲ့အနေနဲ့ ဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေတရပ်ကို မဒမခ က ကမကထပြု ရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။

## ၂။ အခြေခံဥပဒေ (မူကြမ်း) ရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းအဆင့်ဆင့်

အခြေခံဥပဒေရေးဆွဲရေးကော်မတီဟာ ၁၉၉၀ ပြည့်နှစ်၊ ဩဂုတ်လမှာ ဥပဒေမူကြမ်းကို စတင်ရေးဆွဲခဲ့ပါတယ်။ ဒီလိုရေးဆွဲပြီး ဥပဒေမူကြမ်းကို အခြေခံဥပဒေ ရေးဆွဲရေးကော်မတီရဲ့ ပထမမူကြမ်းအဖြစ် အတည်ပြုခဲ့ပါတယ်။ အဲဒီပထမမူကြမ်းကို မဒမခ ရဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြအတည်ပြုခဲ့တဲ့နောက်မှာ ဒုတိယမူကြမ်းအဖြစ် ပြောင်းလဲအတည်ပြုခဲ့ပါတယ်။

၁၉၉၀ ခုနှစ်၊ ဒီဇင်ဘာလမှာ ဂျာမနီနိုင်ငံ (Freidrich Naumann Foundation) ရဲ့ စီစဉ်ပေးမှုအရ မဒမခ မူကြမ်းရေးဆွဲရေးကော်မတီရဲ့ ဒုတိယမူကြမ်းကို အခြေပြုတဲ့ နှီးနှောဖလှယ်ပွဲငယ်တရပ်ကို ဂျာမနီနိုင်ငံမှာကျင်းပပြီး နောက်မှာ လိုအပ်တဲ့ ပြင်ဆင်ဖြည့်စွက်မှုတွေကို ပြုလုပ်ခဲ့ပါတယ်။ ဒီလိုပြင်ဆင်ပြီးတဲ့ ဥပဒေမူကြမ်းကို တတိယမူကြမ်းအဖြစ် အတည်ပြုပြီး ၁၉၉၀ ခုနှစ်၊ နိုဝင်ဘာလမှာ အများပြည်သူလေ့လာနိုင်ဖို့ ကျယ်ကျယ်ပြန့်ပြန့် ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။

တဖန် တတိယမူကြမ်းကို အခြေပြုပြီး နှီးနှောဖလှယ်ပွဲတရပ်ကို ၁၉၉၂ ခုနှစ်၊ ဇွန်လအတွင်းမှာ ထိုင်းနိုင်ငံ ဇင်းမယ်မြို့မှာ ကျင်းပခဲ့ပါတယ်။ အဲဒီနှီးနှောဖလလယ်ပွဲကို ကျင်းပ ရေးအတွက်ကိုလည်း **(Freidrich Naumann Foundation)** ကလည်း အကူအညီပေးခဲ့ပါတယ်။ အဲဒီနှီးနှောဖလှယ်ပွဲအပြီးမှာ ထိုတတိယမူကြမ်းကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက်မှုတွေပြုလုပ်ပြီး တတိယ (မူကြမ်း) ပြင်ဆင်ချက်အနေနဲ့ အတည်ပြုခဲ့ ပါတယ်။

၁၉၉၃ ခုနှစ်၊ ဇူလိုင်လမှာကျင်းပတဲ့ မဒမခရဲ့ ပထမအကြိမ် ကွန်ကရက်ကို တတိယမူကြမ်းပြင်ဆင်ချက်ကိုတင်ပြပြီး မဒမခအဖွဲ့ဝင်အားလုံးရဲ့ အတည်ပြုမှုကို ရယူခဲ့ပါတယ်။ ဒီလိုအတည်ပြုတဲ့အခါမှာ မူကြမ်းရေးဆွဲရေးကော်မတီက တင်ပြတဲ့ ဥပဒေမူကြမ်းတရပ်လုံးကို အကြွင်းမဲ့အတည်ပြုလိုက်တာမျိုးတော့ မဟုတ်ပါဘူး။ အချို့အခန်း၊ ပုဒ်မ၊ ပုဒ်မခွဲနှင့် အကြောင်းအရာတွေကို ခရေပွင့် (*) နဲ့ပြထားပြီးတော့ ကွန်ကရက်က အတည်ပြုပြီးဖြစ်တဲ့အတွက် ဥပဒေမူကြမ်းကို ရေးဆွဲရေးကော်မတီရဲ့ မူကြမ်းအနေနဲ့မဟုတ်တော့ဘဲ မဒမခ က အတည်ပြုတဲ့ ပထမမူကြမ်းအဖြစ် ပြောင်းလဲအတည်ပြုလိုက်ပါတယ်။ ကိုယ်စားလှယ်တွေရဲ့ လက်ထဲမှာရောက်ရှိနေတဲ့ ဥပဒေမူကြမ်းဟာ မဒမခ က ပထမကွန်ကရက်က အတည်ပြုထားတဲ့ အခြေခံဥပဒေမူကြမ်း ဖြစ်ပါတယ်။

## ၃။ နှီးနှောဖလှယ်ပွဲများကျင်းပခြင်း

အထက်မှာ တင်ပြခဲ့တဲ့အတိုင်း ၁၉၉၀ ပြည့်နှစ်၊ အခြေခံဥပဒေကို စတင်ရေးဆွဲချိန်ကနေ ဒီကနေ့အထိ (၄) နှစ်တာကာလအတွင်းမှာ မဒမခ ရဲ့ အခြေခံဥပဒေမူကြမ်းကို အခြေပြုပြီး နှီးနှောဖလှယ်ပွဲတွေ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါတယ်။ ဒီလိုပြုလုပ်ခဲ့ရခြင်းရဲ့ ရည်ရွယ်ချက်က ပြည်သူလူထုအနေနဲ့ ဒီမိုကရေစီချစ်မြတ်နိုးသူများ မြန်မာ့နိုင်ငံရေးပြသနာ ပြေလည်ရေးအတွက် အဖြေရှာနေသူများ၊ မြန်မာ့နိုင်ငံရေးကို စိတ်ဝင်စားကြတဲ့ ပညာရှင်များရဲ့ အကြံဉာဏ်ပေးမှုတွေကို ရယူဖို့နဲ့ သင့်တော်သလို ပြင်ဆင်ဖြည့်စွက်မှု တွေလုပ်ပြီး ပိုပြီး ဒီမိုကရေစီလည်းကျ၊ လူ့အခွင့်အရေးကိုလည်း အာမခံ၊ စစ်မှန်တဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုလည်း အာမခံနိုင်တဲ့ အခြေခံဥပဒေမူကြမ်းအဖြစ် ဖော်ထုတ်နိုင်ရေးအတွက် ဖြစ်ပါတယ်။ နှီးနှောဖလှယ်ပွဲတွေမှာ တက်ရောက်လာကြတဲ့ အခြေခံဥပဒေရေးရာ အတွေ့အကြုံရှိကြတဲ့ ပညာရှင်တွေနဲ့ နိုင်ငံရေးသမားတွေရဲ့ အကြံဉာဏ်ပေးမှု ဝေဖန်ထောက်ပြမှုများကို မူကြမ်းရေးဆွဲရေးကော်မတီက မှတ်သားပြီး အခြေအနေအချိန်အခါအလျောက် ပြင်ဆင်မှုတွေ ပြုလုပ်ခဲ့ကြရပါတယ်။ လက်ရှိ အခြေအနေမှာ ခရေပွင့်ပြပြီး (*) အတည်မပြုနိုင်ဘဲ ချွင်းချက်ထားခဲ့တဲ့အခန်၊ ပုဒ်မ၊ ပုဒ်မခွဲနှင့် အကြောင်းအရာတွေကိုလည်း မူကြမ်းရေးဆွဲရေးကော်မတီအနေနဲ့ အခုလို နှီးနှောဖလှယ်ပွဲကြီးမျိုးမှာ တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေရဲ့ အကြံပေးမှုတွေကို လက်ခံပြီးနောက်မှာ သင့်လျော်သလို ပြင်ဆင်ရေးဆွဲသွားဖို့ ရှိပါတယ်။

ကျင်းပပြီးစီးခဲ့တဲ့ နှီးနှောဖလှယ်ပွဲကြီး နှစ်ခုရှိပါတယ်။ အဲဒါတွေကတော့–

(၁) ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလမှာ ဂျာမနီနိုင်ငံမှာ ကျင်းပခဲ့တဲ့ နှီးနှောဖလှယ်ပွဲ။ အဲဒီနှီးနှောဖလှယ်ပွဲဟာ ရက်သတ္တနှစ်ပတ်ကြာမြင့်ပြီး အဓိကအားဖြင့် အခြေခံ ဥပဒေရေးဆွဲရေး ကော်မတီနဲ့ **(Freidrich Naumann Foundation)** က ဖိတ်ကြားပေးတဲ့ ပညာရှင်တွေအကြား အပြန်အလှန် ညှိနှိုင်းဆွေးနွေးတဲ့သဘောဖြစ်ပါတယ်။ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မတီကို ကိုယ်စားပြုပြီး ဒေါက်တာတူးဂျာ၊ စောဒေးဗစ်တာကပေါ၊ ခိုင်စောထွန်း၊ ဗိုလ်မှူးကြီးခွန်ဥက္ကာ၊ ဦးခင်မောင်ဝင်းနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** မှ ဦးညိုအုန်းမြင့်တို့ တက်ရောက်ခဲ့ပါတယ်။ ဒီကော်မတီနဲ့ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံက နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေရေးရာ၊ နိုင်ငံတရာ ဆက်ဆံရေး ပါမောက္ခများနှင့် လွှတ်တော်အမတ် စုစုပေါင်း (၁၂) ဦးကို တွေ့ဆုံဆွေးနွေးနိုင်အောင် **(Freidrich Naumann Foundation)** က စီစဉ်ပေးခဲ့ပါတယ်။

(၂) ၁၉၉၂ ခုနှစ်၊ ဇွန်လမှာ ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့မှာ ကျင်းပခဲ့တဲ့ နှီးနှောဖလှယ်ပွဲ။ ဒီနှီးနှောဖလှယ်ပွဲဟာလည်း ရက်သတ္တနှစ်ပတ်ကြာ နှီးနှောဖလှယ်ပွဲ ပဲဖြစ်ပါတယ်။ ဒီနှီးနှောဖလှယ်ပွဲက ပထမနှီးနှောဖလှယ်ပွဲထက်ပိုပြီး ကျယ်ပြန့်တဲ့ သဘောကိုဆောင်ပါတယ်။ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးအဖွဲ့ဝင် အားလုံးအပြင် မဒမခ ခေါင်းဆောင်ကြီးများ၊ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု ခေါင်းဆောင်များပါ တက်ရောက်ခဲ့ကြပါတယ်။ ပညာရှင်တွေဘက်ကလည်း ဂျာမဏီနိုင်ငံသာမကပဲ အင်္ဂလန်၊ အမေရိကန်၊ ကနေဒါ၊ ဆွစ်ဇာလန်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်း စတဲ့ နိုင်ငံတွေက ပညာရှင်တွေနဲ့ လွှတ်တော်အမတ်တွေပါ တက်ရောက်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံရေးပြဿနာ များကို မြန်မာနိုင်ငံရေးခေါင်းဆောင်များက ကျယ်ကျယ်ပြန့်ပြန့် တင်ပြဆွေးနွေး နိုင်သကဲ့သို့ ပညာရှင်များကလည်း နိုင်ငံတကာ အတွေ့အကြုံများအရ သင့်လျော်ဆုံး အကြံဉာဏ်များကို ပေးနိုင်ခဲ့ပါတယ်။

အထက်ပါတင်ပြခဲ့တဲ့ နှီးနှောဖလှယ်ပွဲတွေဟာ အထူးသဖြင့် နိုင်ငံတကာပညာရှင်တွေနှင့် ဆွေးနွေးတာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ အကြံဉာဏ်ပေးမှုကိုလည်း ပိုမိုရရှိဖို လိုအပ်တဲ့အတွက် ပြည်တွင်းနှီးနှောဖလှယ်ပွဲတွေ လုပ်ဆောင်သွားဖို့ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မတီက မဒမခ ခေါင်းဆောင်တွေကို တင်ပြခဲ့ပါတယ်။ ဒါကြောင့် အခုလို အခြေခံဥပဒေနှီးနှောဖလှယ်ပွဲကြီးမှာ မဒမခ ရဲ့ အခြေခံဥပဒေမူကြမ်းကို တင်ပြပြီး ဝေဖန်ဆွေးနွေးအကြံပေးမှုတွေရလာအောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးများ မဒမခ ရဲ့ အခြေခံဥပဒေမူကြမ်းကို ဝေဖန်အကြံပေးမှုတွေ ပြုမယ်ဆိုရင် အထူးဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။

ဒီ့အပြင် နိုးနှောဖလှယ်ပွဲအပြီးမှာ လွတ်မြောက်နယ်မြေအသီးသီးမှ အခြေခံဥပဒေ မူကြမ်း ရေးဆွဲရေးကော်မတီက သွားရောက်ပြီး ဒေသဆိုင်ရာ အခြေခံဥပဒေရေးရာ နိုးနှောဖလှယ်ပွဲတွေ ပြုလုပ်သွားဖို့ကိုလည်း လုပ်ငန်းစဉ်များရှိနေတဲ့အကြောင်း အစီရင်ခံ လိုက်ရပါတယ်။ နောက်နှစ် နှစ်ဦးပိုင်းမှာလည်း အပြည်ပြည်ဆိုင်ရာ နိုးနှောဖလှယ်ပွဲတရပ် ကျင်းပဦးမှာဖြစ်ကြောင်းကိုလည်း တဆက်တည်း အစီရင်ခံလိုက်ရပါတယ်။

## အပိုင်း (၂)
## အခြေခံဥပဒေ၏ ကြောရိုး

### သဘာပတိကြီးများနဲ့ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား–

အခြေခံဥပဒေမူကြမ်းကို အခန်း (၁၁) ခန်းခွဲပြီး ပုဒ်မပေါင်း (၁၇၂) ခုနဲ့ ရေးဆွဲပြဋ္ဌာန်းထားပါတယ်။ အခု အခြေခံဥပဒေရဲ့ ကြောရိုးကို တင်ပြတဲ့နေရာမှာ အခန်းအားလုံး၊ ပုဒ်မအားလုံးကို တင်ပြမှာမဟုတ်ပါဘူး၊ မဒမခ အခြေခံဥပဒေရဲ့ ထူးခြားမှုကို ပြလိုတဲ့ အချက်လောက်ကိုသာ ကောက်ကြောင်းဖော်ပြမှာ ဖြစ်ပါတယ်။ အသေးစိတ်တွေကိုတော့ ကိုယ်စားလှယ်တော်ကြီးများလက်ဝယ်မှာ ဖြန့်ဝေထားတဲ့ ဥပဒေမူကြမ်းစာအုပ်မှာ လေ့လာကြည့်ရှုနိုင်ပါတယ်။

### ၄။ အခြေခံအခွင့်အရေးများ

မဒမခ မှ ကမကထပြုရေးဆွဲသော အခြေခံဥပဒေမူကြမ်းမှာ ပြည်သူလူထုရဲ့ အခြေခံအခွင့်အရေးများနှင့် ပတ်သက်လို့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ အာမခံရေးဆွဲပြဋ္ဌာန်းထားပါတယ်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုကို ကုစားနိုင်ဖို့အတွက် လူ့အခွင့်အရေးကော်မရှင်တရပ်ဖွဲ့စည်းပြီး ဆောင်ရွက်နိုင်ရေးကိုလည်း ပြဋ္ဌာန်းထားပါတယ်။

### ၅။ နိုင်ငံဖွဲ့စည်းမှု ပုံစံ

နိုင်ငံတော်ကို ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်အဖြစ် ဖွဲ့စည်းထားရေးကို အခြေခံဥပဒေမှာ ရေးဆွဲပြဋ္ဌာန်းထားပါတယ်။ ဒီလိုဖွဲ့စည်းတဲ့နေရာမှာ မြန်မာပြည်မှာ အတွေ့အကြုံရှိခဲ့ဖူးတဲ့ ၁၉၄၇ ခုနှစ် အခြေခံဥပဒေရဲ့ ပြည်ထောင်စုပုံစံများနဲ့ များစွာခြားနား ပါတယ်။ လူမျိုးစုတိုင်းရင်းသားအားလုံး ပြည်နယ်အဖြစ် ဖွဲ့စည်းပြီးမှသာ ပြည်ထောင်စုမှာ ပူးပေါင်းရမှာဖြစ်ပါတယ်။ ဘယ်လူမျိုးကမှ ပြည်မဆိုပြီး ဖွဲ့စည်းခွင့်မရှိပါဘူး။

## ၆။ ပြည်ထောင်စုလွှတ်တော်ဖွဲ့စည်းရေး

ပြည်ထောင်စုလွှတ်တော်မှာ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ဆိုပြီး လွှတ်တော်နှစ်ရပ်ပါဝင်ပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ လူဦးရေကို အခြေခံပြီး သတ်မှတ်ထားတဲ့ မဲဆန္ဒနယ်မြေအလိုက် အထွေထွေရွေးကောက်ပွဲများမှ ရွေးချယ်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်နဲ့ ဖွဲ့စည်းပါတယ်။ အမျိုးသားလွှတ်တော်ကိုတော့ လူမျိုးကိုအခြေခံပြီး ဖွဲ့စည်းထားတဲ့ ပြည်နယ်တွေက အညီအမျှစေလွှတ်တဲ့ ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားပါတယ်။ ပြည်နယ်ကြီးငယ်မရွေး၊ လူဦးရေအနည်းအများမရွေး ကိုယ်စားလှယ်ဦးရေအညီအမျှသာ စေလွှတ်ခွင့်ရတဲ့အတွက် လူမျိုးအချင်းချင်းအကြား အခွင့်အရေးညီမျှမှုကို ဖော်ဆောင်တဲ့နေရာမှာ အမျိုးသားလွှတ်တော်မှာ ပြည်နယ်များ အညီအမျှကိုယ်စားပြုခွင့်ရရေးဟာ တခုအပါအဝင်ဖြစ်ပါတယ်။

## ၇။ အာဏာခွဲဝေရေး

အာဏာခွဲဝေရေးနဲ့ပတ်သက်လို့ အချက်နှစ်ချက်ကို တင်ပြလိုပါတယ်။ ပထမအချက်က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အကြားမှာ အညီအမျှ အာဏာခွဲဝေထားတဲ့မှုဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ပြည်ထောင်စုနှင့် ပြည်နယ်တွေ အကြားက အာဏာခွဲဝေရေးကို ဖော်ဆောင်တဲ့နေရာမှာ ပြည်ထောင်စုတခုလုံးနဲ့ လွှမ်းခြုံပြီး ကျင့်သုံးသင့်တဲ့ အာဏာမျိုးကလွဲရင် ကျန်အာဏာတွေကို ပြည်နယ်များသို့ ကျင့်သုံးခွင့်ပေးထားတဲ့ ဖက်ဒရယ်စစ်စစ်နိုင်ငံတွေမှာ ကျင့်သုံးတဲ့ အာဏာခွဲဝေရေးပုံစံ ဖြစ်ပါတယ်။ ဒီအာဏာခွဲဝေမှုနည်းအရ ကြွင်းကျန်တဲ့ အာဏာကျင့်သုံးရေးကို ပြည်နယ်တွေမှာ လုပ်ပိုင်ခွင့်ရှိပါတယ်။

## ၈။ ပြည်ထောင်စုအစိုး

မဒမခရဲ့ အခြေခံဥပဒေမှာ ပြည်ထောင်စုအစိုးရအတွက် ပါလီမန်အား အခြေခံဖွဲ့စည်းတဲ့ အစိုးရ (Parliamentary Government) ကို ပြဋ္ဌာန်းထားပါတယ်။ ကမ္ဘာ့နိုင်ငံတွေမှာ အဓိကအားဖြင့် သမ္မတဦးဆောင်အစိုးရ (Presidential Government) နဲ့ ပါလီမန်ကို အခြေခံဖွဲ့စည်းထားတဲ့ အစိုးရပုံစံနှစ်မျိုးအနက် တမျိုးမျိုးကို ကျင့်သုံးတာတွေ့ရပါတယ်။ မဒမခရဲ့ အခြေခံဥပဒေမှာ ဘာကြောင့် ပါလီမန်ကို အခြေခံတဲ့ အစိုးရပုံစံကို ရွေးချယ်ရသလဲဆိုတော့ သမ္မတဦးဆောင်အစိုးရပုံစံကို ရွေးချယ် ရင် တိုင်းရင်းသားလူမျိုးစုံ မြန်မာနိုင်ငံနဲ့ ကိုက်ညီမှုမရှိလို့ဘဲဖြစ်ပါတယ်။ ဒါပေမယ့် မဒမခ ရဲ့ အခြေခံဥပဒေအရ သမ္မတရဲ့အာဏာကို အခြားပါလီမန်အခြေခံအစိုးရတွေက သမ္မတ လိုမဟုတ်ဘဲ တိုးမြှင့်ပေးထားပါတယ်။ ပြည်သူ့ကိုယ်စားလှယ် (လွှတ်တော်အမတ်) များ သာ အစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရှိပါတယ်။

## ၉။ တရားစီရင်ရေး

ဒီမိုကရေစီနိုင်ငံတွေမှာ ကျင့်သုံးနေသလို ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးကဏ္ဍတို့နဲ့ ကင်းလွတ်တဲ့ သီးခြားတရားစီရင်ရေးကဏ္ဍကို ဖော်ဆောင်ပေးထားပါတယ်။ တရားသူကြီးတွေကို ရွေးကောက်ပွဲများဖြင့် ရွေးချယ်ခြင်းမဟုတ်ဘဲ အရည်အချင်းသင့်မြတ်သူကို အခြေခံဥပဒေပြဋ္ဌာန်းချက်နဲ့အညီ ရာသက်ပန် တာဝန်ထမ်းဆောင်ခွင့်ပြုထားခြင်းဖြင့် လွတ်လပ်တဲ့ တရားစီရင်ရေးကဏ္ဍကို ဖော်ထုတ်ထားပါတယ်။

## ၁၀။ အကူးအပြောင်းကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ

နဝတရဲ့အုပ်စိုးမှု မုချကျဆုံးပြီး ဒီမိုကရေစီအစိုးရက တနေ့မှာ သေချာပေါက် ပေါ်လာမှာဖြစ်ပါတယ်။ အာဏာရှင်အစိုးရဟောင်းကနေ ဒီမိုကရေစီအစိုးရသစ် အသွင်ကူးပြောင်းရေးကာလကို မလွဲမသွေ ကြုံတွေ့ရမှာဖြစ်ပါတယ်။ တက်လာတဲ့ ဒီမိုကရေစီအစိုးရသစ်ဟာ ယခင်အာဏာရှင်အစိုးရဟောင်းရဲ့ ဆိုးမွေ ကောင်းမွေအရပ်ရပ်ကို စနပ်တကျ တာဝန်ခံဆောင်ရွက်နိုင်ရန်အတွက် အကူးအပြောင်းကာလဆိုင်ရာ ပြဋ္ဌာန်းချက်တွေကို ဖော်ပြထားပါတယ်။

သဘာပတိကြီးများနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများခင်ဗျား–

မဒမခက အခြေခံဥပဒေမူကြမ်းတရပ်ကို ရေးဆွဲခဲ့ရပုံ အဆင့်ဆင့်သမိုင်းကြောင်းနဲ့ ဥပဒေကြောရိုးကို အကျဉ်းမျှတင်ပြခဲ့ခြင်းဖြစ်ပါတယ်၊ ဒီတင်ပြမှုဟာ ကိုယ်စားလှယ်တော်များအတွက် ပဏာမအနေနဲ့တင်ပြမှုသာဖြစ်ပြီး အခြေခံဥပဒေကို လေ့လာဖတ်ရှုပြီးတဲ့ နောက်မှာ မေးမြန်းစရာတွေ၊ ဆွေးနွေးစရာတွေ၊ ဝေဖန်စရာတွေ ပေါ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ အဲဒီလိုပေါ်လာရင် မေးမြန်းဆွေးနွေးဝေဖန်ကြပါ။ မဒမခ ရဲ့ အခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မတီအနေနဲ့ပဲဖြစ်ဖြစ် မဒမခ ခေါင်းဆောင်များထဲကပဲဖြစ်ဖြစ် လိုအပ်သလို ရှင်းလင်းဖြေကြားခြင်းပြုလုပ်မှာ ဖြစ်ပါတယ်။ အကြောင်းအရာအားလုံးကို မူကြမ်းရေးဆွဲရေးကော်မတီက မှတ်တမ်းတင်ထားပြီး နောင်အခါ လိုအပ်သလို အခြေခံဥပဒေပြင်ဆင်တဲ့အခါ ထည့်သွင်းစဉ်းစားမည့်အကြောင်း အစီရင်ခံတင်ပြ အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

* * * * * *

# ပါလီမန်

လွှတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော နိုင်ငံတိုင်းတွင် ပါလီမန်များ ရှိကြသည်။ ပါလီမန်ကို ကိုယ်စားပြုဒီမိုကရေစီစနစ်တွင် ပြည်သူတို့က ရွေးချယ်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားကြသည်။ ၎င်းသည် အဓိကအားဖြင့် ဥပဒေပြုရေးအာဏာကို ကျင့်သုံးသော်လည်း နိုင်ငံအများအပြားတွင် ပါလီမန်သည် အချုပ်အခြာအာဏာပိုင်သည်ဟူသော ပြဋ္ဌာန်းချက်များ ပြုလုပ်ထား ကြသည်။ မည်သို့ပင်ဆိုစေ ပါလီမန်သည် ကိုယ်စားပြုဒီမိုကရေစီစနစ်တွင် တနိုင်ငံလုံးရှိ ပြည်သူလူထုကြီးကို ကိုယ်စားပြုရသဖြင့် နိုင်ငံတိုင်းတွင် ပါလီမန်၏ အရေးပါမှု အခန်းကဏ္ဍမှာ မြင့်မားလျက်ရှိကြသည်။

အင်္ဂလိပ်ဝေါဟာရ **Parliament** ဟူသော ဝေါဟာရသည် နိုင်ငံရေးသိပ္ပံ ပညာရပ်အတွက် ယေဘုယျအခေါ်အဝေါ် ဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် မူကွဲပြား ခြားနားသော အမည်နာမများ ရှိကြသည်။ ဥပမာ– အမေရိကန်ပြည်ထောင်စုတွင် ကွန်ကရက် **(Congress)**၊ ဂျပန်နိုင်ငံတွင် ဒိုင်းယက် **(Diet)** ၊ အစ္စရေးနိုင်ငံတွင် နက်ဆက် **(Knesset)**၊ နော်ဝေးနိုင်ငံတွင် စတော့တင်း **(Storting)**၊ မြန်မာနိုင်ငံတွင် ၁၉၄၇ အခြေခံဥပဒေအရ ပါလီမန်နှင့် ၁၉၇၄ အခြေခံဥပဒေအရ ပြည်သူ့လွှတ်တော် စသည်ဖြင့် အမျိုးမျိုး အမည်မှည့်ခေါ်တတ်ကြသည်။ မည်သို့ပင် အမည်ကွဲပြားပါစေ ပြည်သူလူထု ရွေးချယ်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး ဥပဒေပြုရေးအာဏာကို ကျင့်သုံးသော အာဏာပိုင်အဖွဲ့ မှန်သမျှသည် ပါလီမန်ပင်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများတွင် ပါလီမန်ကို ဖွဲ့စည်းမှုပုံစံနှစ်မျိုးဖြင့် တွေ့ရတက်သည်။ ၎င်းတို့မှာ လွှတ်တော်တရပ်ဖြင့်ဖွဲ့စည်းသော ပါလီမန် **(Uni-Cameral parliament)** ခေါ် လွှတ်တော်တရပ် ပါလီမန်နှင့် လွှတ်တော်နှစ်ရပ်ပါဝင်သော **(Bi-Cameral Parilament)** ခေါ် လွှတ်တော်နှစ်ရပ် ပါလီမန်တို့ ဖြစ်ကြသည်။ သုတေသနပြုချက်များအရ ကမ္ဘာ့နိုင်ငံသုံးပုံနှစ်ပုံခန့်တွင် လွှတ်တော်နှစ်ရပ်ပါလီမန်များ ဖွဲ့စည်းထားကြပြီး သုံးပုံတပုံခန့်မှာ လွှတ်တော်တရပ်ပါလီမန်ကို ဖွဲ့စည်းထားကြသည်။ ၁၉၄၇ အခြေခံဥပဒေ အရ မြန်မာနိုင်ငံတွင် လွှတ်တော်နှစ်ရပ်ပါလီမန်ရှိခဲ့ပြီး၊ ၁၉၇၄ အခြေခံဥပဒေအရ လွှတ်တော်တရပ်ပါလီမန်ရှိခဲ့သည်။ လွှတ်တော်နှစ်ရပ် ပါလီမန်ဖွဲ့စည်းရခြင်းနှင့်ပတ်သက်၍ အချို့သော ပညာရှင်များကရှင်းပြရာတွင် ပါလီမန်၌ လွှတ်တော်နှစ်ရပ်ပါရှိခြင်းကြောင့် မလိုအပ်ဘဲ ပါလီမန်က လွယ်လင့်တကူ ဥပဒေပြဋ္ဌာန်းခြင်းကို ထိန်းညှိနိုင်သည်ဟု ဆိုကြ သည်။ ဥပမာ– ယူနိုက်တက်ကင်းဒမ်း **(UK)** တွင် လွှတ်တော်နှစ်ရပ်အနက် တရပ်မှာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များဖြစ်ပြီး အခြားတရပ်မှာ ဘုရင်မကြီးကခန့်အပ်သော ပညာရှင်များပါဝင်သည့် လွှတ်တော်ဖြစ်ရာ ၎င်းတို့နှစ်ခုအကြား ဥပဒေအတည်ပြုရေးနှင့်ပတ်သက်၍ လွှတ်တော်နှစ်ရပ်က သဘောတူပြဋ္ဌာန်း သော

အချက်အနေဖြင့် အချို့နိုင်ငံများတွင် ပါလီမန်၏လွှတ်တော်တရပ်သည် နိုင်ငံရေး လိုအပ်ချက် တာဝန်ကြီးကို ထမ်းဆောင်နေသည်ဟုဆိုသည်။ ဥပမာ– ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံ တခုတွင် လွှတ်တော်တရပ်သည် ပြည်နယ်များ နိုင်ငံရေးတန်းတူ အခွင့်အရေးရစေရန် ကိုယ်စားပြုရသော လွှတ်တော်ဖြစ်သည်။ ဖက်ဒရယ်နိုင်ငံအားလုံးလိုလိုသည် လွှတ်တော်နှစ်ရပ် ပါလီမန်များကို ဖွဲ့စည်းထားကြပြီး တရပ်တွင် ပြည်နယ်များ ၏ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်း ထားသည်။ လွှတ်တော်နှစ်ရပ်၏ ယေဘုယျအခေါ်များမှာ အောက်လွှတ်တော် (Lower House) နှင့် အထက်လွှတ်တော် (Upper House) တို့ဖြစ်ကြသည်။

## ပါလီမန် ရွေးကောက်ပွဲ များ

အမေရိကန်ပြည်ထောင်စုနှင့် အချို့နိုင်ငံများတွင် သမ္မတရွေးချယ် တင်မြှောက်ပွဲ များသည် နိုင်ငံရေးအရ အရေးကြီးဆုံးဖြစ်သော်လည်း ကမ္ဘာ့နိုင်ငံအများစုတွင် ပါလီမန်ရွေး ကောက်ပွဲများမှာ နိုင်ငံရေးအရ အရေးကြီးဆုံးဖြစ်နေကြသည်။ တဖန်ပါလီမန်၌ လွှတ်တော်နှစ် ရပ်ပါရှိနေလျှင် ထိုလွှတ်တော်နှစ်ရပ် ရွေးကောက်ပွဲများ အချင်းချင်းအကြားတွင်လည်း အရေး ပါမှုကွာခြားချက်ကို တွေ့ရပြန်သည်။ ဝန်ကြီးချုပ်ဦးဆောင်သော ပါလီမန်အစိုးရစနစ်ရှိသည့် နိုင်ငံများတွင် အစိုးရအခြေခံဖွဲ့စည်းသော လွှတ်တော်ဖြစ်သည့် အောက်လွှတ်တော်ရွေး ကောက်ပွဲများကို အထွေထွေရွေးကောက်ပွဲ (General Election) ဟု ခေါ်ကြသည်။ ထို့ ကြောင့် ပါလီမန်ရွေးကောက်ပွဲများနှင့် ပတ်သက်၍ လေ့လာရာတွင် အထက်လွှတ်တော်ရွေး ကောက်ပွဲများကို တမျိုး၊ အောက်လွှတ်တော် ရွေးကောက်ပွဲများကို တမျိုးခွဲခြားလေ့လာနိုင်ပါ သည်။ အကယ်၍ လွှတ်တော်တရပ်ပါလီမန် ဖြစ်ပါက ထိုလွှတ်တော်သည် နိုင်ငံရေးအနှစ် သာရနှင့် ရွေးကောက်ပုံနည်းစနစ် အားလုံးသည် လွှတ်တော်နှစ်ရပ်ပါလီမန်၏ အောက်လွှတ် တော်နှင့်တူသည်။

ယေဘုယျအားဖြင့် ပါလီမန်လွှတ်တော်ရွေးကောက်ပွဲများသည် ဒီမိုကရေစီနည်း ကျရွေးကောက်ပွဲများဖြစ်သည်ဟု ဆိုနိုင်သော်လည်း အချို့နိုင်ငံများ၏ လွှတ်တော်များကို ဒီမိုကရေစီနည်းကျကျရွေးချယ်တင်မြှောက်ခြင်းမျိုးမဟုတ်ပေ။ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံ များ၌ ပြည်နယ်များကို ကိုယ်စားပြုရသော အထက်လွှတ်တော်ကို ရွေးချယ်တင်မြှောက်ရာ တွင် လူထုက တိုက်ရိုက်ရွေးချယ် တင်မြှောက်ခြင်းမျိုး မဟုတ်ဘဲ ပြည်နယ်အစိုးရ (သို့မဟုတ်) ပြည်နယ်လွှတ်တော်ပါလီမန်က ကိုယ်စားလှယ်များရွေးချယ်ပြီး ပြည်ထောင်စုပါလီမန် အထက်လွှတ်တော်အတွက် ပေးပို့ကြသည်။ ထိုကိုယ်စားလှယ်များဖြင့် အထက်လွှတ်တော် ကို ဖွဲ့စည်းကြသည်။ ဥပမာ– ဖက်ဒရယ် ပြည်ထောင်စု သမ္မတဂျာမဏီနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ များတွင် တွေ့ရသည်။

ဝန်ကြီးချုပ်ဦးဆောင်သော ပါလီမန်အစိုးရပုံစံရှိသည့် နိုင်ငံအားလုံးတွင် အောက်လွှတ်တော်ရွေးကောက်ပွဲများကို ဒီမိုကရေစီနည်းအကျဆုံးဖြင့် ကျင်းပကြသည်။ ထိုရွေးကောက်ပွဲများကို ကျင်းပရာတွင် အခြေခံသည့် ဒီမိုကရေစီအခြေခံမှုများမှာ–

– ဥပဒေနှင့်အညီ မဲပေးခွင့်ရှိ ပြည်သူအားလုံးမဲပေးခြင်း (Universal Suffrage)
– တိုက်ရိုက်ရွေးချယ်တင်မြှောက်ခြင်း (Direct Election)
– လျှို့ဝှက်မဲပေးစနစ်ကို ကျင့်သုံးခြင်း (Secret Voting)
– လွတ်လပ်စွာ ဆန္ဒမဲပေးခြင်း (Free will)
– မဲပေးခွင့်ရှိသူများအကြား အခွင့်အရေး တူညီခြင်း (Equal Right) တို့ဖြစ်သည်။

## ပါလီမန်၏ လုပ်ငန်းများ

ပါလီမန်၏ အဓိကတာဝန်သည် နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ကျင့်သုံးရန်ဖြစ်သည်။ ယနေ့မျက်မှောက်ခေတ်တွင် နိုင်ငံအသီးသီးပိုင်ဆိုင်ကြသော အချုပ်အခြာအာဏာကို ဥပဒေပြုရေးအာဏာကို ဥပဒေပြုရေးအာဏာ (Legislative Power)၊ အုပ်ချုပ်ရေးအာဏာ (Executive Power)၊ နှင့် တရားစီရင်ရေးအာဏာ (Judicial Power) ဟူ၍ ခွဲခြမ်းထားကြသည်။ ပါလီမန်တိုင်းသည် အနိမ့်ဆုံးအဆင့် ဥပဒေပြုရေးအာဏာကို ကျင့်သုံးရန်ဖြစ်သော်လည်း အချို့ပါလီမန်များမှာ ထိုထက်ပို၍ လုပ်ပိုင်ခွင့်အာဏာရှိကြသည်။ ထိုသို့ခြားနားမှုသည် သက်ဆိုင်ရာနိုင်ငံအသီးသီးတွင် လက်ခံကျင့်သုံးကြသော နိုင်ငံရေးစနစ်နှင့် အစိုးရစနစ် တို့အပေါ်မူတည်၍ ဖြစ်ပေါ်လာရသည်။ ကမ္ဘာ့နိုင်ငံများတွင် ကျင့်သုံးနေကြသော အစိုးရ ဖွဲ့စည်းခြင်းဆိုင်ရာ နိုင်ငံရေးစနစ်များကို အကြမ်းဖျင်းအားဖြင့် အုပ်စုခွဲလျှင် ဗြိတိသျှစနစ်ကို မိုငြမ်းသောစနစ်နှင့် အမေရိကန်စနစ်ကို မိုငြမ်းသောစနစ် နှစ်မျိုးတွေ့နိုင်သည်။ ဗြိတိသျှစနစ်အရ ပါလီမန်သည် နိုင်ငံတော်တွင် အမြင့်ဆုံးအာဏာပိုင်ဖြစ်ပြီး အချုပ်အခြာအာဏာကို ကျင့်သုံးသည်။ ပါလီမန်၏ အဓိကတာဝန်ဥပဒေပြုရေးအပြင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကိုပါ အစိတ်အပိုင်းအားဖြင့် ကျင့်သုံးနိုင်သော (သို့မဟုတ်) ထိန်းချုပ်နိုင်သော အာဏာများကိုပါ ပါလီမန်က ပိုင်ဆိုင်သည်။

အမေရိကန်စနစ်အရကား ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာကြီးသုံးရပ်ကို ဖိုခနောင့်ဆိုင်သဘောဖြင့် အပြန်အလှန်ထိန်းညှိမှု (Check and Balance) စနစ်ရှိရာ မည်သည့်အာဏာကို ကျင့်သုံးသော အာဏာပိုင်အဖွဲ့မှ အာဏာပို၍ ကျင့်သုံးပိုင်ခွင့်မရှိဘဲ အညီအမျှသာ ဖြစ်သည်။ အဆိုပါ အာဏာသုံးခုပေါင်းမှ အချုပ်အခြာအာဏာတရပ်ဖြစ်ပေါ်လာရာ ဥပဒေပြုရေးအာဏာသက်သက်ကို ကျင့်သုံး သော အမေရိကန်ကွန်ကရက် တခုတည်းက အချုပ်အခြာအာဏာကို ကျင့်သုံးသည်ဟု မဆိုနိုင်ပါ။

အချို့ပိုင်းခြားစိတ်ဖြာသုံးသပ်သူများက ပါလီမန်သည် အချုပ်အခြာအာဏာပိုင်သောအဖွဲ့ဖြစ်သည်ဟု ဆိုကြသည်။ အဘယ့်ကြောင့်ဆိုသော် အခြေခံဥပဒေအရသာ အချုပ်အခြာအာဏာ၏ အာဏာကြီးသုံးရပ်ကို သက်ဆိုင်ရာ အစိုးရဌာနကြီးများက ကျင့်သုံးခြင်းပြုကြပြီး နောက်ဆုံးတွင် အခြေခံဥပဒေကို ပြင်ဆင်နိုင်သောအာဏာမှာ ပါလီမန်တွင်ရှိခြင်းကို အကြောင်းပြု၍ အဆိုပါအတိုင်း ပြောကြခြင်းဖြစ်သည်။ သို့ရာတွင် နိုင်ငံတိုင်းတွင် အခြေခံဥပဒေကို ပါလီမန်က အပြီးသတ်ပြင်ဆင်ခြင်း ပြုနိုင်သည်ကား မဟုတ်ချေ။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံဖြစ်ပါက ပြည်နယ်အစိုးရများ (သို့မဟုတ်) လွှတ်တော်များ (သို့မဟုတ်) ပြည်သူများက သဘောထားပေးပြီးမှသာ အခြေခံဥပဒေ ပြင်ဆင်ရေးကို ပြုလုပ်နိုင်သည်။ ဖက်ဒရယ်ပြည်ထောင်စုဖြစ်စေ၊ တပြည်ထောင်စနစ်နိုင်ငံဖြစ်စေ အချို့နိုင်ငံများတွင်ကား အခြေခံဥပဒေပြင်ဆင်ရေး၏ အဆုံးသတ်အတည်ပြုပေးရ သူများမှာ ပြည်သူလူထုဖြစ်သည်။ ဆန္ဒခံယူပွဲများ **(Referendum)** ကျင်းပ၍ လူထုက သဘောတူ/မတူ ဆုံးဖြတ်ပေးရသည်။

## အစိုးရအဖွဲ့အား ရွေးချယ်ခြင်း

ပါလီမန်၏ တာဝန်များအနက် နိုင်ငံကို နေ့စဉ် စီမံခန့်ခွဲအုပ်ချုပ်သွားမည့် အစိုးရအဖွဲ့ကို ရွေးချယ်ပေးရခြင်းဖြစ်သည်။ သို့သော် နိုင်ငံတိုင်း၏ ပါလီမန်တိုင်း၌ ဤတာဝန်ရှိသည်ကား မဟုတ်ပါ။ သမ္မတဦးဆောင်အစိုးရစနစ်ရှိသော နိုင်ငံများတွင် အစိုးရအဖွဲ့ကို ပါလီမန်က ရွေးချယ်ခြင်းမပြုဘဲ ပြည်သူလူထုက တိုက်ရိုက်ရွေးချယ် တင်မြှောက်သောစနစ်ကို ကျင့်သုံးသည်။ ပါလီမန်ကို အခြေခံဖွဲ့စည်းသော အစိုးရစနစ်ရှိ နိုင်ငံများတွင် အစိုးရအဖွဲ့အား ရွေးချယ်တင်မြှောက်ရန်မှာ ပါလီမန်၏ အဓိကတာဝန်များအနက် တခုဖြစ်သည်။ ပါလီမန်သည် ဝန်ကြီးချုပ်ကိုရွေးချယ်ပြီး တဖန်ဝန်ကြီးချုပ်က ၎င်းအစိုးရအဖွဲ့တွင် ပါဝင်မည့် ဝန်ကြီးများကို ပါလီမန်များထဲမှ ရွေးချယ်သည်။ ထိုဝန်ကြီးချုပ်ဦးဆောင်သော အစိုးရအဖွဲ့တဖွဲ့လုံးသည် ပါလီမန်က ရွေးချယ်ထားသဖြင့် ပါလီမန်ကို ပြန်လည်၍ တာဝန်ခံရသည်။

ပါလီမန်သည် အစိုးရအဖွဲ့ကို ရွေးချယ်ရန်တာဝန်ရှိသကဲ့သို့ အစိုးရအဖွဲ့ကို ဖြုတ်ချရန်လည်း လုပ်ပိုင်ခွင့်အာဏာရှိသည်။ အစိုးရအဖွဲ့ကို ပါလီမန်က အယုံအကြည် မရှိကြောင်း အဆို **(Vote of Non-confidence)** ကို တင်သွင်းခြင်းအားဖြင့် အစိုးရကို ဖြုတ်ချနိုင်သည်။

အနိုင်ရပါတီတခုသည် အစိုးရဖွဲ့စည်းခြင်းအလုပ်ကို လွှတ်တော်တွင် အမတ်ဦးရေ (၅) ရာခိုင်နှုန်းကျော် အနိုင်ရရှိမှုကို အခြေခံ၍ ပြုလုပ်ရသည်။ ဤလုပ်ထုံး လုပ်နည်းသည် ပါလီမန်ကို အခြေခံဖွဲ့စည်းသော အစိုးရစနစ်ရှိသည့် နိုင်ငံတခုတွင် အစိုးရဖွဲ့စည်းခြင်းကို အမတ်နေရာ (၅၀) ရာခိုင်နှုန်းကျော် အနိုင်ရရှိမှုကို အခြေခံထားပြီး အစည်းအဝေးထမြောက်ရန် လိုအပ်ချက်ကိုကား (၇၅) ရာခိုင်နှုန်းကျော် သတ်မှတ်ထားပါက ထိုနိုင်ငံတွင် ဒီမိုကရေစီအတွင်း ပဋိပက္ခများဖြစ်နေပေလိမ့်မည်။ လွှတ်တော်မှအတည်ပြုပေးမှသာ အတည်ဖြစ်သော ဥပဒေများကို (၅၀) ရာခိုင်နှုန်းကျော် တက်ရောက် လာသော အမတ်များက အတည်မပြုနိုင်သဖြင့်

အစိုးရသည် အခြား (၂၅) ရာခိုင်နှုန်းသော အမတ်များကို အမြဲတစေစည်းရုံးရန် လိုအပ်နေပေသည်။ ဒီမိုကရေစီဆိုသည်မှာ အများစု (၅၀) ရာခိုင်နှုန်းကျော်က ထောက်ခံထားလျှင် အစိုးရသည် လွတ်လပ်စွာ အုပ်ချုပ်နိုင်သော အခွင့်အရေးကို ရရှိစေရန် ဖန်တီးပေးရမည်။ အနည်းစုဆန္ဒ၏ ဆန့်ကျင်ဘက်ပြုမှုကြောင့် အများစုဆန္ဒက လုံးဝ အလုပ်လုပ်၍မရသော ပြဋ္ဌာန်းချက်မျိုး မပါသင့်ပေ။

အဆိုပါအားနည်းချက်ကို လွှတ်တော်ကိုယ်စားလှယ်တိုင်း အစည်းအဝေးတက်ရောက်ရန် တာဝန်ပျက်ကွက်ခြင်း မရှိစေရဟူသော ပြဋ္ဌာန်းချက်ဖြင့် တင်းကြပ်ရန် အချို့က အဆိုပြုပေလိမ့်မည်။ အစည်းအဝေကို မတက်ရောက်ဘဲ ဆန္ဒပြခွင့်သည် အတိုက်အခံများ၏ အခွင့်အရေးဖြစ်သည်ကိုကား မေ့ထား၍မရပါ။ သို့ဖြစ်၍ အစည်းအဝေးအထမြောက်ရန် (၇၅) ရာခိုင်နှုန်းကျော်သတ်မှတ်ချက်သည် လူနည်းစုအား ဗီတိုအာဏာအပ်နှင်းခြင်းနှင့်တူနေသည်။ အစည်းအဝေးအထမြောက်ရန် (၃၃) ရာခိုင်နှုန်းကျော် သတ်မှတ်မှုသည်လည်း လူနည်းစုဗီတိုသာဖြစ်ကြောင်း ပေါ်လွင်နေပေသည်။

## ပါလီမန်မှ ဥပဒေပြုခြင်း

နိုင်ငံတော်အတွက် လိုအပ်သော ဥပဒေအရပ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းခြင်းသည် ပါလီမန်၏ အဓိကတာဝန်ဖြစ်သည်။ မျက်မှောက်ခေတ်နိုင်ငံအားလုံးတွင် အစိုးရများက အုပ်ချုပ်ရေးအာဏာများကို ကျင့်သုံးရာတွင် ပါလီမန်က ရေးဆွဲပြဋ္ဌာန်းပေးသော ဥပဒေများအရသာ ဆောင်ရွက်ကြရသည်။

ဒီမိုကရေစီကျသော နိုင်ငံရေးအတွေးအခေါ်များ မပေါ်ထွန်းသေးမီက ကမ္ဘာ့နိုင်ငံအများစုရှိ သက်ဦးဆံပိုင်ဘုရင်များသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာများကို တယောက်တည်း သိမ်းပိုက်ထားကြသည်။ ကိုယ်စားပြုအစိုးရ **(Representative Government)**နှင့် အာဏာများ သီးခြားစီထားရှိရေး **(Seperation of Power)** အတွေးအခေါ်များ ထွန်းကားလာပြီးနောက်တွင် အဆိုပါအာဏာမဏ္ဍိုင်ကြီး (၃) ရပ်ကို ခွဲခြားလိုက်ကြသည်။ အစက ဘုရင်ကို အထောက်အကူပြုရန်ဟူသော ရည်ရွယ်ချက်ဖြင့်သာ ဖွဲ့စည်းထားခဲ့သည့် ပါလီမန်သည် ဥပဒေပြုရေး အာဏာကို လွတ်လွတ်လပ်လပ် ကျင့်သုံးနိုင်သော အာဏာပိုင်အဖွဲ့ဖြစ်လာခဲ့သည်။ ပါလီမန်တွင် ကနဦးကာလများက ဘုရင်ကခန့်အပ်သော ကိုယ်စားလှယ်များပါဝင်နေရာမှ တဖြည်းဖြည်းနှင့် ပြည်သူလူထုက ရွေးချယ်သော ကိုယ်စားလှယ်များဖြင့် အစားထိုးလာခဲ့သည်။ မျက်မှောက်ခေတ်တွင် ပါလီမန်အားလုံးလိုလိုသည် လူထုကိုကိုယ်စားပြုရသော အဖွဲ့ဖြစ်ပြီး ဥပဒေပြုရေးအာဏာကို လွတ်လပ်စွာ ကျင့်သုံးနိုင်သော အဖွဲ့လည်းဖြစ်နေပေသည်။ သို့ရာတွင် ပါလီမန်များက ဥပဒေပြုရေးအာဏာကို ကျင့်သုံးရာတွင် အခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့် အညီသာဖြစ်ရပေမည်။

## ဥပဒေကြမ်းစတင်ခြင်း

ဥပဒေကြမ်း (**Bill**) များကို အစိုးရအဖွဲ့မှဖြစ်စေ၊ လွှတ်တော်နှစ်ရပ်၏ လွှတ်တော်အမတ်များကဖြစ်စေ စတင်၍ ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်ရပ်တွင် တင်သွင်းခြင်းသည် ဥပဒေပြုခြင်း၏ ပထမဦးဆုံးသော တရားဝင်လုပ်ငန်းစဉ်အဆင့် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုကဲ့သို့ သမ္မတဦးဆောင်အစိုးရ (**Presidential Government**) ရှိသော နိုင်ငံများတွင်မူ အစိုးရအဖွဲ့မှ ပါလီမန် (အမေရိကန် ပြည်ထောင်စုအခေါ် ကွန်ကရက်) တွင် ဥပဒေကြမ်းကို တိုက်ရိုက်တင်သွင်းခြင်းမျိုးမရှိပေ။ အစိုးရအဖွဲ့နှင့် ဆက်နွယ်နေသော ပါလီမန်ထဲမှ အမတ်များမှတဆင့် ဆောင်ရွက်ကြ သည်၊ ပါလီမန်ဒီမိုကရေစီနိုင်ငံများတွင် ဥပဒေကြမ်းစတင်ခြင်း (**Initiation at Bill**) ကို အစိုးရအဖွဲ့ကဖြစ်စေ၊ လွှတ်တော်အမတ်များကဖြစ်စေ တင်သွင်းကြသည်။ အချို့နိုင်ငံများတွင် အစိုးရအဖွဲ့၊ လွှတ်တော်အမတ်များအပြင် လွှတ်တော်ရေးရာကော်မတီများ၊ နိုင်ငံ၏အမြင့်ဆုံးတရားရုံးများကလည်း ဥပဒေကြမ်းကို လွှတ်တော် တရပ်ရပ်တွင် စတင်တင်သွင်းနိုင်ကြသည်။ တဖန် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအချို့တွင် ပြည်ထောင်စုအဖွဲ့ဝင်များဖြစ်သော ပြည်နယ်၊ သမ္မတနိုင်ငံများကပါ ပြည်ထောင်စုပါလီမန်တွင် ဥပဒေကြမ်းကို စတင်တင်သွင်းနိုင်ခွင့်ရှိကြသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဥပဒေကြမ်းစတင်တင်သွင်းခြင်းကို ပြုလုပ်နိုင်သော အာဏာပိုင်များအဖြစ် အောက်ပါအတိုင်း အမျိုးအမျိုးရှိသည်ကို တွေ့ရသည်။

(က) အစိုးရအဖွဲ့ (သို့မဟုတ်) ဝန်ကြီးတဦးဦး၊
(ခ) ပါလီမန်လွှတ်တော်အမတ်များ၊
(ဂ) လွှတ်တော်ရေးရာကော်မတီများ၊
(ဃ) နိုင်ငံ၏ အမြင့်ဆုံးတရားရုံးများ၊
(င) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ (သို့မဟုတ်) သမ္မတနိုင်ငံများ၊

ဥပဒေကြမ်းစတင်တင်သွင်းခြင်းကို လွှတ်တော်နှစ်ရပ်ရှိသော ပါလီမန်ဖြစ်ပါက မည်သည့်လွှတ်တော်၌ အဆိုစတင်ပြုလုပ်နိုင်သည်ဟု နိုင်ငံအများစု၏ အခြေခံဥပဒေတွင် ဖော်ပြထားကြသည်။ သို့သော် ဘတ်ဂျက်ဥပဒေကြမ်း (**Budget Bill**) များကို အောက်လွှတ်တော်တွင်သာ စတင်တင်သွင်းရန် နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ များစွာတွင် ပြဋ္ဌာန်းကြသည်။ အကြောင်းမှာ ထိုဥပဒေကြမ်းနှင့်ပတ်သက်၍ တာဝန်ခံမှုကို အောက်လွှတ်တော်တွင် ပိုမိုစေလို၍ ဖြစ်သည်။ အချို့ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံများတွင် ပြည်နယ်များနှင့်သာ ပတ်သက်သော ဥပဒေကြမ်းများကို အထက်လွှတ်တော်တွင်သာ စတင်ရန် ကန့်သတ်ထားသည်။

## ဥပဒေကြမ်းအမျိုးအစားနှင့် ဥပဒေကြမ်းရေးဆွဲခြင်း

ဥပဒေကြမ်းများကို အကြမ်းဖျင်းအားဖြင့် နှစ်မျိုးခွဲခြားနိုင်သည်။ ၎င်းတို့မှာ တသီးပုဂ္ဂလဥပဒေကြမ်း (**Private Bill**) နှင့် အများပြည်သူဆိုင်ရာဥပဒေကြမ်း (**Public Bill**) ဟူ၍ဖြစ်သည်။ နိုင်ငံသားတဦးခြင်းစီနှင့်သာ သက်ဆိုင်သော (သို့မဟုတ်) နိုင်ငံ၏ နယ်မြေဒေ

သတခုအတွက်သာ သီးသန့်ဖြစ်သော (သို့မဟုတ်) ကဏ္ဍတခုခုနှင့်သာ သက်ဆိုင်သော ဥပဒေကြမ်းများကို တသီးပုဂ္ဂလဥပဒေကြမ်းများဟု ခေါ်သည်၊ သဘောသဘာဝအားဖြင့် တနိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံမှုရှိမည့် ဥပဒေကြမ်းများကို အများပြည်သူဆိုင်ရာ ဥပဒေကြမ်းများဟုခေါ်သည်။ သို့ရာတွင် အချို့သော လေ့လာသူများက အချို့သော ဥပဒေကြမ်းများကို တသီးပုဂ္ဂလနှင့် အများပြည်သူဆိုင်ရာ နှစ်ခုကြားက ကပြားဥပဒေကြမ်း (Hybrid Bill) များရှိသည်ကိုလည်း ထောက်ပြကြသည်။ အဆိုပါ ဥပဒေများကို အတည်ပြုလိုက်ပါက တသီးပုဂ္ဂလ ဥပဒေ (Private Law) အများပြည်သူဆိုင်ရာဥပဒေ (Public Law) ဟူ၍ ဖြစ်လာကြသည်။

ဥပဒေကြမ်းများကို ပါလီမန်လွှတ်တော်၌ စတင်တင်သွင်းခြင်းမပြုမီ ဥပဒေကြမ်းအဆင့်ဖြစ်လာအောင် စတင်ရေးဆွဲရသည်။ ထိုသို့ရေးဆွဲစဉ်ကတည်းက ပုဒ်ထီး၊ ပုဒ်မ အသေးစိတ်ဖြင့် ဥပဒေတရပ်ကဲ့သို့ရေးဆွဲရသည်။ ထို့ကြောင့် ထိုသို့ရေးဆွဲစဉ်ကတည်းကပင် ဥပဒေပညာရှင်များက ပါဝင်ပြုလုပ်ကြသည်။ အချို့နိုင်ငံ၏ လွှတ်တော်အမတ်များတွင် ကိုယ်ရေးဥပဒေပညာရှင်များထားရှိပြီး ထိုဥပဒေပညာရှင် များက ဥပဒေရေးဆွဲပေးကြသည်။ အထူးသဖြင့် တသီးပုဂ္ဂလဥပဒေကြမ်းကို လွှတ်တော်အမတ်များ၏ ကိုယ်ရေးဥပဒေပညာရှင်များက ရေးဆွဲသည်ကများသည်။ အစိုးရအဖွဲ့ရေးရာကော်မတီ၊ တရားရုံး စသည်တို့မှ တင်သွင်းသော ဥပဒေကြမ်းများသည် အများပြည်သူဆိုင်ရာ ဥပဒေကြမ်းများဖြစ်ကြသည်။ အများပြည်သူဆိုင်ရာ ဥပဒေကြမ်းများကို ဥပဒေပညာရှင်တဦးကသော်လည်းကောင်း၊ တစုကသော်လည်းကောင်း ရေးဆွဲတတ်သည်။

ဥပဒေကြမ်းကို အတည်ပြုခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်

ဥပဒေကြမ်းတရပ် ဥပဒေဖြစ်လာအောင် အတည်ပြုခြင်း (Procedure of Legislation) လုပ်ငန်းစဉ်အဆင့်ဆင့်ကို တင်ပြရာတွင် ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများ၌ ကျင့်သုံးသော လုပ်ထုံးလုပ်နည်းများကိုသာ တင်ပြသွားပါမည်။ တပါတီအာဏာရှင် စနစ်ရှိသော နိုင်ငံများတွင် ဥပဒေကြမ်းကို ပါလီမန်၌တင်သွင်းသော်လည်း ထိုဥပဒေကြမ်းသည် ဥပဒေဖြစ်လာအောင် အာဏာရပါတီက ပုံစံသွင်းလုပ်ဆောင်မှုမျိုး ရှိသဖြင့် ယခုတင်ပြမှုတွင် တပါတီအာဏာရှင်နိုင်ငံများနှင့် ပတ်သက်၍ တင်ပြခြင်း မပြုတော့ပေ။

ဥပဒေကြမ်းတရပ်ကို လွှတ်တော်တွင် စတင်တင်သွင်းခြင်းပြုသည်မှ ဥပဒေတရပ်ဖြစ်လာသည်အထိ အလျင်မြန်ဆုံးလုပ်ငန်းစဉ်အဆင့်များအနေဖြင့် အဆင့် (၃) ဆင့်ကို ကျော်ဖြတ်ရစမြဲဖြစ်သည်။ လွှတ်တော်တရပ်ရှိ ပါလီမန်ဖြစ်ပါက လွှတ်တော်တရပ်တည်းတွင်သာ ထိုအဆင့် (၃) ဆင့်ကို ကျော်ဖြတ်ရပြီး၊ လွှတ်တော်နှစ်ရပ်ပါသော ပါလီမန်ဖြစ်ပါက လွှတ်တော်တရပ်စီတွင် ထိုအဆင့် (၃) ဆင့်စီကို ကျော်ဖြတ်ရ သည်။ ထိုအဆင့် (၃) ဆင့်မှာ ပထမအကြိမ် ဖတ်ရှုခြင်း (First Reading) ဒုတိယ အကြိမ်ဖတ်ရှုခြင်း (Second Reading) နှင့် တတိယအကြိမ်ဖတ်ရှုခြင်း (Third Reading) ဟူ၍ဖြစ်သည်။

ပထမအကြိမ်ဖတ်ရှုခြင်းအဆင့်သည် ဥပဒေကြမ်းကို လွှတ်တော်က ဦးဆုံးထိတွေ့သော အဆင့်ဖြစ်သည်။ ထိုအဆင့်တွင် ဥပဒေပြုလွှတ်တော်အမတ်များသည် ဥပဒေကြမ်းအပေါ် တစုံတရာ ဆွေးနွေးဝေဖန်ခြင်း မပြုသေးပေ။ အကြမ်းဖျင်းမျှ ဖတ်ရှု လေ့လာပြီးနောက် ထိုဥပဒေကြမ်းကို လွှတ်တော်ရေးရာကော်မတီ(များ) ထံသို့ လွှဲပြောင်းပေးလိုက်သည်။ ကော်မတီများသည် သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်မှုရှိသူများဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ရာ ဥပဒေကြမ်းကို အသေအချာ ဝေဖန်စစ်ကြောမှု များ၊ လိုအပ်သော ပုံစံသွင်းပြင်ဆင်မှုများ ပြုလုပ်ကြသည်။ တနည်းအားဖြင့် ဥပဒေရေးရာနှင့် အကြောင်းရာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများက ဥပဒေကြမ်းကို ပို၍ စနစ်တကျဖြစ်အောင် ပုံစံသွင်းခြင်းဖြစ်သည်။ ဤသို့ ကော်မတီတွင် ဝေဖန်သုံးသပ်ခြင်းသည် ဥပဒေကြမ်း ကို ပယ်ချရန် မဟုတ်ဘဲ မွမ်းမံခြင်းသာဖြစ်သည်။ ကော်မတီတွင် သုံးသပ်မှုပြုလုပ်ပြီသောအခါ ထိုဥပဒေကြမ်းကို ပယ်ချရန်မဟုတ်ဘဲ မွမ်းမံခြင်းသာဖြစ်သည်။ ကော်မတီတွင် သုံးသပ်မှုပြုလုပ်ပြီးသောအခါ ထိုဥပဒေကြမ်းကို လွှတ်တော်သို့ ပြန်လည်ပို့ပေးရသည်။ ဤအဆင့်တွင် လွှတ်တော်သည် ဥပဒေကြမ်းကို ဒုတိယအကြိမ် ဖတ်ရှုခြင်းပြုလုပ်သည်။ ဒုတိယအကြိမ်ဖတ်ရှုခြင်းအဆင့်တွင် လွှတ်တော်အတွင်း ဥပဒေကြမ်းအပေါ် ကန့်ကွက်/ထောက်ခံခြင်းအတွက် စတင်မဲပေးကြသည်။ ထိုသို့မဲပေးရာတွင် လွှတ်တော်အမတ်များသည် ကော်မတီကတင်ပြသော အစီရင်ခံစာအပေါ် စဉ်းစား သုံးသပ်မှုများပြုလုပ်ကြသည်။ ဒုတိယအကြိမ်ဖတ်ရှုခြင်းအဆင့်တွင် လွှတ်တော်သည် ဥပဒေကြမ်းကို အတည်ပြုခြင်းသော်လည်းကောင်း၊ ပယ်ချခြင်းသော်လည်းကောင်း တခုခုပြုလုပ်နိုင်သည်။ အကယ်၍ ဥပဒေကြမ်းကို ပယ်ချလိုက်ပါက ထိုဥပဒေကြမ်းသည် ဥပဒေဖြစ်ရန် အခွင့်အလမ်းမရှိတော့သော ဥပဒေသေ **(Dead Bill)** အဖြစ်သို့ ရောက်ရှိသွားသည်။ အကယ်၍ ဒုတိယအကြိမ်ဖတ်ရှုခြင်းအဆင့်တွင် မဲခွဲဆုံးဖြတ်ရာ၌ အတည်ပြုမှုရှိပါက ထိုဥပဒေကြမ်းကို ဥပဒေဖြစ်လာစေရန် ဆက်လက်လုပ်ဆောင်ရသည်။

ဥပဒေကြမ်းတရပ်ကို ဒုတိယအကြိမ် ဖတ်ရှုခြင်းအဆင့်တွင် အတည်ပြုပြီးသည်နှင့် လွှတ်တော်က ထိုဥပဒေကြမ်းကို ဥပဒေကြမ်းအဖြစ်အတည်ပြုပြီးသည်မဟုတ်ချေ။ အကြောင်းကြောင်းကြောင့် ပြင်ဆင်စရာများ ပေါ်လာလျှင်ဟူသော စဉ်းစားချက်ကြောင့် ထိုဥပဒေကြမ်းကို တတိယအကြိမ်ဖတ်ရှုခြင်း အဆင့်တွင် ပြန်လည်စဉ်းစားသုံးသပ် ကြသည်။ ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ကြသည်၊ သုံးသပ်စရာများကို ပြန်လည် သုံးသပ်ကြသည်။ ထို့နောက်တွင် ထပ်မံ၍ မဲခွဲကာ အတည်ပြုသည် (သို့မဟုတ်) ပယ်ချသည်ကို ဆုံးဖြတ်ကြသည်။ ဤတတိယအကြိမ်ဖတ်ရှုခြင်းအဆင့်တွင် ဥပဒေကြမ်းကို အတည်ပြုလိုက်ပါက ထိုဥပဒေကြမ်းသည် ထိုလွှတ်တော်တွင် နောက်ဆုံးအတည်ပြုမှုကို ရရှိပြီးဖြစ်သည်။ ထိုဥပဒေကြမ်းကို အခြားလွှတ်တော်တရပ်သို့ ပေးပို့လိုက်ရသည်။ တတိယ အကြိမ်ဖတ်ရှုခြင်းအဆင့်တွင် ဥပဒေကြမ်းကို ပယ်ချပါက ထိုဥပဒေကြမ်းသည် ဥပဒေသေအဖြစ်သို့ ရောက်ရှိသွားသည်။